w w w . k a n t a r a w a d d y t i m e s . o r g

Monthly
KANTARAWADDY TIMES

Accurate Reliable Trustworthy

အတွဲ – ၆ ၊ အမှတ်စဉ် – ၂၄ | ကန္တာရဝတီတိုင်း(မ်)ဂျာနယ် | မေလ ၁ ရက်နေ့၊ ၂၀၁၈ ခုနှစ်

## ဒေသခံများ စိုးရိမ်သော အန္တရာယ်ရှိ သတ္တုခိုးယူတူးဖော်မှု ပြဿနာ

စာမျက်နှာ– ၈ သို့

# ကယားပြည်နယ် ငြိမ်းချမ်းရေးခရီး နီးပြီလား




ငြိမ်းချမ်းရေးကော်မရှင်နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)တို့၏ ပထမအကြိမ် တရားဝင်ဆွေးနွေးပွဲကို လွိုင်ကော်မြို့၌ ဧပြီ ၂၆ နှင့် ၂၇ ရက်နေ့တွင် ပြုလုပ်ခဲ့စဉ် ဓာတ်ပုံ (ကန္တာရဝတီတိုင်း(မ်))

စာမျက်နှာ– ၂၀ သို့




## လစာ ၊ စရိတ်၊ ချီးမြှင့်ငွေနှင့် ခံစားခွင့်များအကြောင်း

စာမျက်နှာ– ၁၆ သို့

## ဒကစမှ သိမ်းဆည်းမြေဧက ၂၀၀ ကျော် ပြန်စွန့်ရန် မူလမြေပိုင်ဒေသခံများ ဆန္ဒပြ



ဓာတ်ပုံ – ကန္တာရဝတီတိုင်း(မ်)

စာမျက်နှာ– ၁၄ သို့

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတင်ဖြန့်ချိသည်။




ဘုရားဖူး စင်းလုံးငှား Air Con Bus ယာဉ်ကြီးယာဉ်ငယ်များဖြင့် မြန်မာပြည်အနှံ့ ခရီးစဉ်များကို စျေးနှုန်းချိုသာစွာဖြင့် လူကြီးမင်းတို့စိတ်တိုင်းကျ လက်ခံညှိနှိုင်း ဆောင်ရွက်ပေးနေပါသည်။

| ရန်ကုန် | လွိုင်ကော် | မန္တလေး | ဘုရားဖူးစင်းလုံးငှား ဆက်သွယ်ရန် |
|---|---|---|---|
| က (E-9) မြင်းခြံလမ်း<br>အောင်မင်္ဂလာ အဝေးပြေး<br>ကားကြီးဝန်း<br>ဖုန်း - 01 637 038<br>- 09 494 028 33<br>- 09 494 028 22<br>ဂိတ်မှူး - 09 955 034 183<br>- 09 778 267 99 | အဝေးပြေး ကားကြီးဝန်း<br>အခန်းအမှတ် - ၀၂၊ ၀၃၊ ၀၄၊ ၀၅<br>နောင်ယား(က)<br>ဖုန်း - 08 322 224 30<br>- 08 322 224 31<br>- 09 493 434 34<br>ဂိတ်မှူး - 09 254 468 334 | ချမ်းမြရွှေပြည်ကားကြီးဝန်း<br>အဆောင်(၃) အခန်းအမှတ် - ၂<br>ဖုန်း - 02 643 22<br>- 09 402 671 981<br>- 09 440 622 588<br>- 09 797 338 105 | ရွှေရာဇာ - ဦးသန်းအေး - 09 503 4183<br>လွိုင်ကော် ဂိတ်မှူး - 09 254 468 334<br>ရန်ကုန် ဂိတ်မှူး - 09 777 826 799<br>မန္တလေး ဂိတ်မှူး - 09 402 671 981 |

ရွှေရာဇာ ကားအသင်းမှ မိတ်ဟောင်းမိတ်သစ်များကို အထူးကြိုဆိုလျက် Online မှ လက်မှတ်များ ဝယ်ယူရရှိနိုင်ပါသည်။ 2+1 ထိုင်ခုံ အထူးကားများဖြင့် ပြေးဆွဲနေပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။


**မှုခင်းသတင်း**

# ကယားပြည်နယ်၌ ယခုနှစ် သင်္ကြန်ကာလ လည်ပတ်ရင်း ဖြစ်ပွားသည့် မှုခင်း ၁ ခုသာရှိ

**နော်ဒွေးအယ်ဒူ**

ယခုနှစ် သင်္ကြန်ကာလအတွင်း ကယားပြည်နယ်၌ သင်္ကြန်လည်ပတ်ရင်း ဖြစ်ပွားခဲ့သည့် အမှု ၁ ခုသာ ရှိသည်ဟု ကယားပြည်နယ် ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

မဟာသင်္ကြန်အကျနေ့က ရေပတ်ခံထွက်လည်ပတ်ရင်း ခဲအိုတော်စပ်သူက အသက် ၁၇ နှစ်အရွယ် မိန်းကလေး ၁ ဦးကို အဓမ္မပြုကျင့်ခဲ့သည့် အမှု ၁ မှုသာ ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

မ ...... (၁၇)နှစ်သည် ခဲအိုတော်စပ်သူနှင့် ထီးစဲခါးရေတံခွန်သို့ သွားရောက်လည်ပတ်ခဲ့ပြီး လွိုင်ကော်မြို့မရဲစခန်း၏ မြောက်ဘက် (၁)မိုင်ခန့် အကွာ အိမ်သို့ပြန်ရာလမ်းတွင် သားမယား အဖြစ် ပြုကျင့်ခဲ့သည်။

ဖြစ်စဉ်မှာ ဧပြီလ ၁၄ ရက်နေ့ နံနက် ၉ နာရီအချိန်ခန့်တွင် တရားလို မ......သည် ခဲအိုတော်စပ်သူ ချစ်ဖွယ်နှင့် အပေါင်းအသင်း များဖြစ်ကြသော ဖိုးဥ၊ မပုကြည်တို့နှင့်အတူ ထီးစဲခါးရေတံခွန်သို့ သွားရောက်လည်ပတ်ခဲ့သည်။

နေ့လည် ၁၂ နာရီတွင် အိမ်သို့ပြန်မည်ပြုရာ မပုကြည်က ထီးစဲခါးရေတံခွန်၌ ကျန်ရစ်ခဲ့ပြီး ချစ်ဖွယ်မောင်းနှင်သော ဆိုင်ကယ်ကို မ ......သည်လိုက်ပါစီးနင်းကာ လွိုင်ကော်မြို့သို့ ပြန်လာသည်။




ချစ်ဖွယ်သည် ဆိုင်ကယ်အား အရှိန်ပြင်းစွာမောင်းနှင်သဖြင့် ဖိုးဥ၏ ဆိုင်ကယ်သည် နောက်တွင်ကျန်ရစ်ခဲ့သည်။

ထို့နောက် လွိုင်ကော်မြို့အဝင် မြေနီကုန်းလမ်းခွဲ ဘုန်းကြီးကျောင်းအနီးရှိ စျေးဆိုင်တွင် ချစ်ဖွယ်မှ ဘီယာဝင်ဝယ်၍ ကန္တာရဝတီကားလမ်းအတိုင်း ဆက်လက်မောင်းနှင်လာခဲ့သည်။

ကားလမ်းမ၏ ဝဲဘက်လမ်းကြားအတိုင်း မောင်းဝင်သွားပြီး ချုံပုတ်အနီးရှိ ကျောက်ပုံအနားတွင် ဆိုင်ကယ်ရပ်၍ ချစ်ဖွယ်မှ ဘီယာသောက်နေခဲ့သည်။

မ...... သည် ခြေလျင်လျှောက်ပြန် ထွက်လာနေစဉ် ချစ်ဖွယ်က နောက်မှလိုက်ဆွဲ၍ မ......အား ချုံပုတ်အတွင်းသို့ ဆွဲ၍ တွန်းလှဲချသည်။ မ...... မှ အော်ဟစ်အကူအညီ တောင်း သည့်အခါ ချစ်ဖွယ်မှ မိန်းကလေးအား ပါးရိုက်၊ ဆံ ပင်ဆွဲ၊ ပါးစပ်ပိတ်ပြီး အကျႌ၊ ဘောင်းဘီတို့အား ဆွဲချွတ်ကာ သားမယား အဖြစ် ပြုကျင့်ခဲ့သည်။

ထို့နောက် ညနေ(၃း၀၀) အချိန်ခန့်တွင် ဆိုင်ကယ်ဖြင့် ပြန်လည်ခေါ်ဆောင်လာပြီး နောင်ယားကန်ဘေး တွင်ချထားခဲ့ပြီး ဖြစ်စဉ်အား အခြားသူများသို့ ပြန်ပြောမည်ဆိုပါက သတ်ပစ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။

ထိုဖြစ်စဉ်ကို မ......က မိခင်ဖြစ်သူကို အကျိုးအကြောင်း ပြောပြခဲ့ပြီး အလိုမတူဘဲ သားမယား အဖြစ်ပြုကျင့်ခဲ့သူ ချစ်ဖွယ်အား ဥပဒေအရ အရေးယူပေးပါရန် မ...... မှ ဧပြီလ ၁၅ ရက်နေ့တွင် တရားလိုပြု လုပ်တိုင်တန်းသဖြင့် လွိုင်ကော်မြို့မရဲ စခန်းမှ (ပ) ၆၂/၂၀၁၈၊ ရာဇသတ်ကြီး ပုဒ်မ၃၇၆ ဖြင့် အမှုဖွင့်ပြီး အမှုစစ်အဖြစ် ဒုရဲမှူးဝင်းဌေး၊ လွိုင်ကော်မြို့မရဲစခန်းမှူးမှ စစ်ဆေးဆောင်ရွက်လျက်ရှိသည်။



၂၀၁၃ ခုနှစ်၊ ဇန္နဝါရီလတွင် စတင်ဖြန့်ချိသည်။

# ငြိမ်းချမ်းရေး အလားအလာရှိမရှိ အဆုံးအဖြတ်ပေးမည့်ပွဲဟု ဆို

**ထျိုးမြာ**

ကယားပြည်နယ်တွင် ပြုလုပ်သည့် ဆွေးနွေးပွဲသည် မြန်မာနိုင်ငံအလယ်ပိုင်းမှအောက်ပိုင်းတစ်ခုလုံးတွင် ငြိမ်းချမ်းရေး အလင်းရောင် ထွန်းလင်းတောက်ပရန် အလားအလာရှိမရှိ အဆုံးအဖြတ်ပေးမည့်ပွဲဖြစ်ကြောင်း အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ပြောပါသည်။



လွိုင်ကော်မြို့ရှိ ကယား ပြည်နယ်ခန်းမတွင်ပြုလုပ်သည့် PNC နှင့် PC တွေ့ဆုံပွဲ ပထမရက်တွင်တွေ့ရစဉ်ပုံ။

ကယားပြည်နယ် လွိုင်ကော်မြို့၊ ပြည်နယ်ခန်းမတွင် ပြုလုပ်သည့် ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ KNPP ၏ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးရေးကော်မတီ (PNC) တို့၏တွေ့ဆုံဆွေးနွေးပွဲ၌ အဖွင့်နှုတ်ဆက်စကားပြောကြားရာတွင် ပြောသွားခြင်း ဖြစ်သည်။

"ဒီနေ့ဆွေးနွေးပွဲမှာ မြန်မာနိုင်ငံအလယ်ပိုင်းကနေ အောင်ပိုင်းတစ်ခုလုံးငြိမ်းချမ်းရေး အလင်းရောင် ထွန်းလင်းတောက်ပဖို့အတွက်ကို အလားအလာရှိမရှိ အဆုံးအဖြတ် ပေးတော့မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဆွေးနွေးတဲ့အခါမှာ ကယားပြည်နယ် ပြည်သူတွေလူထုတွေ အထူးပဲလိုလားတောင်းတတဲ့ ပဏာမအရေးကြီးတဲ့ သမိုင်းမှတ်တိုင်တခုကို ထူထောင်နိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ဝန်ကြီးက ပြောပါသည်။

KNPP အနေနှင့် ယခုဆွေးနွေးပွဲမှတစ်ဆင့် အပြန်အလှန်ယုံကြည်မှုတည်ဆောက်နိုင်ပြီး KNPP ရှေ့တစ်လမ်း တိုးနိုင်ရန်မျှော်လင့်ကြောင်း PNCမှ အဖွဲ့ဝင် နဲနယ်ပလိုးက ပြောပါသည်။

"KNPP အနေနဲ့ကတော့ တစ်နိုင်ငံလုံး အပစ်ခတ်ရပ်စဲနိုင်ရေးကို ကျနော်တို့ ရှေးရှုပြီးတော့ bilateral issues တွေကို ကျနော်တို့ဆွေးနွေးသွားမယ်။ အကောင်အထည်ဖော်သွားမယ်။ ဒီ bilateral တွေကို ပိုမိုခိုင်မာစေခြင်းအားဖြင့် ကျနော်တို့ယုံကြည်မှုတည်ဆောက်နိုင်မယ်လို့မျှော်လင့်တယ်။ အဲ့လိုယုံကြည်မှုတည်ဆောက်နိုင်ခြင်းအပေါ်မှာ KNPP က ရှေ့တစ်လမ်းတိုးနိုင်မယ်လို့မျှော်လင့်တယ်။" ဟု ၎င်းက ပြောပါသည်။

ငြိမ်းချမ်းရေးကော်မရှင် (PC)နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ KNPP၏ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးရေးကော်မတီ (PNC) တို့၏ တွေ့ဆုံဆွေးနွေးပွဲကို ဧပြီလ (၂၆မှ ၂၇ )ရက်နေ့အထိ နှစ်ရက်တာ ပြုလုပ်ကြခဲ့ခြင်း ဖြစ်သည်။

ယခုဆွေးနွေးပွဲကို ကယားပြည်နယ်ရှိတိုင်းရင်းသားများအားလုံသာမက တစ်နိုင်ငံလုံးနှင့် နိုင်ငံတကာအသိုင်းအဝိုင်းကပါ ကယားပြည်နယ် ငြိမ်းချမ်းရေးအတွက် အားတက်ဖွယ်ရာ ရလဒ်များထွက်ပေါ်လာမလား ယခင်ကလိုပဲ မသဲမကွဲမရေမရာ အခြေအနေများထွက်ပေါ်လာမလား ဆိုတာကို စိတ်ပါဝင်စားစွာစောင့်ကြည့်နေကြသည်ဟု ပြည်ထောင် စုဝန်ကြီးကပြောပါသည်။

KNPP အနေနှင့် ဆွေးနွေးမှုများ အဆင်ပြေမည်ဆိုပါက ဆုံးဖြတ်ချက်တစ်စုံတစ်ရာချနိုင်လိမ့်မယ်ဟု မျှော်လင့်ပြီး ဆွေးနွေးမှုများ အဆင်မပြေသေးပါက ဆက်လက်ဆွေးနွေးရအုံးမည်သာဖြစ်သည်ဟု ပြောသည်။

နှစ်ရက်သာဆွေးနွေးပွဲတွင် ပြည်နယ်အဆင့်ဒေသအဆင့်ပူးတွဲစောင့်ကြည့်ရေးကိစ္စများ၊ လူ့အခွင့်အရေးဆိုင်ရာစောင့်ကြည့်လေ့လာရေးအဖွဲ့များ၊ လူမှုရေးကူညီထောက်ပံ့မှုကိစ္စများ၊ ပြည်နယ်အတွင်း INGO / NGO များ လုပ်ငန်းဆောင်ရွက်မှုကိစ္စများ၊ မူးယစ်ဆေးဝါး၊ သစ်တောပြုန်းတီးမှုနှင့် လူကုန်ကူးမှုကိစ္စများ၊ ပြည်နယ်နှင့်ပြည်ထောင်စုအဆင့်များတွင် ဆက်ဆံရေးတာဝန်ခံများ ပြန်လည်ထားရှိရေးကိစ္စနှင့် တပ်ပိုင်းဆိုင်ရာ ကိစ္စဟူ၍ အားလုံးပေါင်း ရှစ်ချက်ဆွေးနွေးခဲ့သည်။

Advertorial

# ကယားပြည်နယ်ရဲ့ ခရီးသွားတွေအတွက် စိတ်ဝင်စားဖွယ် ဆွဲဆောင်နေတဲ့ တီစမ်း (T-San) ကယန်းရိုးရာ စားသောက်ဆိုင်

ကယားပြည်နယ်ကို အလည်လာကြတဲ့ ခရီးသွားချစ်ပရိသတ်များနဲ့ ကယားပြည်နယ်က ရိုးရာအစားအသောက်တွေကိုမှ ချစ်မြတ်နိုးကြတဲ့ ပရိသတ်အားလုံးတို့ကို သတင်းကောင်းလေးတစ်ခုပါးချင်ပါတယ်။

ကယားပြည်နယ်ဟာ တိုင်းရင်းသားလူမျိုး စုတွေ အများကြီး ချစ်ကြည်ရင်းနှီးစွာနဲ့ စုပေါင်းနေထိုင်တဲ့ ပြည်နယ်ငယ်လေးတစ်ခုပဲ ဖြစ်ပါတယ်။ ဒီပြည်နယ်ငယ်လေးထဲမှာမှ အင်မတန်ချစ်စဖွယ်၊ စိတ်ဝင်စားဖွယ်ကောင်းတဲ့ သမိုင်းတွင်တဲ့ လည်ပတ်စရာနေရာလေးတွေနဲ့ ပြည့်နှက်နေပါတယ်။

ဒါ့အပြင် ခေတ်နဲ့တပြေးညီ ခရီးသွားတွေကို ဆွဲဆောင်နိုင်တဲ့ ဟိုတယ်တွေရှိသလို အစားအသောက် ပိုင်းဆိုင်ရာမှာဆိုရင်လည်း ခရီးသွားတွေကို စိတ်ကျေနပ်မှုအပြည့်၊ အရသာပြည့်စုံတဲ့ ရိုးရာစားသောက်ဆိုင်တွေလည်း အများကြီးမြင်တွေ့နိုင်မှာပဲ ဖြစ်ပါတယ်။ ရိုးရာစားသောက်ဆိုင်တွေ အများကြီး ရှိတဲ့အထဲမှာမှ ဆိုင်အပြင်အဆင်၊ ထူးခြားပြည့်စုံတဲ့ အရသာပိုင်း၊ ပျူငှါတဲ့ဝန်ထမ်းတွေရဲ့ ကြိုဆိုနေရာပေးမှု စတာတွေကို စိတ်ကျေနပ်မှုအပြည့် ရရှိနိုင်တဲ့ တစ်ခုတည်းသော တီစမ်း (T-San) ကယန်းရိုးရာ စားသောက်ဆိုင်ပဲ ဖြစ်ပါတယ်။

ဒီကယန်းရိုးရာစားသောက်ဆိုင်လေးရဲ့ တည်နေရာကတော့ လွိုင်ကော်မြို့နယ်၊ ပန်ကန်းရပ်ကွက်၊ ရွာတန်းရှည်ကျေးရွာ လွိုင်ကော်–ဒီးမော့ဆိုသွားကားလမ်းမကြီးဘေးမှာ ကြီးကျယ်ခမ်းနားစွာ တည်ရှိနေပါတယ်။ ဒီစားသောက်ဆိုင်ကနေ ရိုးရာဟင်းလျာအချက်အပြုတ်ကိုမှ လှပတဲ့ အပြင်အဆင်တွေ နီးဒေါင်းလန်းတွေနဲ့ ခင်းကျင်းပေးထားပါတယ်။ ရိုးရာခေါင်ရည်ကို ကြိုက်နှစ်သက်သူတွေအတွက် ကယန်းရိုးရာခေါင်ရည်ချိုချိုလေးတွေကိုလည်း Barတန်းပုံစံလို လွတ်လွတ်လပ်လပ်သောက်သုံးနိုင်ပါတယ်။

ဒီ စားသောက်ဆိုင်ကနေ အထူးခြားဆုံးမြင်တွေ့ရမှာကတော့ တစ်ဆိုင်လုံးကို ကယန်းရိုးရာအဆင်ဖြစ်တဲ့ ဝါးတွေကိုသာ သုံးပြီး အလှဆင်ထားတာကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။ မိမိတို့ရဲ့ ရိုးရာအစားအသောက်၊ ရိုးရာအစဉ်အလာတွေကို တန်ဖိုးထားထိန်းသိမ်းတဲ့အနေနဲ့ တီစန်း ကယန်းရိုးရာစားသောက်ဆိုင်ကို ဖွင့်လှစ်ထားတာဖြစ်တယ်လို့ သိရပါတယ်။

ပြည်တွင်းခရီးသွားတွေ ကယားပြည်နယ်ကို အလည်လာရင်း ဒီရိုးရာဆိုင်လေးမှာ နှစ်ခြိုက်စွာစားသုံးနေတာကို တွေ့ရပါတယ်။ ဒီ့အပြင် နိုင်ငံခြားသားခရီးသွား ဧည့်သည်တွေလည်း ရိုးရာအစားအသောက်၊ ရိုးရာအသုံးအဆောင်ဆွေကို ကြိုက်နှစ်သက်လို့ လာရောက်သုံးဆောင်နေတာကို တွေ့နေရပါတယ်။

ခေါင်ရည်ကို ကယန်းတို့ရဲ့ သဘာဝဆန်တွေနဲ့ပဲ ချက်ပြုတ်ထားတာဖြစ်ပြီး အစားအသောက်တွေမှာလည်း သန့်ရှင်းလတ်ဆတ်တဲ့ အသီးအရွက်နဲ့ အမြည်းမျိုးစုံရရှိနိုင်ပါတယ်။ ခေါင်ရည်နဲ့ တွဲသောက်လို့ရမယ့် အမြည်းတွေကိုလည်း ပြောပြချင်ပါတယ်။ ငါးဒုက္ခ၊ ကြက်ဒုက္ခ၊ ကယန်းဝက်အူချောင်း နဲ့ အခြားစားဖွယ်ရာအမယ် အများကြီးရနိုင်ပါတယ်။ တစ်ခါတရံမှာ သင်ကံကောင်းရင် တောကောင်သားစစ်စစ်တွေကိုပါ သင်စားရနိုင်ပါတယ်။ တောကောင်သားတွေကိုလည်း ကယန်းရိုးရာချက်နည်းအတိုင်း ချက်ပေးထားပါတယ်။

နောက်ထပ်ထူးခြားချက်လေးတစ်ခုကို ထပ်ပြောပြပါရစေ။ တစ်ပတ်တစ်ကြိမ် နာမည်ကြီး Band တွေနဲ့ ဖျော်ဖြေပေးနေပါတယ်။ တစ်ပတ်တစ်ကြိမ်ဖျော်ဖြေမှုတွေလည်းပါတော့ သင်သာ အနုပညာစိတ်ဝင်စားမယ်ဆိုရင် တီစမ်းဆိုင်ကို ရွေးချယ်ဖို့ လိုနေပါပြီ။ နိုင်ငံကျော်အဆိုတော်တွေ၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင်လာရောက်ပြီး အားပေးတဲ့ ဆိုင်လေးလည်း ဖြစ်ပါတယ်။

waiter နဲ့ Reaction လေးတွေလည်း ကယန်းရိုးရာဝတ်စုံတွေကို လှလှပပဝတ်ဆင်ပြီး ရောက်ရှိလာတဲ့ Customer တွေကို လိုက်လှဲပျူငှါစွာနဲ့ ကြိုဆိုနေတာကို တွေ့ရပါမယ်။ ဒါကြောင့် မို့ ခရီးသွားချစ်ပရိသတ်အပေါင်းတို့ ရိုးရာနဲ့တီထွင်ထားတဲ့ ဒီဇိုင်းဆန်းပြားမှုတွေ၊ ရိုးရာအစဉ်အလာနဲ့ လှပသေသပ်တဲ့ အဆင်အယင်တွေ၊ အရသာပိုင်းမှာလည်း မရိုးနိုင်တဲ့ အစားအသောက်တွေနဲ့ ရိုးစင်းလှတဲ့ ဆိုင်လေးကိုမှ သဘောကျကြိုက်နှစ်သက်တဲ့ သူတွေအနေနဲ့ ကယားပြည်နယ်ရဲ့ တစ်ခုတည်းသော ကယန်းရိုးရာ တီစမ်းစားသောက်ဆိုင်ကို ကြွလှမ်းခဲ့ဖို့ ဖိတ်ခေါ်ပါရစေ။ ကယားပြည်နယ်ကို လာရောက်လည်ပတ်တဲ့ ခရီးသွားဧည့်ပရိသတ်တွေကို စိတ်ကျေနပ်မှု အပြည့်ပေးစွမ်းနိုင်မယ့် ဆိုင်လေးဖြစ်မယ်လို့ လုံးဝ ယုံကြည်ပါတယ်။




ကြော်ငြာ ကိစ္စ ဆက်သွယ်လိုပါက .....

ဖုန်း – ၀၉၂၆၂၁၇၂၉၃၅

www.kantarawaddytimes.org
www.facebook.com/kantarawaddytimes

**Vol:6, Issues: 24**
April 1, 2018

Editor in Chief – **ကယားထဲ**
News Editor – **စိုင်းလင်းလင်းဦး**
Senior Reporter – **မူအက်စတာ၊**
Reporter– **နော်ဒွေးအယ်ချ၊ စိုးရယ်**
Web developer - **ခူးလီးရယ်**
Layout Designer - **ခူးစေးရယ်**
Field Reporter – **မော်ထျိုးမြာ**

**Video Team**
Video producer – **ခူးဖဲဘူး**
Video Reporter – **မော်ဦးမြာ**

**Radio Team**
Radio Producer – **ခူးဖရက်ရယ်**
Presenter – **မော်ဒေးဒေး**

**Office Staff**
Coordinator – **ခူးဖဲဘီး**
Finance Manager – **မော်ရှားမြာ**
Admin @ Accountant -
Marketing – **မူဘူးမူ**
Distributor - **ဦးမိုးရယ်**

**ရုံးလိပ်စာ** –အမှတ် ၁၀၃၊ မောဒူကလားမေးလမ်း ၊ရှူးဖယ်ခူရပ်ကွက်၊ ဒီးမော့ဆိုမြို့၊ ကယားပြည်နယ်။ ဖုန်း– ၀၈၃၄၀၃၄၁။

**ဖြန့်ချိရေးလိပ်စာ** – ကန္တာရဝတီတိုင်း(မ်)၊ အမှတ် ၁၀၃၊ မောဒူကလားမေးလမ်း ရှူးဖယ်ခူရပ်ကွက်၊ ဒီးမော့ဆိုမြို့၊ ကယားပြည်နယ်။

**ဖြန့်ချိသည့်နေရာ** – ကယားပြည်နယ်။

**ပုံနှိပ်တိုက်** – သုဝဏ္ဏသိင်္ဂီ၊ ပုံနှိပ်တိုက်
**မှတ်ပုံတင်အမှတ်** (၀၀၄၃၁)
**လိပ်စာ** – No. 146/ 48th Street(apper)/ Botahtaung Township, Yangon
**ဖုန်း** – ၀၉၃၁၂၇၁၉၇၅၊ ၀၉၇၉၅၈၀၇၅၀၀၊ ၀၉၇၈၀၃၈၆၁၁၈
sunncolor1995@gmail.com

**ထုတ်ဝေသူ** – ဒေါ်စိုးစိုးထက်
**မှတ်ပုံတင်အမှတ်** – ၀၀၇၆၅
**ဖုန်း** – ၀၉၇ ၉၀၂၃ ၈၁၁၉၊ ၀၉၇ ၉၃၈၉ ၃၄၁၉။

**ဆက်သွယ်ရန် လိပ်စာ** –
**ဒေါ်စိုးစိုးထက်** – ဦးမြင့်ဆွေ၊ သ/၂၀၊ အောင်သပြေ ရပ်ကွက်၊ ငွေတောင်ကျေးရွာ၊ ဒီးမော့ဆိုမြို့၊ ကယားပြည်နယ်။
**ဖုန်း** – ၀၉၇ ၉၀၂၃ ၈၁၁၉၊ ၀၉၇ ၉၃၈၉ ၃၄၁၉။
**အီးမေးလ်** –
kayahhtet@kantarawaddytimes.org
kayahhtet@gmail.com
**မူဘူးမူ** – Marketing Manager
**ဖုန်း** – ၀၉၇ ၈၄၄၁ ၇၃၉၄။

**ကန္တာရဝတီတိုင်း(မ်)** ဂျာနယ်ထံသို့ သတင်း၊ ဆောင်းပါး၊ ကာတွန်း၊ ပေးစာနှင့် အကြံပြုစာများ ပေးပို့နိုင်ပါသည်။ ပေးပို့လာသည့် စာမူများကို အလျဉ်းသင့်သလို ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

# လက်ရှိငြိမ်းချမ်းရေးကို ဆက်ထိန်းပြီး ရှေ့တိုးပါ

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးနိုင်ရေးအတွက် ငြိမ်းချမ်းရေးကော်မရှင်နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)တို့၏ ပထမအကြိမ်တရားဝင်ဆွေးနွေးပွဲကို လွိုင်ကော်မြို့၌ ဧပြီ ၂၆ နှင့် ၂၇ ရက်နေ့ ၂ ရက်တာ ပြုလုပ်ခဲ့သည်။

ယင်း ၂ ရက်တာ တရားဝင်တွေ့ဆုံဆွေးနွေးပွဲအပြီး ကရင်နီအမျိုးသားတိုးတက်ရေးပါတီနှင့် ငြိမ်းချမ်းရေးကော်မရှင်တို့အကြား နှစ်ဘက်သဘောတူညီချက်များ ချမှတ်နိုင်ခဲ့သည်။

ယင်းသည် ကယားပြည်နယ်အတွက် ငြိမ်းချမ်းရေးအားပုံဖေါ်ရန် ယခင်ထက်ပိုကောင်းမွန်သော ကနဦး ခြေလှမ်းအစ ဖြစ်သည်။

အချို့သော ဆွေးနွေးချက်များသည် နှစ်ဘက်အတွက် အကြိတ်အနယ်ဖြစ်ခဲ့သည်။ ညှိနှိုင်းချက်များသည် နှစ်ဘက်အတွက် ရှေ့မတိုးသာနောက်မဆုတ်သာအခြေအနေရှိခဲ့သော်လည်း အလျော့အတင်းများဖြင့် သဘောတူနိုင်ခဲ့ခြင်းသည် ဆွေးနွေးပွဲ၏ ရလာဒ်ကောင်းပင် ဖြစ်ပေသည်။

အစိုးရ၏ ကနဦးရည်ရွယ်ချက်သည် NCA လမ်းကြောင်းထဲ KNPP အမြန်ဆုံးပါဝင်လာရန် ဆန္ဒရှိနေသော်လည်း KNPP ကမူ၂၀၁၃ ခုနှစ်က လက်မှတ်ရေးထိုးထားသည့် အပစ်ရပ်စဲရေးသဘောတူညီစာချုပ်အား ပြန်လည်သုံးသပ်ကာ ငြိမ်းချမ်းရေးအတွက် အာမခံချက်ရှိရေးကိုသာ အဓိကဦးတည်သည်ကို တွေ့ရသည်။

မည်သို့ပင်ဆိုစေ နှစ်ဘက်လုံး၏ ရည်ရွယ်ချက်များသည် ငြိမ်းချမ်းရေးအတွက် အာမခံချက်ရှိရေးသာ ဖြစ်သည်။ ယင်းကိုပင် လူထုများကလည်း မျှော်လင့်နေကြသည်။

ဆွေးနွေးပွဲစကားဝိုင်းမှ အစပြုသော ငြိမ်းချမ်းရေးသည် အပြုသဘောဆန်သော တိုးတက်ပြောင်းလဲမှုအဖြစ် အသိအမှတ်ပြုသည်။

ဆွေးနွေးပွဲအပြီး ပူးတွဲထုတ်ပြန်လိုက်သည့် အောက်ပါအချက်များကို နှစ်ဦးနှစ်ဘက် လေးစားလိုက်နာရန် လိုအပ်မည်ဖြစ်ပေသည်။

က) NCA မထိုးခင် ရေတိုကြားလအတွင်း ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)ကိစ္စ၊ နှစ်ဖက်တပ် သွားလာမှု၊ ဆက်သွယ်မှု ပြည်နယ် အဆင့်ညှိနှိုင်းရေးကိစ္စနှင့် သဘောတူညီထားသည့်အတိုင်း ပုံမှန်တွေ့ဆုံဆွေးနွေး ညှိနှိုင်းဆောင်ရွက်ရန်။

ခ) ပြည်နယ်နှင့် ပြည်ထောင်စုအဆင့်တွင် ဆက်ဆံရေးတာဝန်ခံများ ပြန်လည်ထားရှိကာ သဘောတူထားသော ဆက်ဆံရေးလမ်းကြောင်းမှ တဆင့် ဆောင်ရွက်ရန်။

ဂ) တပ်ပိုင်းဆိုင်ရာကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးရာတွင် တိုးတက်မှုများရှိခဲ့ပြီး နှစ်ဘက်ညှိနှိုင်း သဘောတူညီထားသည့်အတိုင်း ဆောင်ရွက်ရန်။

နှစ်ဘက်ကြားအဖုအထစ်အချို့ ရှိနေသော်လည်း ၂၀၁၃ ခုနှစ်မှစ၍ ကယားပြည်နယ်အတွင်း သေနတ်သံ၊ တိုက်ပွဲသံများ မရှိခဲ့ခြင်းသည် အခြားသောတိုင်းရင်းသားလက်နက်ကိုင်များ တည်ရှိရာ ပြည်နယ်များအတွက် စံနမူကောင်းဖြစ်ခဲ့သည်။

ယင်းစံနမူကောင်းများကို ဆက်ထိန်းထားပြီး ယခုတွေ့ဆုံဆွေးနွေးပွဲမှသည် ခိုင်မာသော ငြိမ်းချမ်းရေးဆီသို့ လျှောက်လှမ်းကြပါဟု တိုက်တွန်းလိုက်သည်။

**အယ်ဒီတာ**
**ကန္တာရဝတီတိုင်း(မ်)**

# မသန်စွမ်းသူ ၅၀၉ ဦးအတွက် တစ်ဦးလျှင် ၁ သိန်းကျပ်နှင့် အထောက်အကူပြုပစ္စည်းများ အစိုးရ ထောက်ပံ့

**လင်းသန့်**




*ဓါတ်ပုံ–ကိုစိုင်း*

ကယားပြည်နယ်အတွင်း ဒေသအသီးသီးရှိ မသန်စွမ်း ၅၀၉ ဦး၏ ဘဝရပ်တည်ရေးအတွက် ငွေသားနှင့် အထောက်အကူပြုပစ္စည်းများကို အစိုးရက ထောက်ပံ့ပေးအပ်သည်။

အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်း၊ မသန်စွမ်းမှုနှင့် သဟဇာတဖြစ်မည့် အတားအဆီးကင်းသော(Barrier Free)ပတ်ဝန်းကျင် အခြေအနေများ ဖန်တီးပေးခြင်းဖြင့် မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်ပိုမိုမြင့်မားလာပြီး လူနေမှုဘဝများ တိုးတက်မြင့်မားလာကာ ပိုမိုသာယာပျော်ရွှင်စွာရပ်တည်နေထိုင်သွားနိုင်ရန် ရည်ရွယ်ကြောင်း သိရသည်။

ယင်းထောက်ပံ့လှူဒါန်းပွဲကို ဧပြီ ၂၅ ရက်နေ့က ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ နောင်ယား (ခ) ရပ်ကွက်ရှိ မြို့နယ်ခန်းမ၌ ကျင်းပသည်။

"မသန်စွမ်းသူများဟာ သိမ်ငယ်မှု၊ အားငယ်မှု မရှိရန် လိုအပ်တယ်။ ပြည်နယ်အတွင်း မှီတင်းနေထိုင်သော မည်သည့် လူတန်းစားမဆို ပစ်ပယ်ထားမှာ မဟုတ်ဘဲ မိမိအနေနဲ့ ပြည်နယ်အတွက် မိဘနေရာမှာ ရောက်ရှိနေတာဖြစ်တဲ့အတွက် ကဏ္ဍအားလုံးကို အလေးထား ဖော်ဆောင်သွားမှာ ဖြစ်တယ်။ "ဟု ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အခမ်းအနားတွင် ထည့်သွင်းပြောကြားသည်။

မသန်စွမ်းသူများအတွက် အထောက်အကူပစ္စည်းများဖြစ်သော ဝှီးချဲ၊ ချိုင်းထောက်နှင့် လက်ထောက် စုစုပေါင်း ကျပ် ၆၄ သိန်းဖိုးကို ကယားပြည်နယ်အစိုးအဖွဲ့က ပေးအပ်လှူဒါန်းသည်။

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ မသန်စွမ်းသူ ၅၀၉ ဦးအတွက် တစ်ဦးလျှင်(၁)သိန်းနှုန်းနှင့် ကျပ် (၅၀၉) သိန်း ထောက်ပံ့ပေးအပ်ခဲ့သည်။

ကယားပြည်နယ်တွင် မသန်စွမ်းသူများရုံးတည်ဆောက်ရေးအတွက် မြေနေရာအားလျာထားပေးပြီးဖြစ်၍ ရုံးဖွင့်လှစ်နိုင်ရေးအတွက်လည်း ခွင့်ပြုပေးနိုင်ရန် လျာထားပေးကြောင်း ဝန်ကြီးချုပ်က ပြောသည်။



ကရင်နီ (ကယား) ဘာသာဖြင့် ထုတ်လွှင့်တဲ့ သတင်းများကိုလွတ်လပ်တဲ့ အာရှအသံ **RFA** ရေဒီယို အသံလွှင့်ဌာန၏ အပတ်စဉ် ကရင်နီ ဘာသာ အစီအစဉ်တွင်လည်း ဖမ်းယူ နားဆင်နိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

**ဖမ်းယူနားဆင်ရန် – အင်္ဂါနေ့ မနက် ၇း၄၅ မိနစ်**

**လှိုင်းတိုမီတာ ၁၉ --- ကီလိုဟတ်စ် ၁၅၇၀၀၊**
**လှိုင်းတိုမီတာ ၂၅ --- ကီလိုဟတ်စ် ၁၂၁၁၅၊**
**လှိုင်းတိုမီတာ ၃၂ --- ကီလိုဟတ်စ် ၉၉၄၀**

# ကယားပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လွိုင်ကော်မြို့ နမ့်တဘက်ချောင်းရေပေးဝေရေးစီမံကိန်း ဒီဇိုင်းရေးဆွဲရေးလုပ်ငန်းစာချုပ် ချုပ်ဆိုခြင်း အခမ်းအနား ကျင်းပပြုလုပ်



ကယားပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၈–၂၀၁၉ ခု ဘဏ္ဍာရေးနှစ် ပထမ(၆)လ ရန်ပုံငွေဖြင့် ကယားပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လွိုင်ကော်မြို့၊ နမ့်တဘက်ချောင်းရေပေးဝေရေးစီမံကိန်းဒီဇိုင်းရေးဆွဲရေးလုပ်ငန်းအား တင်ဒါခေါ်ယူဆောင်ရွက်ခဲ့ရာ Royal Country Development ကုမ္ပဏီမှ တင်ဒါအောင်မြင်ခဲ့ပြီး၊ လုပ်ငန်းအပ်နှံစာချုပ် ချုပ်ဆိုခြင်းအခမ်းအနားကို (၁၁.၄.၂၀၁၈) ရက်နေ့တွင် ကယားပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ တင်ဒါကော်မတီဝင်များ ရှေ့မှောက်တွင် ပြုလုပ်ခဲ့ပြီး ဒီဇိုင်းရေးဆွဲအတည်ပြုချက်ရရှိပြီးပါက လွိုင်လင်လေးမြို့နှင့် လွိုင်ကော်မြို့တို့၏ ရေပေးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည့်အပြင် လွိုင်လင်လေးမြို့ ပတ်ဝန်းကျင်ရှိ ပိန်းချစ်ကျေးရွာ၊ ဒေါတနောကျေးရွာများသို့လည်း ရေပေးဝေရေးလုပ်ငန်းများ တပါတည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

ကယားညီနောင်မြေ
Kayah Brothers Land
သင့်အတွက် လုံခြုံစိတ်ချရသော
ဒေသထွက် စားသောက်ကုန်

သတင်းများ၊ ဆောင်းပါးများ၊ ကဗျာများ၊
ကာတွန်းများ၊ ဇေဒင်များ ပေးပို့လိုပါက –

ဆက်သွယ်ရန်၊
ဖုန်း – ဝ၈၃၄ဝ၃၄၁

# လွိုင်ကော်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လွိုင်ကော်ခရိုင်ဦးစီးမှူးမှ Care Myanmar လုပ်ငန်းများသို့ ကွင်းဆင်းစစ်ဆေးခြင်း





စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လွိုင်ကော်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လွိုင်ကော်ခရိုင်ဦးစီးမှူး၊ ဦးဟန်မြင့်ထွန်း(ဒုတိယညွှန်ကြားရေးမှူး)သည် (၂၀.၄.၂၀၁၈)ရက်နေ့တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် MOU လက်မှတ်ရေးထိုးထားသည့် Care Myanmar မိတ်ဖက်နိုင်ငံတကာအဖွဲ့ အစည်းမှ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်လျက်ရှိသည့် လွိုင်ကော်မြို့နယ်၊ နာနတ်တောရပ် ကွက်ရှိ Truth Light ဆန်၊ အထည်ရောင်းဝယ်ရေးလုပ်ငန်းသို့ ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

၎င်းလုပ်ငန်းသည် အသင်းသား(၂၄)ဦးဖြင့် လည်ပတ်ဆောင်ရွက်လျက်ရှိပြီး Care Myanmar မှ မတည်ထောက်ပံ့ငွေကျပ်(၂၁၀၂၀၀၀/–)ထောက်ပံ့ပေးထားလျက်ရှိပါကြောင်း၊ ရိုးရာအထည်အားတစ်ထည်လျှင်(၅၀၀၀)ကျပ်မှ(၁၀၀၀၀)ကျပ်ဖြင့်လည်းကောင်း၊ ဆန်များကိုလည်းဆန်အမျိုးအစားပေါ်မူတည်၍ ဈေးအမျိုးမျိုးဖြင့် ရောင်းချနေကြောင်း တွေ့ရှိရပြီး မိတ်ဖက်အဖွဲ့ အစည်းများအနေဖြင့် ကျေး ရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ဖွံ့ဖြိုးစေရေးအား အထောက်အကူပြုလျက်ရှိကြောင်း တွေ့ရှိရပါသည်။

ကန္တာရဝတီတိုင်း(မ်) တစ်လတစ်ကြိမ် ထုတ်ဝေဖြန့်ချိသည့် ဂျာနယ်ကို စောင့်မျှော်အားပေး ဖတ်ရှုကြသော ပရိသတ်များမှ ကျနော်တို့ ကန္တာရဝတီတိုင်း(မ်)ထံ အကြံပြုချက် ပေးပို့လိုပါက –

ဖုန်း – ၀၉၇၈၉၇၉၂၆၈၉
အီးမေး(လ်) – **kantarawaddytimes@gmail.com** သို့ ပေးပို့နိုင်ပါသည်။

သတင်းအချက်အလက်များ ရရှိမှုနည်းပါးသည့် ရှားတောမြို့နယ် အတွင်းရှိ ရွှေ့ပြောင်းနေထိုင်သူ (IDP) များအတွက် KNPP ရှားတော ဆက်ဆံရေးရုံးမှ တစ်လတစ်ကြိမ်ထုတ် Kantarawaddy Times ဂျာနယ်ကို တစ်လလျှင် စောင်ရေ (၆၀) တစ်နှစ်စာ လှူဒါန်းသည်။

ဖားဆောင်းမြို့နယ်၊ မော်ချီးတောင်ပေါ်ရပ်ကွက်တွင် နေထိုင်သော စောဒိုင်းမွှန်းမှ မော်ချီးတွင် နေထိုင်သော လူထုများ သတင်းအချက်အလက် ပုံမှန်ရရှိရန်အတွက် တစ်လတစ်ကြိမ်ထုတ် Kantarawaddy Times ဂျာနယ် တစ်လ ၂၀ စောင် ပုံမှန်လှူဒါန်းသည်။

# တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု မြှင့်တင်ရေး သင်ကြား ဆရာ/မ ၅၀ အသုံးပြုသင်ကြားမည်

**စိုးရယ်**



ကယားစာပေနှင့် ယဉ်ကျေးမှုများကို မြင့်တင်ရန် နယ်ပယ်အသီးသီးမှ သင်တန်းဆရာ၊မ ၅၀ ဦးကို ဧပြီလ ၈ ရက်နေ့မှ ၁၂ ရက်နေ့အထိ သင်တန်းပို့ချပေးသွားမည်ဟု ကယားစာပေနှင့် ယဉ်ကျေးမှုကော်မတီအတွင်းရေးမှူး ခူးဖဲညို့ရယ်က ပြောသည်။

သင်ညွှန်းရိုးတမ်းရေးဆွဲကာ နယ်ပယ်အသီးသီး၏ သင်ရိုးညွှန်းတမ်းများ ပါဝင်သော အချက် ၅ ချက်နှင့်အညီ ကယားစာပေကို သင်ကြားပေးမည့် ဆရာ၊ ဆရာမများကို သင်တန်းပို့ချသည်ဟု ၎င်းက ပြောသည်။

ဘာသာစုံ ကယားစာပေကို ကျွမ်းကျင်စွာ သင်ကြားပေးနိုင်ရန် ရည်ရွယ်လျှက် မူလတန်းဆရာမများအား သင်တန်းများ ပို့ချနေပြီ ဖြစ်သည်။

အဓိက သင်ချပို့ချပေးမည့် စာပေနှင့် ပတ်သက်သည့် အချက် ၅ ချက်မှာ မိခင်ဘာသာ စကား၊ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းအကြောင်း၊ ကယားနယ်ပယ်တွင် နာမည်ကြီးကျော်ကြားခဲ့သည့် စော်ဘွားအကြောင်း၊ ဝန်ထမ်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့် ကျင့်ဝတ်များဖြစ်ပြီး (အိုင်စီတီ) ကွန်ပျူတာပိုင်းဆိုင်ရာ အင်တာနက်နည်းပညာတွေ သင်ကြားပေးမည်ဟု သိရသည်။

"ဒီကယားစာပေနဲ့ ယဉ်ကျေးမှုဟာ တိုးတက်ဖို့အတွက် ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးတစ်ခုတည်းနဲ့ လုပ်လို့ မရပါဘူး။"ဟု ခူးဖဲညို့ရယ်က ပြောသည်။

အခြေခံပညာဦးစီးဌာနနှင့် သင်ရိုးညွှန်းတမ်းအတွက် နည်းပညာပိုင်းများကို ပညာရှင်များနှင့် ပူးပေါင်းပြီး လုပ်ဆောင်နေကြောင်း သိရသည်။

ပြည်နယ်အစိုးရက လာမည့် ၂၀၁၉ ၊၂၀၂၀ မှာ တိုင်းရင်းသား စာပေယဉ်ကျေးမှုအတွက် ဘတ်ဂျတ်များ ထည့်သွင်းရေးဆွဲရန် လျာထားပြီး စာပေနှင့် ယဉ်ကျေးမှုကဏ္ဍ မြှင့်တင်ရန် ပြည်နယ်အစိုးရက ကူညီပံ့ပိုးပေးလိမ့်မည်ဟု ၎င်း ဆက်ပြောသည်။

စာပေနှင့် ယဉ်ကျေးမှုတစ်ခုကို ထိန်းသိမ်းနိုင်ရေး ပြည်သူ၊ အစိုးရနှင့် လွှတ်တော် ပူးပေါင်းကာ ပံ့ပိုးမှုများကို ဟန်ချက်ညီညီ လုပ်ဆောင်ရန်လိုအပ်ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်စည်သူက ပြောသည်။ " ဒီစာပေဟာ လူ့အရင်းအမြစ်တစ်ခုလိုပါဘဲ တကယ်လို့ ကျွန်မတို့ မထိန်းသိမ်းရင် ဘယ်သူကသိပြီး ဘယ်သူကလာပြီး ယုံကြည်ပေးမှာလဲဆိုတာ နားလည်ထားရမှာ ဖြစ်ပါတယ်။"ဟု ဒေါက်တာခင်စည်သူက ပြောသည်။

# တိုင်းရင်းသားရေးရာဝန်ကြီးဌာနတွက် ဘတ်ဂျက် ၁ ရာခိုင်နှုန်းအောက်သာရရှိ

**မူအာက်စတာ**

ငြိမ်းချမ်းရေး နှင့် တိုင်းရင်းသားအရေးကို ဦးစားပေးဆောင်ရွက်မည် ဆိုသည့် အစိုးသစ်လက်ထက်တွင် ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးတွင်ပါ တိုင်းရင်းသားရေးရာဝန်ကြီးဌာနသည် ဘတ်ဂျက် အနည်းဆုံးရရှိသည့် စာရင်းတွင် ပါဝင်နေသည်။

တိုင်းရင်းသားရေးရာဝန်ကြီးဌာန၏ လုပ်ငန်းလုပ်ပိုင်ခွင့်များမှာ တိုင်းရင်းသားများ၏ စာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့များ၊ စာပေသင်ရိုး ညွှန်တမ်းများရေးဆွဲပိုင်ခွင့်ရရှိရေးတို့အတွက် ဆောင်ရွက်ပေးရန်ဖြစ်သည်။

တိုင်းဒေသကြီး/ပြည်နယ်အပါအဝင် ဘတ်ဂျက်ရရှိမှု နည်းနေခြင်းအပေါ် ကယားပြည်နယ်၊ ဖရူဆိုမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသဲရယ်က ၎င်း၏အမြင်ကို ပြောကြားသည်။

“ တိုင်းရင်းသား စာပေယဉ်ကျေးမှုတွေ ဘတ်ဂျက်ပိုမိုမြှင့်တင်နိုင်ဖို့အတွက် ဘတ်ဂျက်တွေ တိုးမြင့်လျာထားခြင်း ရှိမရှိဆိုတဲ့အချက်နဲ့ ကျွန်တော့် မေးခွန်းသုံးခုကို လွှတ်တော်ဥက္ကဌက ပယ်ချခဲ့တယ်၊ ဘာကြောင့်ပယ်ချခဲ့တာလဲ ကျွန်တော် မတွေးတတ်ဘူး။ ဒီလိုပယ်ချလိုက်တဲ့အပေါ်မှာ ကျွန်တော် သိပ်စိတ်မသက်မသာ ဖြစ်သွားတယ်ပေါ့နော ကျွန်တော်တို့ တိုင်းရင်းသားတွေကို အရေးမစိုက်တာလားဆိုတဲ့ မေးစရာ မေးခွန်းဖြစ်လာတယ်ပေါ့နော ” ဟု ၎င်းက ပြောခဲ့သည်။

ယခုနှစ် ၂၀၁၇–၂၀၁၈ ပြည်ထောင်စုဘတ်ဂျက်တွင် တိုင်းရင်းသားရေးရာဝန်ကြီးဌာနအတွက် ဘတ်ဂျက် ရရှိမှုမှာ ၀ ဒသမ၂ ရာခိုင်နှုန်းသာရှိပြီး ကယားပြည်၏ ဘတ်ဂျက်တွင်လည်း ၅၃.၈၄၅ သန်း ရရှိပြီး အနည်းဆုံးတွင် ပါဝင်သည်။

ကယားပြည်နယ်၏ ဘတ်ဂျက်များတွင်လည်း အများဆုံးရရှိသည့် ဌာနများမှာလမ်းဦးစီးဌာနဖြစ်ပြီး သုံးစွဲမှုဘတ်ဂျက်မှာ ကျပ်သန်းပေါင်း ၁၉၀၀၀.၀၀၀ ဖြစ်ပြီး စည်ပင်သာယာရေးအဖွဲ့မှာ ကျပ်သန်းပေါင်း (၆၀၃၇.၂၅၇) ဒုတိယအများဆုံး အသုံးပြုခဲ့သည့် ဌာနဖြစ်သည်။

တိုင်းရင်းသားရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးရေး လုပ်ဆောင်ရန်အတွက် လုပ်ပိုင်ခွင့်မရှိသည့်အတွက် သုံးစွဲရသည့် ဘတ်ဂျက်မှာလည်း အနည်းဆုံးသာ ရရှိသည်ဟု သိရသည်။

“တိုင်းရင်းသာလူမျိုးများ ကာကွယ်စောင့်လျှောက်ရေးဥပဒေ ထွက်တယ် အဲ့ဥပဒေထွက်တဲ့အချိန်မှာ တိုင်းရင်းသားတွေရဲ့ အခွင့်အရေးကိုဘဲ ကာကွယ်စောင့်ရှောက်ရမယ်လို့ ပြောတယ်။

နောက် စာပေယဉ်ကျေးမှုမြှင့်တင်ဖို့ဆိုတာ အထိဘဲရှိတယ်။ အဲ့ဒါ တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုတာကို ထည့်မထားတော့ ဘဏ္ဍာရာဖွေရေးက ကျွန်တော်တို့ကို လုံးဝဒီတိုင်းရင်းသားရေးရာဝန်ကြီးက ဒီဘဏ္ဍာငွေကိုလုံးဝမသုံးရဘူးဆိုတာ တက်လာတာပေါ့” ဟု ရှမ်းပြည်နယ်မှ ကယန်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးခွန်းအေးမောင်က ပြောသည်။

တိုင်းရင်းသားရေးရာဝန်ကြီးများ တွေ့ဆုံချိန်တွင် တိုင်းရင်းသားများ၏ အခန်းကဏ္ဍကို မြှင့်တင်ပြီး ဥပဒေကို ပြန်လည်ပြုပြင်ရန် ကြိုးစားသွားကြမည်ဖြစ်ကြောင်း သိရသည်။



***နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ၂၀၁၅ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးခဲ့စဉ် တိုင်းရင်းသားအရေးအလေးထား လုပ်ဆောင်မည်ဟု ပြောကြားထားသည်။*** *ဓါတ်ပုံ–လင်းသန့်ကန္တာရဝတီတိုင်း(မ်)*

၎င်းတို့အနေဖြင့် လွှတ်တော်အတွင်းတွင် မေးခွန်းမေးမြန်း၊ တင်ပြမှုများ မရှိသော်လည်း မြေပြင်တွင် တိုင်းရင်းသားများနှင့်သက်ဆိုင်သည့် လုပ်ငန်းတော်တော်များများ ဆောင်ရွက်နေပြီဖြစ်ကြောင်း ကယားပြည်နယ်မှ ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးလှမျိုးဆွေက ပြောသည်။

“လုပ်ငန်းပိုင်းတော်တော်များများတော့ ကျွန်တော်တို့ လုပ်ထားတာရှိပါတယ်။ စာပေ(ဖ)ဖွဲ့ရဲ့ စာပေကိစ္စတွေ၊ သင်ရိုးညွှန်တမ်းကိစ္စတွေ၊ နောက်ထပ်ကျွန်တော်တို့ဒီဘတ်ဂျက်ကိစ္စတွေ ကျန်တဲ့ဌာနဘက်က ပညာရှင်အဖွဲ့တွေနဲ့ပူးပေါင်းပြီးတော့ လုပ်ငန်းတွေကို အားထည့်ပြီးတော့ လုပ်နေပါတယ်” ဟု ၎င်းက ပြောသည်။

၎င်းက ဗမာတိုင်းရင်းသား ကိုယ်စားလှယ်တစ်ဦးအနေနှင့် Mother Law ဟူသည့် အခြေခံဥပဒေရှိ ပြီးသားဖြစ်သည့်အတွက် လုပ်ငန်းများလုပ်ဆောင်ရမည့်အပိုင်းတွင် အား ထည့်လုပ်ဆောင်စရာမလိုပဲ တိုင်းရင်းသားများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး ဥပဒေကိုသာ အခြေခံပြီး လုပ်ငန်းအပိုင်းကို ဦးစားပေးလုပ်ဆောင်လျှက် ရှိနေကြောင်း ၎င်းက ဆက်ပြောသည်။

၎င်းတို့၏ လုပ်ဆောင်ချက်ကြောင့် ယခင်အစိုးရလက်ထက်က သင်ကြားခွင့်မရှိခဲ့သည့် တိုင်းရင်းသားစာပေများကို ၎င်းတို့လက်ထက်တွင် သင်ကြားခွင့်များ၊ သင်ရိုးညွှန်တမ်းများ ရေးဆွဲခွင့်များ၊ ကိုယ်ပိုင်စာပေ၊ ယဉ်ကျေးမှုများ ဖော်ထုတ်ခွင့် စသည့် အခွင့်အရေးများ ရရှိနေပြီ ဖြစ်သည်။

သို့သော် ၎င်းတိုင်းရင်းသားများ၏ စာပေပွဲတော်များ၊ ရိုးရာပွဲတော်များ ကျင်းပရန်အတွက် ဘတ်ဂျက်များ ကျခံသုံးစွဲနိုင်ရန် တိုင်းရင်းသား ကိုယ်စားလှယ်များက အလိုရှိသည်။ ထို့ကြောင့် လွှတ်တော်တွင် တိုင်းရင်းသားများအရေးကို ဦးစားပေးထည့် သွင်းစဉ်းစားစေချင်သည်ဟု ဦးသဲရယ်က ပြောပါသည်။

တိုင်းရင်းသားရေးရာ ဝန်ကြီးဌာနတွင် အခြားဌာနများကဲ့သို့ သတ်မှတ်ထားသည့် ဝန်ထမ်းများ မရှိသည့်အတွက် ဘဏ္ဍာရေးဝန်ထမ်းများက ၎င်းတို့ကို ဘဏ္ဍာငွေသုံးစွဲခွင့်မပြုထားကြောင်း ဝန်ကြီးဦးခွန်းအေးမောင်က ပြောပါသည်။

ကြော်ငြာ ကိစ္စ ဆက်သွယ်လိုပါက
ဖုန်း – ၀၉၂၆၂၁၇၂၈၃၅



# တတိယအကြိမ် စုပေါင်း ကျင်းပနိုင်ခဲ့သော ၅၀ နှစ်မြောက် ကယောအမျိုးသားနေ့

**မူအာက်စတာ**

ဧပြီလ ၁၅ ရက်နေ့သည် ကယောအမျိုးသားနေ့ဖြစ်သည်။

၁၉၆၈ ခုနှစ်က စစ်အစိုးရမှ “ပရဲ”နာမည်ကို “ကယော”ဟု ပြောင်းလဲခေါ်ဆိုလိုက်သည့် နေ့မှစ၍ အမျိုးသားနေ့အဖြစ် စတင်ရေတွက် မှတ်ယူသည်။

ယခုနှစ် ၂၀၁၈ ဧပြီလ ၁၅ ရက်နေ့သည် ကယောအမျိုးသားနေ့၏ နှစ် ၅၀ ပြည့်နေ့ ဖြစ်သည်။

ယခုနှစ်အတွက် ကယောအမျိုးသားနေ့ကို ဧပြီလ ၁၅ ရက်နေ့က ဖရူဆိုမြို့နယ် ဟိုယာဒေသ၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် အမျိုးသားနေ့အထိမ်းအမှတ်ကျောက်တိုင်ကို ဦးစွာ မင်္ဂလာပေးသည်။

ယင်းနောက် ကယောအမျိုးသား အလံတော်ကို သယ်ဆောင်လာပြီး အလံတော်ကို လွှင့်ထူသည်။

အမျိုးသားနေ့ နှစ် ၅၀ ပြည့်နှစ်အတွက် ကယောဖားစည်ကို အချက် ၅၀ တီးခတ်ပြီး ဖွင့်လှစ်သည်။ ထို့နောက် အဖွဲ့အစည်းအသီးသီးက ပေးပို့လာသည့် သဝဏ်လွှာနှင့် စာတမ်းကို ဖတ်ကြားသည်။

ကရင်နီပြည်အတွင်းရှိ ကယန်း၊ ကယား၊ ကယော အစရှိသည့် တိုင်းရင်းသားလူမျိုးကြီး သုံးခုသည် ဖိုခနောက်နှင့် တူသည်။

ဖိုခနောက်သည် ခြေထောက်သုံးချောင်းရှိမှ ရပ်နိုင်သကဲ့သို့ တိုင်းရင်းသားများကလည်း တစ်ခုနှင့်တစ်ခု အပြန်အလှန် မှီခိုနေကြောင်း ကယောအမျိုးသားဗဟိုကော်မတီမှ ဦးမာခိုးအီချစ်ထွန်းက ပြောသည်။

“ကယန်း၊ ကယား၊ ကယောလို့ပြောလိုက်တာဟာ ကျန်တဲ့ တိုင်းရင်းသားတွေ မပါဘူးလို့ ပြောတာ မဟုတ်ပါဘူး၊ ဒါပေမယ့် မျိုးနွယ်စုကြီး သုံးခုကိုပဲ ကိုယ်စားပြု ဥပမာပေး နှိုင်းထားတာပါ။”ဟု ၎င်းက ပြောသည်။

ကယောလူမျိုးတွေအားလုံး ချစ်ချစ်ခင်ခင်နဲ့ စည်းစည်းလုံးလုံးနဲ့ နေထိုင်သွားကြဖို့လည်း ကရင်နီပြည် လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး(ကလလတ)၏ ဥက္ကဋ္ဌ ဦးထွန်းကျော်က ပြောသည်။

“ကျွန်တော်တို့ ကယောလူမျိုးတွေ ဘောလုံးအသင်းလိုနေရမယ်၊ အဓိက Team work စိတ်ဓာတ်ရှိရမယ်။ ဘောလုံးအသင်းက စည်းလုံးညီညွတ်မှုရှိရင် ကျန်တဲ့သူတွေကို ကျွန်တော်တို့နိုင်မှာပဲ။ ကျွန်တော် နောက်ဆုံးစကား လက်ဆောင်ပေးချင်တယ် We Are One လို့”ဟု ဦးထွန်းကျော်က ပြောသည်။

ကယောအမျိုးသားနေ့ အခမ်းအနား ကျင်းပခဲ့သည်မှာ ၃ ကြိမ်ရှိသွားပြီဖြစ်သည်။ ပထမဆုံးအကြိမ်ကို ကယောဒေသ ထီးဆိုဒူး၊ ဒုတိယအကြိမ်ကို လွိုင်ကော်မြို့နယ်၊ နာနတ်တောရပ်ကွက်တွင် ကျင်းပခဲ့သည်။

ယခုနှစ် ကယောအမျိုးသားနေ့အခမ်းအနားသို့ ရပ်နီးရပ်ဝေးမှ ကယောတိုင်းရင်းသားများနှင့် အခြားတိုင်းရင်းသားများအပါအဝင် လူဦးရေစုစုပေါင်း ၄ ထောင်ကျော် တက်ရောက်သည်။



# တိုင်းရင်းသားယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းကြရန် အမျိုးသားလွှတ်တော် ဒုဥက္ကဋ္ဌ တိုက်တွန်း

**မူအာက်စတာ**

တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုအမွေအနှစ်နှင့် ရိုးရာဓလေ့များကို မပျောက်ပျက်စေရန် တိုင်းရင်းသား ပြည်သူအပေါင်းက ထိန်းသိမ်းစောင့်ရှောက်သွားရမည်ဟု အမျိုးသားလွှတ်တော် ဒုဥက္ကဋ္ဌ ဦးအေးသာအောင်က ကယန်းအမျိုးသားနေ့တွင် ထည့်သွင်းပြောကြားသည်။ ၁၈ ကြိမ်မြောက် ကယန်းအမျိုးသားနေ့ကို ဖယ်ခုံမြို့နယ် မိုးဗြဲကျေးရွာတွင် ဧပြီလ ၁၀ ရက်နေ့က ကျင်းပခဲ့သည်။

ကယန်းအမျိုးသားနေ့ကို ၂၀၀၀ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး ၎င်းတိုင်းရင်းသားတို့၏ ထူးခြားသည့် သမိုင်း အစဉ်အလာကို အကြောင်းပြု၍ ၂၀၀၀ ပြည့်နှစ် မတ်လ ၂၀ ရက်နေ့တွင် ကယန်းစာပေနှင့်ယဉ်ကျေးမှုကော်မတီကို စတင်ဖွဲ့စည်းခဲ့သည်။

ကယန်းစာပေနှင့် ယဉ်ကျေးမှုကော်မတီမှ လုပ်ငန်းစဉ် ၅ ရပ်ကို ချမှတ်နိုင်ခဲ့ကာ ကယန်းမျိုးနွယ်စု အားလုံးညီညွတ်မှုအတွက် ဖော်ဆောင်ခဲ့သည်။

“အမျိုးသားနှစ်ဆိုတာဟာ မိမိတို့ လူမျိုးကို ပြန်လည်မှတ်တမ်းတင်ခြင်းပဲဖြစ်ပြီး အမျိုးသားနေရာဟာ ဇာတိသွေးဇာတိမှန် စိတ်ဓာတ်များ အမျိုးသားရေးစိတ်ဓာတ်များ ကိန်းအောင်းလာစေရေး အတွက် လှုံ့ဆော်ပေးတဲ့ နှစ်တစ်နှစ် ဖြစ်တယ်”ဟု ဦးအေးသာအောင်က ပြောသည်။

ဧပြီလ ၁၀ ရက်နေ့ကို ကယန်းအမျိုးသားနေ့အဖြစ် သတ်မှတ်ကာ ကယန်းမျိုးနွယ်စုအားလုံး ချစ်ခင်ရင်းနှီးမှုရှိကြစေရန်နှင့် လူမျိုးဂုဏ်ဇာတိဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ကြစေရန် ရိုးရာအစဉ်အလာမပျက် ကျင်းပဖော်ဆောင်ခြင်းဖြင့် နှစ်စဉ်နှစ်တိုင်း ကျင်းပသည်။

ကယန်းအမျိုးသားနေ့ အခမ်းအနားသို့ အမျိုးသားလွှတ်တော် ဒုဥက္ကဋ္ဌ ဦးအေးသာအောင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်နှင့် တိုင်းဒေသအသီးသီးရှိ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ဘာသာရေးခေါင်းဆောင်၊ ကယားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ တက်ရောက်ခဲ့သည်။

ကယန်းအမျိုးသားနေ့ အခမ်းအနားသို့ နေရာဒေသအသီးသီးမှ ကယန်းတိုင်းရင်းသားများ ရောက်ရှိလာကာ မိမိတို့၏ အမျိုးသားနေ့ကို ကြိုဆို ဂုဏ်ပြုကြသည်။

ကယန်းတိုင်းရင်းသားတို့သည် ရှမ်းပြည်နယ် တောင်ပိုင်း၊ နေပြည်တော် ကောင်စီနယ်မြေ၊ ကရင်ပြည်နယ် သံတောင်ကြီး၊ ကယားပြည်နယ် အနောက်ဘက်တို့ရှိ တောင်ပေါ်ဒေသတွင် နေထိုင်ကြသည်။ ကယန်းတိုင်းရင်းသားများ နေထိုင်ရာ ကျေးရွာ ၅၀၆ ရွာ ရှိသည်။




သတင်းများ၊ ဆောင်းပါးများ၊ ကဗျာများ၊ ကာတွန်းများ၊ ဗေဒင်များ ပေးပို့လိုပါက ---

ဆက်သွယ်ရန်၊

ဖုန်း – ၀၈၃၄၀၃၄၁

# ဒေသခံများ စိုးရိမ်သော အန္တရာယ်ရှိ သ

**ဂျော်နီမင်း[မော်ချီး](KEAN)ရေးသားသည်။**

စနစ်မကျသော သတ္တုတူးဖေါ် ထုတ်လုပ်ခြင်းနှင့် အန္တရာယ်ရှိသဖြင့် ဒေသခံများ တားမြစ်ထားသော နေရာများတွင် တရားမဝင် သတ္တုတူးဖေါ်မှုများက မော်ချီးဒေသအတွင်း သဘာဝပတ်ဝန်းကျင် ပျက်စီးလာခြင်းနှင့်အတူ ဒေသခံများ၏ စိုးရိမ်မှုကိုပါ မြှင့်တက်စေသည်။

" ဒီကမ်းပါးယံခြမ်းဟာ ခဲသတ္တု ထွက်ရှိတာကို ကျနော်တို့ဒေသခံတွေ အားလုံးသိတယ်။ ဒေသခံတွေ ဘာကြောင့် မတူးတာလည်းဆိုရင်တော့ အဲ့ဒီကမ်းပါးယံခြမ်း ပေါင်မုန့်တောင်အောက် နေရာတွေဟာ အန္တရာယ်အရမ်းများတယ်။ အဲဒီအောက်မှာလည်း လိုခါးလိုကျေးရွာ၊ အောင်ချမ်းသာရပ်ကွက် No.3 ကျင်းကြီးတွေရှိတယ်။ အဲဒီနေရာမှာ သာ တူးမယ်ဆိုရင် မြေပြိုမယ်။ မြေပြိုရင် အဲဒီအောက်မှာရှိတဲ့ ရွာတွေ၊ အဆောက်အဦးတွေ၊ လမ်းတွေ၊ တံတားတွေပျက်ဆီးသွားမှာ။"ဟု တောင်ပေါ် ကျေးရွာမှ ဒေသခံတစ်ဦးက သတ္တုခိုးယူတူးဖော်ခြင်းအပေါ် ၎င်းက စိုးရိမ်နေသည်။

ကရင်နီပြည်၊ ဖားဆောင်းမြို့နယ်တွင်တည်ရှိသော မော်ချီးခဲမဖြူ/အဖြိုက်နက်သတ္တုမိုင်းသည် အင်္ဂလိပ် အစိုးရက မြန်မာနိုင်ငံကို သိမ်းယူချိန်မှ စတင်၍ ထုတ်ယူခဲ့သည်။

ယနေ့ထိတိုင်ထုတ်ယူနေဆဲဖြစ်သော သတ္တုတွင်းစီမံကိန်းတစ်ခုဖြစ်သည်။ မော်ချီးသည် ဒုတိယကမ္ဘာစစ်အတွင်း အင်္ဂလိပ်အစိုးရအတွက် လိုအပ်သော ခဲမဖြူ၊ အဖြိုက်နက်များကို ထောက်ပံ့ပေးနိုင်သော သတ္တုတွင်း စီမံကိန်းတစ်ခု ဖြစ်သည်။

၁၈၃၀ ခုနှစ်မှ စတင်၍ အင်္ဂလိပ်အစိုးရသည် ခဲမဖြူ၊ အဖြိုက်နက် သတ္တုများကို ထုတ်ယူခဲ့သည်။ နည်းစနစ်တကျ ထုတ်ယူခဲ့သဖြင့် နှစ်ကာလကြာရှည်စွာ ထုတ်ယူသုံးစွဲနိုင်ခဲ့သည်။ (ကိုးကားချက် – သတ္တုတွင်း လုပ်ငန်းကြောင့် ဘုံပျောက်လာသည့် မော်ချီးဒေသခံများ အစီရင်ခံစာ)

၁၉၅၂ ခုနှစ်တွင် မြန်မာအစိုးရမှ မော်ချီးခဲမဖြူ၊ အဖြိုက်နက် သတ္တုတူးဖော်ထုတ်လုပ်မှု လုပ်ငန်းကို ပြန်လည်လုပ်ကိုင်ခဲ့သော်လည်း နည်းစနစ်တကျ ပြန်လည်ထုတ်ယူနိုင်ခြင်း မရှိသဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု များလာသည်။

သတ္တုတူးဖော်ထုတ်ယူမှုလုပ်ငန်းများသည် နည်းစနစ်၊ ဥပဒေဖြင့်ကြီးကြပ်ထိန်းသိမ်းရသော်လည်း အကျိုးအမြတ်ရလိုမှု စသည်တို့အပေါ် မူတည်၍ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအပေါ် အနည်းနှင့်အများ သက်ရောက်မှုများရှိသော လုပ်ငန်းများဖြစ်သည်။



*လယ်ပွာခို (သို့မဟုတ်) ပေါင်မုန့်တောင်*

မော်ချီးခဲမဖြူ၊ အဖြိုက်နက် သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်း သည် အမှတ်(၂)သတ္တုတွင်းလုပ်ငန်း လက်အောက်ရှိ လုပ်ငန်းအမျိုးအစားတစ်ခု ဖြစ်သည်။




*၂၀၁၅ အောက်တိုဘာလက မော်ချီးတွင် မြေပြိုမှု ဖြစ်ပွားစဉ် (ဓာတ်ပုံ – စိုင်းလင်းလင်းဦး)*


၂၀၁၃ ခုနှစ်၊ ဇန္နဝါရီလတွင် စတင်ဖြန့်ချိသည်။

# တ္တုခိုးယူတူးဖေါ်မှု ပြဿနာ



ဤသတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းကို ကယားပြည်နယ်သတ္တုတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီ၊ စစ်ဗိုလ်ချုပ်ဟောင်းများမှ ပါဝင်ပတ်သက်သော ကုမ္ပဏီများ၊ အပစ်အခတ်ရပ်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ ဒေသခံနှင့် နိုင်ငံခြားသားပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှတဆင့် လုပ်ပိုင်ခွင့်ကိုရရှိထားသူများက လုပ်ကိုင်နေသည်။

ထို့အပြင် ပြည်နယ်အတွင်းနှင့် ပြည်နယ်ပြင်ပမှ လုပ်သားများမှလည်း လာရောက်လုပ်ကိုင်သည်။

မော်ချီးခဲမဖြူ၊ အဖြိုက်နက်သတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းသည် အစိုးရအတွက်သာမက ၎င်းလုပ်ငန်းတွင် ပါဝင်ပတ်သက်သော အဖွဲ့အစည်း များ၊ ပုဂ္ဂလိကများအတွက်လည်း အကျိုးအမြတ်ဖြစ်ထွန်းသော လုပ်ငန်း ဖြစ်သည်။

မော်ချီးခဲမဖြူ၊ အဖြိုက်နက်သတ္တုတူးဖော်ထုတ်လုပ်မှုကြောင့် မြေပြိုခြင်း၊ သစ်တောများပြုန်းတီးခြင်း၊ မြစ်ချောင်းများ ပျက်စီးခြင်း၊ စိုက်ပျိုးခြံများ ပျက်စီးခြင်း၊ လမ်းများ ပျက်စီးခြင်းများ ဖြစ်စေသည်။ ယင်းနောက် လူမှုရေးဆိုင်ရာပြဿနာများကိုလည်း တပါတည်း ဖြစ်ပေါ်စေတော့သည်။

ထိုကဲ့သို့သော အကျိုးသက်ရောက်မှုများသည် သတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း စတင်ချိန်မှစတင်၍ ယနေ့ထိတိုင်ဖြစ်ပျက်ခဲ့သော အကြောင်းအရာများဖြစ်ပြီး တာဝန်ယူ၊ တာဝန်ခံမှု အလွန်နည်း နေသေးသော လုပ်ငန်းတစ်ခုလည်း ဖြစ်သည်။

မော်ချီးခဲမဖြူ၊ အဖြိုက်နက်သတ္တုတူးဖော်မှုလုပ်ငန်းများနှင့် ဆက်စပ်၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်ထိခိုက်မှုများ၊ လူမှုရေးဆိုင်ရာ ပဋိပက္ခများ ဆက်လက်ဖြစ်ပေါ်နေသည်။ ထိုအထဲမှ မော်ချီးသတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းတွင် လာရောက်လုပ်ကိုင်နေသော ရွှေ့ပြောင်း လုပ်သားများ၏ အခန်းကဏ္ဍသည်လည်း သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်ဆက်နွယ်ရာတွင် အဓိကကျသည့် အချက်တစ်ချက် ဖြစ်သည်။

မော်ချီးခဲမဖြူ၊ အဖြိုက်နက်သတ္တု တရားမဝင်တူးဖော်မှု ပပျောက်ရန် ပြည်နယ်အစိုးရ၊ ဒေသခံများနှင့် လုပ်ငန်းရှင်များ သုံးပွင့်ဆိုင်ဆွေးနွေးမှုကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလအတွင်းတွင် ပြုလုပ်ခဲ့သည်။

ယင်းသုံးပွင့်ဆိုင်ဆွေးနွေးပွဲတွင် တရားမဝင်သတ္တု တူးဖော်ရောင်းဝယ်မှု ပပျောက်ရေးနှင့် ခဲမဖြူ၊ အဖြိုက်နက်သတ္တုဈေးများ တိုးမြှင့်နိုင်ရေး စသည့်အချက်များ ဆွေးနွေးခဲ့သော်လည်း သိသာထင်ရှားသော ပြောင်းလဲမှုများ မဖြစ်ထွန်းသေးပါ။

"ကုမ္ပဏီတွေအနေနဲ့ တရားမဝင် ခိုးတူးတာ၊ ချောင်းခဲ ဆွဲတာတွေကို သေချာတားဆီး၊ ကြပ်မတ်ဖို့လို အပ်တယ်။ ရွှေ့ပြောင်းလုပ်သားတွေရဲ့ တရားမဝင်သတ္တု ခိုးတူးနေတာတွေကိုလည်း တားဆီးဖို့လိုအပ်တယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကုမ္ပဏီမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရမယ်ဆိုတဲ့ တာဝန်တွေ၊ ဝတ္တရားတွေ ရှိတယ်။ ဒါပေမဲ့ တရားမဝင်ခိုးတူးတာတွေ၊ ချောင်းခဲဆွဲတာတွေ လုပ်နေတဲ့အပေါ်မှာ တားဆီးတာတွေ အားနည်းနေတာတွေကို တွေ့ရတယ်။ ကုမ္ပဏီဟာ တာန်ယူမှု၊ တာဝန်ခံမှု အားနည်းနေတာကို တွေ့မြင်နေရတယ်။ " ဟု ဒေသခံတစ်ဦးမှ ပြောကြားသွားပါသည်။

မော်ချီးသတ္တုတွင်းသို့ ကယား(ကရင်နီ)ပြည်နယ်ဒေသ အတွင်းမှ လုပ်သားများအပြင် ပြည်နယ်ပြင်ပဒေသများဖြစ်သော ကျောက်ပန်းတောင်း၊ မိတ္ထီလာ၊ ပဲခူးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး စသောဒေသရှိ ရွှေ့ပြောင်းအလုပ်သမား အများစု လာရောက်လုပ်ကိုင်သည်။

ရွှေ့ပြောင်းလုပ်သားများသည် ကုမ္ပဏီထံတွင်လည်းကောင်း၊ ကုမ္ပဏီမှတဆင့် လုပ်ကိုင်ခွင့်ရရှိသော ကျင်းဦးစီးများထံတွင်လည်းကောင်း လာရောက်လုပ်ကိုင်ကြသည်။ အချို့အလုပ်သမား များသည် ကုမ္ပဏီနှင့် ဒေသခံပြည်သူများ ကန့်သတ်ထားသောနေရာများတွင် တရားမဝင် သတ္တုတူးဖော်သည်။

ရွှေ့ပြောင်းလုပ်သားများသည် မူလက ကုမ္ပဏီ သို့မဟုတ် ဒေသခံကျင်း ပိုင်ရှင်များထံတွင် ဝင်ရောက်လုပ်ကိုင်ခြင်း၊ ဈေးရောင်းခြင်းများစသည်တို့ကို လုပ်ကိုင်သည်။ သို့သော် နောက်ပိုင်းတွင်မှ ချောင်းခဲဆွဲခြင်း၊ ခိုးတူးကျင်း များကို လုပ်ကိုင်နေခြင်းများကို ပေါ်ပေါ်ထင်ထင် လုပ်လာကြသည်။

၎င်းတို့ လုပ်ကိုင်သောနေရာများသည် အန္တရာယ်ရှိသော နေရာများအဖြစ် သတ်မှတ်ထားသောနေရာဖြစ်သလို ကုမ္ပဏီမှ ကန့်သတ်နယ်မြေအဖြစ် သတ်မှတ်ထားသောနေရာများလည်း ဖြစ်သည်။ သို့သော်လည်း ရွှေ့ပြောင်းလုပ်သားများ၏ တရားမဝင်သတ္တုတူးဖော်နေမှုအပေါ် တာဝန်ရှိသူ ကုမ္ပဏီမှ အရေးယူဆောင်ရွက်ခြင်း၊ တားဆီးခြင်းများ အားနည်းနေသည်။

ရွှေ့ပြောင်းလုပ်သားများ လုပ်ကိုင်နေသော ခိုးတူးကျင်းများ တည်ရှိသောနေရာသည် ဒေသခံတိုင်းရင်းသားများအခေါ် အဝေါ် လယ်ပွာခိုတောင်(သို့မဟုတ်)ပေါင်မုန့်တောင်ဟု ခေါ်ဝေါ်သော နေရာဒေသလည်း ဖြစ်သည်။

၁၉၇၅ တွင်တစ်ကြိမ်၊ ၁၉၈၅ ဇူလိုင်လ ဝန်းကျင်တွင် တစ်ကြိမ် ယခင်စီမံကိန်း လုပ်ငန်းများလုပ်ဆောင်ချိန်တွင် လယ်ပွာခိုတောင် ပြိုကျခဲ့ခြင်းကြောင့် လူနေအိမ်အတော်များများ၊ လမ်းတံတားများ ပျက်ဆီးပြီး လူသေဆုံးမှုများ ဖြစ်ပွားခဲ့သည်။

မကြာမီ ကာလသည် မိုးရာသီကိုရောက်ရှိတော့မည်။ ဒေသခံပြည်သူများအနေဖြင့် မြေပြိုမှုများ ဖြစ်ပေါ်လာမည်ကို စိုးရိမ်လျက်ရှိသည်။ ပေါင်မုန့်တောင်၏ အောက်ကမ်းပါးယံခြမ်းတွင် ခိုးတူးကျင်းများကို ရွှေ့ပြောင်းလုပ်သားများ လုပ်ကိုင်နေခြင်းကြောင့် မြေပြိုမှုများဖြစ်ပေါ်ပါက အမှတ် ၃ ကျင်းတွင် လုပ်ကိုင်နေသောသူများအား ထိခိုက်စေနိုင်သလို၊ လိုခါးလိုကျေးရွာနှင့် အောင်ချမ်းသာရပ်ကွက်ကိုပါ ထိခိုက်စေနိုင်သဖြင့် ဒေသခံများ စိုးရိမ်မှုရှိနေသည်။

ယင်းအခြေအနေအား တာဝန်ရှိသူ ကုမ္ပဏီနှင့် သတ္တုတွင်း စီမံကိန်းမှ တာဝန်ယူတားဆီးရန် အဓိက တာဝန်ရှိသည်။

" ဒီလိုတရားမဝင်ခိုးတူးတာကို တားဆီးဖို့လိုအပ်နေပြီ၊ မိုးတွင်းလည်း အရမ်းနီးလာပြီ၊ မထိန်းသိမ်းဘူး မတားဆီးဘူးဆိုရင် မြေပြိုတာတွေ ထပ်ဖြစ်အုန်းမှာပဲ။”ဟု ဒေသခံတစ်ဦးက ဆိုသည်။

ဒေသခံပြည်သူများအနေဖြင့် တရားမဝင်ခဲခိုးကျင်းတူဖော်မှုခြင်းများနှင့် ပတ်သက်ပြီး ၎င်းတို့ကိုယ်တိုင် သွားရောက်၍ ဖမ်းဆီးခြင်းများ၊ တားဆီးခြင်းများ၊ ဝန်ခံကတိပြုစေခြင်း လုပ်ဆောင်စေခဲ့သော်လည်း ခဲခိုးယူ တူဖော်မှုများ ဆက်လက်ရှိနေဆဲ ဖြစ်သည်။

ထို့ကြောင့် ဒေသခံများ၊ လူငယ်များ စုစည်းကာ ရွှေ့ပြောင်းလုပ်သားများ၏ တရားမဝင်ခဲမဖြူ၊ အဖြိုက်နက် တူးဖော်ထုတ်လုပ်မှုများကို ဆက်လက်မလုပ်ဆောင်နိုင်ရေးအတွက် ၂၀၁၈ ခုနှစ်၊ ဧပြီလက သွားရောက်တားဆီးကာ နောက်နောင်ထပ်မံမလုပ်ဆောင်ရန် အုပ်ချုပ်ရေးမှူးရှေ့မှောက်တွင် ခံဝန်ကတိ လက်မှတ်ရေးထိုးစေခဲ့သည်။

ဒေသခံများအနေဖြင့် ရွှေ့ပြောင်းလုပ်သားများ၏ တရားမဝင်ခဲတူး ယူမှုနှင့် ပတ်သက်၍ ဖြစ်ပေါ်လာမည့် သဘာဝပတ်ဝန်းကျင်ထိခိုက်ခြင်း၏ နောက်ဆက်တွဲ အကျိုးဆက်များအတွက် ပူပန်နေသည်။ သင့်တင့်လျှောက်ပတ်သော ဖြေရှင်းမှုများကို ပြုလုပ်စေလိုနေသည်။

" ရွှေ့ပြောင်းလုပ်သားတွေအနေနဲ့ ဒီလိုတရားမဝင်တူးတာတွေ မလုပ်ဘဲ ကုမ္ပဏီတွေဆီမှာ တရားဝင်သတ္တုတူး ဖော်ခွင့်တွေလျှောက်ပြီး ခဲတူးမယ်ဆိုရင်တော့ ပိုပြီးကောင်းတာပေါ့။ ကုမ္ပဏီအနေနဲ့လည်း သင့်တင့်မျှတ စဉ်းစားပေးမယ်ဆိုရင် သူတို့အတွက်ရော၊ ဒေသခံစိုးရိမ်မှုတွေရော၊ ကုမ္ပဏီအတွက်ပါပိုအဆင်ပြေနိုင်မယ်။ " ဟု မော်ချီးတောင်ပေါ်ကျေးရွာရှိ ဒေသခံတစ်ဦးက ဆိုလိုက်သည်။




သတ္တုခိုးယူတူးဖော်နေသောရွှေ့ပြောင်းလုပ်သားမှကျောက်ပုတ်သွန်နေစဉ်


*ကန္တာရဝတီတိုင်း(မ်) ဂျာနယ်တွင် လူငယ်များ အတွက် အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပရဟိတလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များကို* ***အခမဲ့*** *ကြော်ငြာနိုင်ပါသည်၊*


**ဆက်သွယ်ရန် လိပ်စာ**

**ဖုန်း – ၀၉၂၆၂၁၇၂၉၃၅၊ ၀၉၇၈၉၇၉၂၆၈၉**

# ကာတွန်းကဏ္ဍ




# ကဗျာကဏ္ဍ

## နှစ်သစ်ဆုတောင်း

......... ............

အနေအထားများအရ အထားနေရာများအပေါ်
ကောင်းကင်ကြီးသည်၄င်း ..မြေမျက်နှာသွင်ပြင်များသည်၄င်း ..
တောအုပ်တောင်တန်းကျောက်စွယ်ကျောက်တောင်များအဆုံး
ကျည်ဆံခွံများ၏ လှပသောသမိုင်းလေထုထဲ ပျံသန်းကခုန်ခဲ့ပြီးနောက်
သုံးရောင်ခြယ်ကြယ်တစ်ပွင့်နှင့် အတူမြစ်တို့၏ စီးဆင်းဆဲကမ်းပါးများ
နေရောင်အလင်းများအောက် လူတို့မှာယိမ်ထိုးလွှင့်ဝဲလျှက် ..
တလူလူအတူတူ လမ်းတွေပေါ်လေပြေတွေဝေ့ဝဲ တိုက်ခတ်ပါစေကြောင်း ..

ချစ်ခြင်းများဖြင့် ...ကဗျာဆရာ .... ။ ။

ဥတ္တရာအောင်
( 28.4.2018 )




**သတင်းများ၊ ဆောင်းပါးများ၊ ကဗျာများ၊ ကာတွန်းများ၊ ဗေဒင်များ ပေးပို့လိုပါက ဆက်သွယ်ရန်၊ ဖုန်း – ၀၈၃၄၀၁၃၄၁**
**– ၀၉၇၈၉၇၉၂၆၈၉**

TV



ကရင်နီ(ကယား) ဘာသာဖြင့် ထုတ်လွှင့်ပြသသော **Kantarawaddy Times** သတင်းများ အစီအစဉ်ကို DVB ရုပ်သံလွှင့်ဌာန၏ အပတ်စဉ် ကရင်နီဘာသာ အစီအစဉ်ဖြင့် ကြာသပတေးနေ့ နံနက် (၇း၁၅)နာရီ တစ်ကြိမ်၊ ညနေ (၉း၄၅) နာရီ တစ်ကြိမ် ဖမ်းယူကြည့်ရှုနိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ပါသည်။


၂၀၁၃ ခုနှစ်၊ ဇန္နဝါရီလတွင် စတင်ဖြန့်ချိသည်။

# မေလ (၁) မှ (၃၁) ရက်နေ့အထိ (၇) ရက် သားသမီးများ ဟောစာတမ်း

### တနင်္ဂနွေ
ဘ၀အတွက် ကြိုးစားလုပ်ကိုင်နေကြသူများ ၊ မလျော့သော ဇွဲ၊လုံ့လဝီရိယဖြင့် လုပ်ကိုင်ပါ။ ငွေကြေးကိစ္စများတွင် မကြာခဏ အခက်ခဲဖြစ် ရင်ဆိုင်ရတတ်သည်။ ကျန်းမာရေးကို အလေးထား စောင့်ရှောက်ရန် လိုအပ်သည်။ အိမ်ထောင်ရေး၊ အချစ်ရေး၊ ကောင်းမွန်သည်။ ယတြာ ၊ ပန်းသီးကပ်လှူပါ။

### တနလာ်
မိဘ ၊ ဆရာသမားအထက်လူကြီးများ အတွက် ငွေကုန်ကျများမည်။ အပျိုလူပျိုများ အချစ်ရေးကိစ္စရပ်တွင် လူကြီးများ၏ ခြယ်လှယ်ပါ၀င်မှုကြောင့် အဆင်မပြေဖြစ်တတ်သည်။ ပညာရေးကံကောင်းနေမည်။ ခရီးဝေးထွက်ရတတ်သည်။ ယတြာ ၊ အုန်းသီးစိပ်လှူပါ။

### အင်္ဂါ
စီးပွားရေးလုပ်ငန်းများကို တိုးတက်ကောင်းမွန်လာမည်။ ပညာရေးလောက၌ လုပ်ကိုင်နေသူများ အောင်မြင်တိုးတက်မှုရှိမည်။ လူမှုရေးကိစ္စများ ရှုပ်ထွေးမှုရှိတတ်သည်။ အိမ်ထောင်ရေး ၊ အချစ်ရေးမှာ အထူဂရုစိုက်ပါ။ ကျန်းမာရေး ကံညံ့တတ်သည်။ ယတြာ ၊ ကလေး (၅) ယောက်ကို အချိုရည်တိုက်ပါ။

### ဗုဒ္ဓဟူး
ဗုဒ္ဓဟူးသားသမီးအပေါင်းတို့သည် မျက်နှာပွင့်လန်းမည်။ မိမိရည်မှန်းချက်များ အောင်မြင်နိုင်မည်။ ခရီးဝေးထွက်ရတတ်သည်။ ကံကောင်းစေလိုသော် အရှေ့တောင် အရပ်သင့်တင့်လျောက်ပတ်သော နေရာ၌ လမ်းခင်းပါ။ အထူးကံကောင်းမည်။ ယာဉ်ပစ္စည်းနှင့် ထိခိုက်ဒဏ်ရာ ရရှိတတ်သည်။ ယတြာ၊ ပန်း(၉) ပွင့်လှူပါ။

### ကြာသာပတေး
မိသားစုအတွက် အဘက်ဘက်မှာ ဦးဆောင်ရမည်။ သို့သော် လုပ်ငန်းများ ကိုယ်တိုင်လုပ်ကိုင်ရာ၌ သတိပြုရမည်။ ရန်သူမျိုး (၅) ပါး၏ အန္တရာယ်ကြောင့် ထိခိုက်ခြင်း၊ ငွေကုန်ခြင်း ၊ ဥပဒေဖြင့် ရင်ဆိုင်ရခြင်းများလည်း ဖြစ်တတ်သည်။ အချစ်ရေးကိစ္စရပ်များကို ဦးစားပေးလာတတ်သည်။ ယတြာ၊ ဘုရားတွင် မုန့်လုံးရေပေါ် (၉) လုံးကပ်ပါ။

### သောကြာ
လုပ်ငန်းရှင်များအတွက် စီးပွားရေးအရှိန်အဟုန်မြင့်တက်လာသော်လည်း အိမ်ထောင်ရေးတွင် အဆင်ပြေလည်မှု မရှိပါ။ နေရာဌာန အပြောင်းအရွှေ့ ပြုရတတ်သည်။ ပညာရေးမှာ အခက်ခဲတွင် ရှိမည်။ ကျန်းမာရေး ကံကောင်းနေမည်။ ယတြာ ၊ သံဃာတော်နှင့် သီလရှင်အား သင်္ကြန်းသကူကပ်၍ ကပ်လှူပါ။

### စနေ
အနီးကပ်ပေါင်းသင်းနေထိုင်သူများ၏ သစ္စာဖောက်ခြင်းခံရတတ်။ စီးပွားရေး ၊ လူမှုရေးတွင် လိမ်လည် လှည့်ဖျားခြင်း အမျိုးမျိုး ခံရတတ်သည်။ ချစ်သူရည်းစားတွင် ရတတ်သည်။ ကျန်းမာရေး ကောင်းမွန်မည်။ ရေလမ်းခရီး ရှောင်ပါ။ ယတြာ ၊ ဘုရားတွင်နှမ်းဆီမီး(၉) ခွက်ပူဇော်ပါ။

ဗေဒင်နှင့် လက္ခဏာ ပြဟ္မဏာရိုးရာ ဆရာကြီး ဦးကျော်၏သား
**ဆရာနော်တော်**
သင်၏လိုလားချက်ကို တိကျမှန်ကန်စွာ ဟောပေးသည်။ ဇာတာမျိုးစုံ ဖွဲ့ပေးသည်။
တောင်ကွဲစေတီဆိုင်ခန်း အမှတ်(၁၄)၊ သီရိမင်္ဂလာတောင်တော်၊ လှိုင်ကော်မြို့။
**ဖုန်း – ၀၉၄ ၀၂၇၀ ၄၂၇၅**

**သတင်းတို**

# လှိုင်ကော်အကျဉ်းထောင်မှ အကျဉ်းသား ၆၃ ဦး လွတ်ငြိမ်း ချမ်းသာခွင့်ဖြင့် လွတ်မြောက်

**နော်ဒွေးအယ်ဥ**




မြန်မာ့နှစ်ဆန်း ၁ ရက်နေ့တွင် နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လှိုင်ကော်မြို့ရှိ အကျဉ်းထောင်မှ လွတ်မြောက်လာသူ အကျဉ်းသူ၊ အကျဉ်းသား ၆၃ ဦး ရှိကြောင်း လှိုင်ကော်အကျဉ်းဦးစီးဌာနမှ သိရသည်။

လွတ်မြောက်လာသူများတွင် အမျိုးသား စုစုပေါင်း(၅၇)ဦးနှင့် အမျိုးသမီး (၆) ဦး ပါဝင်သည်။

လှိုင်ကော်အကျဉ်းထောင်မှ လွတ်မြောက်ကြသူများတွင် တပ်မတော်အက်ဥပဒေဖြင့် အကျဉ်းကျနေသူ အများဆုံးဖြစ်ပြီး ၃၄ ဦး ရှိသည်။

ထို့အပြင် မူးယစ်ပုဒ်မ ၁၅ နှင့် မူးယစ်ပုဒ်မ ၁၆၊ မူးယစ်ပုဒ်မ ၁၅/၁၆ ဖြင့် အကျဉ်းကျနေသူ ၃၃ ဦးနှင့် ရဲစည်းကမ်းအက်ဖြင့် အကျဉ်းကျနေသူ ၁ ဦးတို့ လွတ်ငြိမ်းချမ်းသာခွင့်ရခဲ့သည်။

အခြေခံ **ခိုင်** မာပြီး ဖွံ့ **ဖြိုး** တိုးတက်စေရန် ဤသင်တန်းကို ဆက်သွယ်ပါ။

ရေး၊ ဖတ်၊ ပြော၊ ကြား
အင်္ဂလိပ်သဒ္ဒါနှင့်
စကားပြော
အတတ်သင်တန်း
(ကသ–၁၁၊၀၈)

KHAING PHYO ENGLISH ★ FOUR SKILLS ENGLISH TRAINING ★
**ခိုင်ဖြိုး**®

အမှတ်–၁၀၊ ခွာညိုလမ်း၊
ရွှေတောင်ရပ်၊ လှိုင်ကော်။
(ရွှေတောင်စာသင်တိုက်အနီး)

Email:
ohnkhaing@gmail.com

Phone:
- 09 4940 0834
- 09 42800 7879
- 09 25440 4872

ဤသင်တန်းကို အောက်ပါပုဂ္ဂိုလ်များက သင်ကြားဆောင်ရွက်ပေးနေသည် –
ဆရာဦးအုန်းခိုင် (B.A, Logic) နာယက
ဆရာမ ဒေါ်ခင်ချိုအေးခိုင် (B.A, English) တာဝန်ခံနှင့်သင်ကြားရေး
ဆရာမ ဒေါ်ခင်ချိုမြင့်ခိုင် (B.A, Myanmar) သင်ကြားရေး

သင်တန်းပုံစံများ
၁။ အင်္ဂလိပ်စာ ရေး၊ ဖတ်၊ ပြော၊ ကြား ပို့ချချက် အဆင့် ၁ မှ ၅ အထိ (တစ်ဆင့်လျှင် ၁ လပြတ်)
၂။ အင်္ဂလိပ်သဒ္ဒါ သီးသန့်ပို့ချချက် (အခြေခံမှ အဆင့်မြင့်ထိ)
၃။ အသံအမှန်နှင့် အင်္ဂလိပ်စကားပြောခြင်းကို ကောင်းစွာ နားထောင်တတ်ရန်၊ ပြောတတ်ရန်အတွက် သီးသန့်အသံထွက် ပို့ချချက်။
၄။ စာမတတ်သူများ၊ မူလတန်းမှ တက္ကသိုလ်ကျောင်းသူ/သားများ၊ အစိုးရနှင့် ကုမ္ပဏီဝန်ထမ်းများ၊ ပြည်ပတွင် အလုပ်လုပ်လိုသူများ၊ ပညာသင်ယူလိုသူများ၊ ရာထူးတိုးနှင့် လုပ်ငန်းခွင် စာမေးပွဲများ အင်္ဂလိပ်စာစွမ်းရည်အဆင့်လိုက် တစ်ဦးချင်းပို့ချချက်များ။
၅။ အပြည်ပြည်ဆိုင်ရာ စွမ်းရည်စစ်စာမေးပွဲများ (IELTS, TOEFL) စသည်တို့အတွက် အကြိုပြင်ဆင်မှု ပို့ချချက်များ။
၆။ အင်္ဂလိပ်မှ မြန်မာ၊ မြန်မာမှ အင်္ဂလိပ် ဘာသာပြန်ပေးသည်။
*** မိမိလိုရာအဆင့်ထိ တာဝန်ယူ အတတ်သင်ပေးလျက်ရှိသည်။

သတင်းအချက်အလက်များ ရရှိမှုနည်း ပါးသည့် ဖားဆောင်းမြို့နယ်ဝမ်အောင်းကျေးရွာ အတွက် မသိင်္ဂီဝင်းမှ Kantarawaddy Times ဂျာနယ်ကို တကြိမ်လျှင် အစောင်(၂၀) တစ်နှစ် လှူဒါန်းသည်။

# စပါးမျိုးကောင်းမျိုးသန့်ရရှိဖို့ ဒေသခံတောင်သူများလိုလား

**ကန္တာရဝတီတိုင်း[မ်]**

ဒေသခံတောင်သူလယ်သမားများအနေဖြင့် စိတ်ချရသည့် စပါးမျိုးကောင်းမျိုးသန့်ကို စိုက်ပျိုးလိုသည့်အတွက် သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနများအနေဖြင့် ကျေးရွာများသို့ ကွင်းဆင်းပြီး အသိပညာပေးတာတွေ ပြုလုပ်ပေးစေလိုတယ်လို့ ဒေသခံတောင်သူတွေက တောင်းဆိုထားကြပါတယ်။

ပြီးခဲ့တဲ့ ဧပြီလ ၆ ရက်နေ့က ဒေါတော်ကူးကျေးရွာအုပ်စု ၊ ဆောင်ဒူရွာသစ်အုပ်စု နဲ့ ဒေါဘူးကူးအုပ်စုအတွင်းမှာရှိတဲ့ ဒေသခံတောင်သူလယ် သမားတွေနဲ့ ကန္တာရဝတီတိုင်း(မ်) မှပြုလုပ်တဲ့ အသက်မွေးဝမ်းကျောင်းစကားဝိုင်းမှာ ပြောဆိုသွားကြတာ ဖြစ်ပါတယ်။

ဒေသခံ တောင်သူတစ်ဦး "ကျနော်တို့ တောင်သူတွေက မျိုးစေ့ ဘယ်လောက်အဆင့်မှာသုံးနေလဲဆိုတာကလည်း မသိဘူး။ မျိုးကောင်းမျိုးသန့်ပြောတော့ တောင်သူက အများဖြစ်ဝယ်လိုက်ပါတယ်။ ဒါပေမယ့် ထွက်လာခါကျတော့ အနံ့ကတိုရော၊ မျိုးကောင်းမျိုးသန့်ပေ့ါ မြက်သီးတွေလည်း တအားများတယ် နောက်ပြီးတော့ နည်းပညာအပိုင်းမှာလည်း အားနည်းတယ်ပေ့ါ။"လို့ ပြောသွားပါတယ်။

သီးနှံအထွက်တိုးစေဖို့ အဓိကတော့ မျိုးကောင်းမျိုးသန့်ကို စိုက်ပျိုးရမှာဖြစ်တဲ့အတွက် မျိုးကောင်းမျိုးသန့် ရရှိစေရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနမှာ စိတ်ချလက်ချ ဝယ်ယူနိုင်တယ်လို့ ဒီးမော့ဆိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးခင်မောင်ဦးက ဆိုပါတယ်။

"သီးနှံအထွက်တိုးစေဖို့အထွက်တိုး ကောင်းတဲ့ မျိုးကောင်းမျိုးသန့် စိုက်ပျိုးရပါမယ်။ ဥပမာ စပါးဆိုရင် တရုတ်မွှေးရှိမယ် ၊ ရွှေရင်အေးရှိမယ်၊ ပုလဲသွယ်ရှိမယ်၊ ဒါက စပါးကိုပြောတာပါ။"

လယ်ယာမြေကိုလည်း ဓါတ်မြေဩဇာသုံးပါက လျော့ပြီးထည့်သုံးဖို့နှင့် တဖြေးဖြေး လျော့ချနိုင်ဖို့ သဘာဝမြေဩဇာတွေကို ထည့်သုံးသင့်တယ်လို့လည်း ပြောဆိုဆွေးနွေးသွားပါတယ်။

ဓါတ်မြေဩဇာတွေ၊ ပေါင်းသတ်ဆေးတွေကိုလည်း ဝယ်တဲ့နေရာမှာ မြန်မလာလို့ ရေးထားတဲ့ အမျိုးအစားကိုသာ အဓိက ဦးစားပေးရွေးချယ်ရမှာ ဖြစ်ပါတယ်။

အစိုးရဌာနဆိုင်ရာတွေဘက်ကလည်း ယခုလိုတောင်သူတွေကို အသိပညာပေးတဲ့အချိန် ဓါတ်မြေဩဇာတွေ ၊ ပေါင်းသတ်ဆေးတွေ ၊ မျိုးစေ့တွေရဲ့ အဓိက ကောင်းကျိုး၊ ဆိုးကျိုးတွေကိုလည်း ချပြစေလို့တယ်လို့ ကရင်နီပြည်တောင်သူလယ်သမားသမဂ္ဂဥက္ကဌ ကိုတူရယ်ကလည်း အခုလို ပြောဆိုဆွေးနွေးသွားပါတယ်။

"ဓါတ်မြေဩဇာသုံးဖို့ပဲ ကျနော်တို့ တောင်သူတွေကို မချပြပဲနဲ့ ဓါတ်မြေဩဇာရဲ့ ဆိုးကျိုးကိုလည်း ချပြပေးဖို့ ကျနော့်အနေနဲ့ မေတ္တာရပ်ခံပါတယ်။ ဘာဖြစ်လို့လဲဆို အရာ တခုခုကိုသုံးလိုက်ရင် ဆိုးကျိုးနဲ့ ကောင်းကျိုးကတော့ ရှိနေမှာပဲ ၊ ကောင်းကျိုးပဲ နှင့်ခါမပြောပဲနဲ့ ဆိုးကျိုးကိုလည်း ပြောပေးပါ။ ဒါမှ အသိပညာပေးတယ်လို့ ခေါ်ပါတယ်။" လို့ ကိုတူရယ်က ပြောဆိုဆွေးနွေးသွားပါတယ်။

စိုက်ပျိုးရေးဦးစီးဌာနမှ ဖြန့်ဝေပေးသည့် မျိုးကောင်းမျိုးသန့်များသည် မြက်သီးမပါနိုင်သည့် အတွက် ဒေသခံတောင်သူများအနေဖြင့် သေချာစိဆေးပြီး စိုက်ပျိုးသင့်ကြောင်း ၊ စိုက်ပျိုးရေး ဦးစီးဌာနတွင် သေချာမေးမြန်း ဝယ်ယူသင့်တယ်လို့ ဦးခင်မောင်ဦးက ဆိုပါတယ်။

ဒေသခံတွေအများစုကတော့ လွိုင်ကော်မှာ စပါးမျိုးကောင်းမျိုးသန့်သွားဝယ်ကြတာများပြီး ထွက်လာသည့် စပါးများသည် အထွက်မကောင်းပဲ မြက်သီးများပါလေ့ရှိတယ်လို့ သိရပါတယ်။




ကန္တာရဝတီတိုင်း(မ်) တစ်လတစ်ကြိမ်ထုတ် ဝေဖြန့်ချိသည့် ဂျာနယ်ကို စောင့်မျှော်အားပေး ဖတ်ရှုကြသောပရိသတ်များမှ ကျနော်တို့ ကန္တာရဝတီတိုင်း(မ်)ထံ အကြံပြုချက်ပေးပို့လိုပါက

ဖုန်း – ၀၈၃၄၀၃၄၁၊ ၀၉၇၈၉၇၉၂၆၈၉ ၊

အီးမေး(လ်) – kantarawaddytimes@gmail.com

သို့ ပေးပို့နိုင်ပါသည်။




*သီးနှံဈေးကွက်များလည်း အသက်မွေးဝမ်းကျောင်းတစ်ခုဖြစ်တဲ့အတွက် အစိုးရမှ ရင်းနှီးမြှုပ်နှံရေးကိစ္စရပ်များ လိုအပ်သည်ဆိုတာတွေကို လွိုးကထိကျေးရွာတွင် ပြုလုပ်တဲ့ စကားဝိုင်း*(ပုံ – ကန္တာရဝတီတိုင်း(မ်) )

# သီးနှံစိုက်ခင်း အသက်မွေးတဲ့ဒေသခံတွေအတွက် ရင်းနှီးမြှုပ်နှံဖို့ မေ့ထားလို့မရ

**ကန္တာရဝတီတိုင်း[မ်]**

ပြည်နယ်အစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံမှုတွေ ဖိတ်ခေါ်နေတဲ့အချိန်မှာ ဒေသထွက်ကုန်တွေထဲက စိုက်ခင်းသီးနှံတွေအတွက်လည်း ထည့်သွင်းစဉ်းစားပေးပြီး ဖိတ်ခေါ်ပေးသင့်တယ်လို့ ပြောင်းစိုက်တောင်သူအသင်းမှ ဦးမြင့်မောင်က ပြောဆိုလိုက်ပါတယ်။

ကန္တာရဝတီတိုင်း(မ်)မှ ဧပြီလအတွင်း လိုပူ ၊ ပန်ပက်နှင့် လွိုးကထိကျေးရွာအုပ်စုဒေသဘက်သွားပြီး အသက်မွေးဝမ်းကြောင်းဆိုင်ရာ စကားဝိုင်း ပြုလုပ်ရာမှာ ဆွေးနွေးသွားခဲ့ တာဖြစ်ပါတယ်။

အဲဒီဒေသဘက်ဟာဆိုရင် အရင်က အဓိက ဘိန်းစိုက်ပျိုးရေးလုပ်ငန်းနဲ့ အသက်မွေးဝမ်းကြောင်းလုပ်ငန်းကို လုပ်ကိုင်ခဲ့ကြတဲ့ဒေသ ဖြစ်ပါတယ်။

အခုဆိုရင် တခြား ဝင်ငွေရတိုးဖို့ ပဲလိပ်ပြာ ၊ ဂျင်း နှင့် ဂျူးမြစ်တို့ကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးပြီး လုပ်ကိုင်နေကြပြီ ဖြစ်ပါတယ်။

သို့ပေမဲ့လည်း ဒီသီးနှံတွေက အာမခံတဲ့ ဈေးကွက်ချိတ်ဆက်မှု မရှိတဲ့အတွက် စိုက်ပျိုးနေကြတယ်ဆိုပေမယ်လို့ စီးပွားဖြစ် မလုပ်နိုင်ကြဘူး ဖြစ်နေကြပါတယ်။

လွိုးကထိကျေးရွာမှ ဒေသခံ ဦးဆာဗလုထူး "ဒါကြောင့်မလို့ ကျွန်တော်တို့တောင်သူတွေက တစ်နေ့ပြီးတစ်နေ့ ဒီလိုပဲ ကျပန်းအလုပ် ရလာတဲ့ ငွေ တစ်ရက်ကို ငါးထောင်ရှိသလို တစ်ရက်ကိုတစ်သောင်းရတဲ့ဟာလည်း ရှိတယ်။

တစ်ခါတစ်လေ သူများရွာမှာ ကြက်သွားရောင်းတဲ့ သူတွေ ရှိသလို၊ လမ်းလိုက်ခင်းတဲ့အဖွဲ့လည်း ရှိသလို၊ ပန်းရံလိုက်လုပ်တဲ့အဖွဲ့လည်း ရှိသလို ကျတော်တို့ စားဝတ်နေရေး အမျိုးမျိုးနဲ့ဖြေရှင်း နေရပါတယ်။" လို့ ပြောပါတယ်။

ဒီလို ပဲလိပ်ပြာ ၊ ဂျူးမြစ် ၊ ဂျင်း တို့ဟာ ပြည်တွင်း ဈေးကွက်မှာတင် မလုံလောက်တဲ့ သီးနှံဈေးကွက်ဖြစ်ပါတယ်။

ဒါကြောင့် စိုက်ပျိုးထားတဲ့ ဒေသခံတွေအတွက် အစိုးရကနေပြီး ရင်းနှီးမြှုပ်နှံမှုတွေ ဖိတ်ခေါ်ပေးတာတို့ ဈေးကွက် ချိတ်ဆက်ပေးတာတို့ လုပ်ပေးဖို့ လိုအပ်ပါတယ်။

ပြောင်းစိုက်တောင်သူအသင်းအဖွဲ့မှ ဦးမြင့်မောင် "အစိုးရတာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေ ရင်းနှီးမြှုပ်နှံမည့်သူတွေကို ချိတ်ဆက်ပေးနိုင်ရင် လုပ်လို့ရတယ် ။

အခုက ဘယ်လိုဖြစ်နေလဲဆိုတော့ ဈေးကွက်နဲ့သူတို့နဲ့ ဝေးကွာနေသလို ဖြစ်နေတယ်။" လို့ ပြောပါတယ်။

တကယ်တမ်းဆိုရင် ဈေးကွက်ဝင်သီးနှံဖြစ်ပြီး မတိမ်ကောနိုင်တဲ့ သီးနှံဖြစ်ပါတယ်။ အခု အစိုးရက လာမည့်မေလမှာ ရင်းနှီးမြှုပ်နှံမှုဖိုရမ် လုပ်ဖို့ရှိတယ်လို့ သိရပါတယ်။

ရင်းနှီးမြှုပ်နှံမှုအပိုင်းမှာတော့ ဖိတ်ခေါ်ထားချက်အရတော့ ဒီလို ဒီလို ဂျင်းတို့ ပဲလိပ်ပြာတို့ သီးနှံတွေ မပါဘူးလို့ သိရပါတယ်။

"ဂျင်းနဲ့ပတ်တဲ့ ကုမ္ပဏီတွေ Export လုပ်နေတဲ့ ကုမ္ပဏီတွေကို ဖိတ်ခေါ်ရမှာပေ့ါ ဂျူးမြစ်ဆိုရင်လည်း ကိုးရီးယားကို ပို့နေတဲ့ လုပ်ငန်းတွေရှိတဲ့ အဲဒီလုပ်ငန်းရှင်တွေကို ဖိတ်ခေါ်ရမယ်။

အခုကျတော့ ပြောင်းရယ်၊ နှမ်းရယ် စပါးရယ်ပဲ ဖိတ်ခေါ်ထားတယ် ကျနော်သိရသလောက်ကတော့ ဒီလိုဒေသတွေကို သူ့ရာသီအလိုက် စိုက်ပျိုးထားတဲ့ သီးနှံတွေရှိတယ်။ ကျနော်တို့ ဖိတ်ခေါ်ပေးဖို့လိုတယ်။

သူတို့ ရင်းနှီးမြှုပ်နှံဖို့ လိုတယ်။ သူတို့က ဝယ်မယ် သေချာတယ်ဆိုရင် သူတို့ ဂျင်းကို စိတ်ချလက်ချစိုက် လို့ရမယ်။" လို့ ဦးမြင့်မောင်က ဆိုပါတယ်။

ကယားပြည်နယ်ရဲ့ ၂၀၁၈ ခုနှစ် ဧပြီလကနေ စက်တင်ဘာလအထိ ၆ လ ဒေသန္တရ စီမံကိန်း ဥပဒေကြမ်းမှာဆိုရင်တော့ လယ်ယာကဏ္ဍကို ၃.၆ ရာခိုင်နှုန်းတိုးတက်ရန် ချမှတ်ထားတယ်လို့ သိရပါတယ်။

ကြော်ငြာ ကိစ္စ ဆက်သွယ်လိုပါက .....

ဖုန်း – ၀၉၂၆၂၁၇၂၈၃၅

# ဘိန်းစိုက်တောင်သူတွေရဲ့ အစားထိုးနိုင်ရေး မျှော်လင့်ချက်

**ဦးမြာ ၊ စိုးရယ်**



ဒီးမောဆိုမြို့နယ် အနောက်ဘက်ခြမ်းမှာရှိတဲ့ ဘိန်းစိုက်တောင်သူတွေဟာ အစားထိုးသီးနှံတွေထက် ဈေးကွက်ကို ဖော်ဆောင်ပေးနိုင်ဖို့ အစိုးရထံ မျှော်လင့်နေကြပါတယ်။

အခုလက်ရှိမှာတော့ ယခင်နှစ်တွေထက် ဘိန်းစိုက်ပျိုးမှုတွေ လျော့နည်းလာပြီလို့ ဒေသခံတွေ ကိုယ်တိုင်ကလည်း ပြောဆိုကြပါတယ်။

ဘိန်းစိုက်ပျိုးမှုတွေ ဆက်လက်ပပျောက်ဖို့အတွက် အစိုးရကနေ အစားထိုးသီးနှံတွေအပြင် ဈေးကွက်ကို အဓိက ဖော်ဆောင်ပေးဖို့လည်း တောင်းဆိုကြပါတယ်။

လိုဘာခိုကျေးရွာမှ ရွာမိရွာဖ ဦးမင်းသိန်းက " နောက် ကျွန်တော်တို့ အစားထိုးသီးနှံဆိုတာ လုပ်ပေးနိုင်ရင်တော့ ကောင်းတာပေါ့။ ကျွန်တော် လိုချင်တာက ကျွန်တော်တို့ဒေသနဲ့ ကိုက်ညီတဲ့ အပင်လေးတွေပေါ့နော။ တချို့ကျတော့ မကိုက်ညီပဲနဲ့ လာပေးတယ်။ သဘောတရားက အရင်တစ်နှစ်၊ နှစ်နှစ်တုန်းကဆိုရင် ဒေါရောက်ခူလိုမျိုး ဒီလောက်အေးတဲ့ ဒေသမျိုးကို ဆိတ်လာပေးတယ်။ အဲ့လိုမျိုးလေးတွေပေါ့နော။ အဲ့ဒါကြောင့် ကိုက်ညီတဲ့ အပင်မျိုး၊ သီးနှံမျိုး ပေးနိုင်ရင်တော့ ကောင်းတယ်။ နောက်ပေးတာနဲ့မပြီးသေးဘူး။ အဓိကက ဈေးကွက်ဖော် ပေးနိုင်မှ။ ဈေးကွက်မဖော်ပေးနိုင်ရင် ထွက်လာတဲ့သီးနှံတွေ ဘယ်မှာ သွားရောင်းမလဲ။ " လို့ ပြောပါတယ်။

ယခင်နှစ်တွေမှာ ဒီးမောဆိုမြို့နယ် အနောက်ဘက်ခြမ်းမှာရှိတဲ့ ကျေးရွာအုပ်စု ၇ အုပ်စုဟာ ဘိန်းကိုသာ မိမိတို့ စားဝတ်နေရေးအတွက် အဓိက ထားစိုက်ပျိုးကြတာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်အထိ ဘိန်းစိုက်ပျိုးမှုဧက ၁၅၀ ကျော် စိုက်ပျိုးခဲ့ကြပြီး နောက်ပိုင်းမှာတော့ ဧက ၅၀ ကျော်လောက်သာ ကျန်ရှိတော့တယ်လို့ လိုဘာခိုကျေးရွာက ရပ်ဖိရပ်ဖတစ်ဦး ဖြစ်တဲ့ ဦးမင်းသိန်းက ပြောပါတယ်။

အခုလို ဘိန်းစိုက်ပျိုးတွေ လျော့ချလိုက်တဲ့အတွက် ကျေးရွာမှာရှိတဲ့ လူငယ် တွေ အလုပ်အကိုင်မရှိတော့ဘဲ ပြင်ပနိုင်ငံတွေမှာ သွားရောက်လုပ်ကိုင်ကြတာတွေ များလာတယ်လို့ ဒေသခံရပ်ဖိရပ်ဖတွေကလည်း ပြောဆိုကြပါတယ်။

ဘိန်းစိုက်ပျိုးမှုကို ၂၀၁၅ အထိ လုပ်ကိုင်လာခဲ့ပြီးနောက်ပိုင်းမှာ ဘိန်းအစား စပါးကို စိုက်ပျိုးလာတဲ့ ဆောင်ဒူကျေးရွာက ကလေး ၇ ယောက်ဖခင် ဦးဇော်ဝါးနီက သူ့ရဲ့အခြေအနေကို အခုလို ပြောပြပါတယ်။

ဆောင်ဒူရွာသားမှ ဒေသခံ ဦးဇော်ဝါးနီက "ဘိန်းမစိုက်တော့ဘူးဆိုရင် ငှက်ပျောပင်တွေ၊ ပြောင်းဖူးတွေ၊ စပါးတွေ။ ဘိန်းခင်းနေရာဆို စပါးပဲ အစားထိုးစိုက်တယ်။ ဒါက တစ်နှစ်ပဲ ကောင်းတယ်။ နောက်တစ်နှစ်ကျတော့ ဘာမှမစားရဘူး။"က ပြောပါတယ်။

လက်ရှိမှာတော့ ဘိန်းစိုက်တောင်သူတွေဟာ ဘိန်းစိုက်မှုတွေကို လျော့ချတဲ့အနေနဲ့ တစ်နိုင်တစ်ပိုင် ထောပတ်ပင်၊ ငှက်ပျောပင်၊ လိမ္မော်ပင်တွေကို စိုက်ပျိုးနေကြပါတယ်။ ဒါပေမဲ့လည်း ဈေးကွက်မရှိတဲ့အတွက် ဆက်လက်စိုက်ပျိုးဖို့အတွက် အခက်အခဲတွေ ရှိနေတယ်လို့ ဦးမင်းသိန်းက ပြောပါတယ်။

ဦးမင်းသိန်းက "တကယ်လို့ အစားထိုးသီးနှံသာ ကောင်းကောင်းလေးပေးနိုင်မယ်ဆိုရင်တော့ ကျွန်တော်တို့ ဘိန်းတစ်ခုတော့ ပျောက်နိုင်မှာပဲ။ တကယ်လို့သာ မပေးနိုင်ဘူးဆိုရင်တော့ တကယ်လို့များ ဈေးကပြန်ကောင်းလာမယ်ဆိုရင် တောင်သူတွေက ဘိန်းဘက်ပဲ ပြန်ဦးတည်မှာပဲ။ ကျွန်တော်တို့ တောင်သူတွေက အဲ့လိုပဲ ဖြစ်လာမှာပဲ။"လို့ ဆက်ပြောပါတယ်။

ဘိန်းစိုက်တောင်သူများအနေနဲ့ မိမိတို့ စိုက်ပျိုးတဲ့ ဘိန်းစိုက်ဧကတွေ၊ အချက်အလက်တွေကို ပွင့်လင်းစွာချပြဖို့ လိုအပ်သလို အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်မှသာ ဘိန်းစိုက်ပျိုးမှု ပပျောက်သွားနိုင်မှာဖြစ်တယ်။ အစားထိုးသီးနှံတွေ ကိုလည်း တောင်သူတွေလိုချင်တဲ့ ဘိန်းအစားထိုးသီးနှံတွေ၊ နှစ်ရှည်ပင်တွေကို သက်ဆိုင်ရာအစိုးရက ချပေးနိုင်မှာ ဖြစ်တယ်လို့ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကို က မတ်လ ၂၆ ရက်နေ့မှာ ကန္တာရဝတီတိုင်း(မ်)သတင်းဌာနက ကျင်းပပြုလုပ်တဲ့ ဝန်ကြီးများ၊ ဌာနဆိုင်ရာတွေနဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးများ စကားဝိုင်းမှာ ပြောကြားသွားပါတယ်။

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကို ဓအခုလည်း ကျွန်တော်တို့ လုပ်ပေးနေတယ်။ ဒါပေမဲ့ ခုနကပြောတဲ့ အချက်အလက်တွေ အကုန်မရလို့။ ခုနက ပြောတဲ့ကေတွေ မောင်ဖြူ၊ မောင်နီ အကုန်မရလာဘူး။

မပေးရဲကြဘူးလေ။ မပူးပေါင်းရဲကြဘူး။ ကျွန်တော်တို့ ပူးပေါင်းဖို့ဆိုတာ ဖမ်းဖို့ဆီးဖို့ မဟုတ်ဘူး။ အပြောင်းအလဲတစ်ခု လုပ်စေချင်တာ။ အဲ့လိုအနေအထားပါ။ " လို့ ပြောပါတယ်။

ဒီးမော့ဆိုမြို့နယ် အနောက်ခြမ်းဟာ အအေးပိုင်းဒေသဖြစ်တဲ့အတွက် နှစ်ရှည်ပင်တွေကို စိုက်မယ်ဆိုရင် ထောပတ်၊ လက်ဖက်၊ ငှက်ပျောစတဲ့အပင်တွေနဲ့သာ ကိုက်ညီမှုရှိတယ်လို့ ဒေသခံတွေရဲ့ ပြောပြချက်အရ သိရပါတယ်။

သက်ဆိုင်ရာ အစိုးရဌာနဆိုင်ရာတွေကလည်း ဘိန်းအစားထိုးသီးနှံတွေ ချပေးမယ်ဆိုရင် ဒေသနဲ့ ကိုက်ညီတဲ့ သီးနှံတွေကို ချပေးဖို့ လိုအပ်ပါတယ်။

ယခင်နှစ်တွေမှာ ဘိန်းအစားထိုးအဖြစ် မွေးမြူရေး တိရိစ္ဆာန်တွေကို ချပေးခဲ့ပေမဲ့ နည်းပညာမရှိတဲ့အပြင် ဒေသရဲ့ရာသီဉတုနဲ့ မကိုက်ညီတဲ့ အတွက် အစိုးရရော ဒေသခံတွေပါ ဆုံးရှုံးနစ်နာမှုတွေ ဖြစ်ပေါ်စေတယ်လို့ ဒေသခံတွေက ပြောဆိုကြပါတယ်။

တောင်သူတွေ လိုအပ်တဲ့ အစားထိုးသီးနှံတွေ မိမိတို့ဒေသနဲ့ ကိုက်ညီတဲ့သီးနှံတွေကို အစိုးရထံ တင်ပြလို့ရတဲ့အပြင် အစားထိုးသီးနှံတွေ ထွက်လာတဲ့အခါမှာ ဈေးကွက်တွေကိုလည်း အစိုးရက ဖော်ဆောင်ပေးသွားမယ်လို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကိုကလည်း ပြောဖူးပါတယ်။

ဦးဘော့စ်ကို " ကျွန်တော်တို့ ပူးပေါင်းပြီဆိုကတည်းက ဘယ်ဈေးနှုန်း ဘယ်ဈေးကွက်ရှိမလဲဆိုတာ လာပြီလေ။ ပူးပေါင်းရတော့မယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကော်ဖီကတော့ ဈေးကွက်ရှိပြီးသားပဲ။ ခုနကပြောတဲ့ သဘာဝမြေဩဇာ အော်ဂဲနစ်ဖြစ်ဖို့ပဲလိုတယ်။ ကျွန်တော်တို့က ဝယ်တဲ့လူရှိပြီးသားပဲ။ " လို့ ပြောပါတယ်။

ကယားပြည်နယ်ရှိ ဘိန်းစိုက်တောင်သူတွေသာမက တောင်သူတွေအားလုံး အစိုးရက သီးနှံဈေးကွက် ဖော်ဆောင်ပေးဖို့အတွက် မျှော်လင့်တောင်းတနေကြဆဲ ဖြစ်ပါတယ်။

# ပိုရှားပါးလာတဲ့ ရေ၊ ဝန်ပိလာတဲ့ လူ့အသိုင်းအဝန်း

**မော်ဦးမြာ**

## (ပိုရှားလာတဲ့ရေ)

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် အရှေ့ဘက်ခြမ်းမှာ တစ်နှစ်ထက်တစ်နှစ်ရေပိုမိုရှားပါးလာတဲ့ ပြဿနာက ကြာလေပိုဆိုးလေပါပဲ။

ဒီးမောဆိုမြို့နယ် အရှေ့ဘက်ခြမ်းရှိ ဒေါဖုကျေးရွာအုပ်စုနဲ့ ဒေါတမကြီးကျေးရွာအုပ်စုမှာရှိတဲ့ ကျေးရွာတွေဟာ နှစ်စဉ်ရေရှားပါးပြဿနာနဲ့ ရင်ဆိုင်နေတာ ဖြစ်ပါတယ်။

နှစ်စဉ်ရင်ဆိုင်နေပေမဲ့ စားသောက်ဖို့အတွက် ရေကိုချွေတာ သုံးစွဲပြီး နေထိုင်လာကြတယ်။ ဒီတစ်နှစ်မှာ အရင်နှစ်တွေထက် ပိုပြီးရေရှားပါးလာတာက ပိုပြီးသိသာလာတယ်။

" ခါတိုင်းနှစ်ဆိုရင်လည်း ခန်းပါတယ်။ ဒါပေမဲ့ ရေကန်ပဲ ခန်းတယ်။ ရေတွင်းကတော့ မခန်းဘူးလေ။ ရေတွင်းက ရေထွက်သေးတယ်လေ။ ဒီနှစ်တော့ ရေကန်လည်း ခန်းတယ်။ ရေတွင်းလည်း ခန်းကုန်တယ်လေး။ " လို့ ဒေါညေခူကျေးရွာသား ဦးရှားရယ်က ညီးတွားတယ်။

## (အချိန်ပိုကုန်)

ဒေါဖုကျေးရွာနေသူ ဒေါ်ဝိမြာက "မနက်ဆိုရင် ရေခပ်ရဖို့ အစောကြီး သွားစောင့်ရတယ်။ ၄ နာရီ ၅ နာရီကတည်းက သွားစောင့်ရတယ်။ " လို့ သူက ဆိုတယ်။

ဒေါညေခူကျေးရွာဟာဆိုရင် အိမ်ခြေ ၃၀၀ အတွက် ရေအနည်းငယ်သာ ကျန်ရှိတော့တဲ့ ရေတွင်း ၆ တွင်းထဲကရေကို နေ့စဉ် ချွေတာစွာ သုံးစွဲနေရပါတယ်။

ယခုလို ရေတွင်း၊ရေကန် ရေခန်းခြောက်မှုဖြစ်တာ ဒီနှစ်နဲ့ဆိုရင် ၃ နှစ်ရှိသွားပြီဟု ဒေါညေခူကျေးရွာမှာ နေထိုင်သူ အသက် ၅၀ နှစ်အရွယ် ဦးရှားရယ်က ပြောပါတယ်။

နွေရာသီဆိုရင် ရေခပ်ဖို့အတွက် အချိန်အများကြီး ပေးနေရတဲ့အတွက် တောင်ယာလုပ်ငန်းလုပ်ကိုင်ဖို့အတွက် အချိန်တွေ လေလွင့်စေတယ်။ ဒါ့အပြင် အိမ်မှုကိစ္စအတွက် အချိန်ပေးဖို့ ဟစ်လှစ်နေတယ်လို့ ကလေးငါးယောက်မိခင် ဒေါ်ပလျားမြာက ဆိုပါတယ်။

ဒေါ်ပလျားမြာက " အခုဆိုရင် အရမ်းစိုးရိမ်ရတယ်။ အမေကလည်း အိုနေပြီ။ ဝက်၊နွားတွေ ရှိတော့ သူတို့လည်း ရေသောက်ချင်တယ်။ တစ်ခါတလေ နွားဆိုရင် အိမ်မှာပြန်လာသောက်တယ်။ အဲ့လိုမျိုးတွေရှိတော့ တကယ်လို့ ရေမရှိရင် ကျွန်မတို့လည်း သောက်စရာ မရှိတော့ဘူး။ ဝက်တွေလည်း သောက်စရာ မရှိတော့ဘူးလေ။ အမြဲတမ်း ရေအတွက် စိုးရိမ်နေရတယ်။ "လို့ ဆိုတယ်။

## (ကျန်းမာရေး ပြဿနာကြုံ)

ရေကို လုံလုံလောက်လောက် မသုံးစွဲနိုင်တဲ့အတွက် ဒေသခံတွေရဲ့ တကိုယ်ရေသန့်ရှင်းမှု အပိုင်းမှာလည်း အားနည်းလာပါတယ်။ နွေရာသီရောက်ရင် အရေးပြားယားနာမှုတွေ ဝမ်းပျက်ဝမ်းလျောရောဂါတွေ ဖြစ်ပွားလာပြီး ကလေးအရွယ်တွေအဖြစ်များတယ်လို့ ဒေါတမကြီး တိုက်နယ်ဆေးရုံမှ တာဝန်ကျ ဆရာမတွေက ပြောဆိုကြပါတယ်။

ဒေါညခူကျေးရွာမှ ဦးရှားရယ်က " ဒီနှစ်က အများဆုံး တွေ့ရတာက ရေကြောင့် ကျောက်ကပ်ကို ထိခိုက်တာလည်း ရှိတယ်။ ကလေးတွေ ဝမ်းလျောဝမ်းပျက်ဖြစ်တာလည်း ရှိတယ်။ အများဆုံး ဖြစ်တာက ဝမ်းလျောဝမ်းပျက်ပေါ့။ " လို့ ပြောပါတယ်။

အစိုးရက ကျေးရွာနဲ့ ၉ မိုင်ခန့်ဝေးတဲ့ ပွန်ချောင်းကနေ သွယ်လာပေးမယ်ဆိုရင် ရေကို လုံလုံလောက်လောက် သုံးစွဲနိုင်တယ်။ ကျန်းမာရေးအတွက်သာမက ကျေးရွာမှာ တာဝန်ကျတဲ့ ပညာရေးဝန်ထမ်းတွေအတွက်လည်း အဆင်ပြေတယ်လို့ ဒေသခံတွေက ပြောဆိုကြပါတယ်။

## (အဖြေရှာရာဝယ်)

ဒီရေရှားတဲ့ ပြဿနာကို ဒီနှစ်တွေမှာ တာဝန်ရှိသူတွေက ပိုသတိထားမိလာတယ်။ အဖြေရှာဖို့ နည်းလမ်းတွေလည်း ကြံဆလာပါတယ်။

ဒီးမော့ဆိုမြို့နယ်နဲ့ ဖရူဆိုမြို့နယ်က ကျေးရွာတွေ ရေရှိရေးကို နိုင်ငံခြားကုမ္ပဏီနဲ့ ချိတ်ဆက်နေတယ်လို့ ကယားပြည်နယ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကိုက မတ်လ ၂၆ ရက်နေ့မှာ ကျေးရွာဥက္ကဋ္ဌတွေနဲ့ တွေ့ဆုံချိန် ပြောပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကို " ကျွန်တော်တို့ ကွင်းဆင်းပြီးတော့ လုပ်ဖို့ရှိတယ်။ ပွန်ချောင်းကနေ မြစ်ရေတင်စနစ်လေ။ ဖရူဆိုလည်းပါတယ်။ ဒီးမော့ဆိုကလည်း ၁၉ ရွာလားမသိဘူး ခုနက ပြောတဲ့ ဒေါဖု၊ ဒေါပဲ အုပ်စုလည်းပါတယ်။ အကုန်ပါမယ်။ ဒီဟာလုပ်ဖို့ ဒေါတကလဲကနေ အမြင့်ဆုံးတင်ထားမယ်။ ဒေါတကလဲကနေ လွှတ်ချမယ်။ အဲ့လိုတော့ ကျွန်တော်တို့ စီမံကိန်းတစ်ခုရှိထားတယ်။ " လို့ ပြောပါတယ်။

ရေရှားတဲ့ ကျေးရွာတွေမှာ NGOs အဖွဲ့အစည်းတွေကနေ ရေသွယ်တန်းပေးတာတွေရှိပေမဲ့ အဆင်မပြေတဲ့အတွက် ဒေသခံတွေက သက်ဆိုင်ရာ အစိုးရက ရေလုံလောက်မှုရရှိရေးကို ဆောင်ရွက်ပေးဖို့ ဆန္ဒရှိနေကြတယ်။

# သဘာဝဘေးဒဏ်ခံရသူများထံ ကယ်ဆယ်ရေးပစ္စည်းများ အမြန်ဆုံး ထောက်ပံ့ပေးမည်ဟုဆို

**စိုးရယ်**



ဘေးအန္တရာယ်စီမံခန့်ခွဲရေးဌာနမှ နိုင်ငံတော်၏ ပံ့ပိုးမှုဖြင့် ကယ်ဆယ်ရေးပစ္စည်းများကို သဘာဝဘေးဒဏ်ခံရသူထံသို့ အမြန်ဆုံးထောက်ပံ့ပေးနိုင်အောင်ဆောင်ရွက်သွားမည်ဟု ဒီးမော့ဆိုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ဝင်းက ပြောသည်။

ဧပြီလ ၁၇ ရက် ညနေ ၂ နာရီဝန်းကျင်က မိုးရွာသွန်းကာ လေပြင်းတိုက်ခတ်သဖြင့် ဒေါဖုကျေးရွာတွင် လူနေအိမ်အတော်များများ ပျက်စီးခဲ့သည်။

"ပျက်စီးမှုအခြေအနေနဲ့ ပျက်စီးမှုတန်ဖိုးတွေကို ကျွန်တော်တို့ သက်ဆိုင်ရာ အထက်အရာရှိ အဆက်ဆက်အစီရင်ခံစာကို တင်ပြသွားမယ်။"ဟု ဦးကျော်သက်ဝင်းက ပြောသည်။

ထိုပျက်စီးမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ၎င်းက ကန္တာရဝတီတိုင်း(မ်)ကို ပြောကြားသည်။

လေပြင်းတိုက်ခက်မှုကြောင့် ဒီးမော့ဆိုမြို့နယ်၏ အရှေ့တောင်ဘက်ခြမ်းရှိ ဒေါဖု၊ ဒေါပဲ့၊ ဒေါပဲ့ဒူ၊ ဘိုးလျား စသည့်ကျေးရွာများရှိ လူနေအိမ်အချို့လည်း ပျက်စီးခဲ့ကြောင်း သိရသည်။

ယင်းလေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၁၂ လုံးထက်မနည်း ပျက်စီးသွားသည်ဟု ဦးကျော်သက်ဝင်းက ပြောသည်။

အိမ်ခေါင်မိုးလုန်ခြင်း၊ အိမ်နံရံများ လွင့်စဉ်သွားခြင်း၊ စပါးကျီများ ပျက်စီးသဖြင့် သိုလှောင်ထားသောစပါးများ မိုးစိုကာပျက်စီးခြင်း အစရှိသော ပျက်စီးဆုံးရှုံးမှုမှာ ကျပ်သိန်း သိန်း ၄၀ ကျော်အထိ ရှိမည်ဟု တာဝန်ရှိသူများက ခန့်မှန်းသည်။

ယင်းပျက်စီးမှုများကြောင့် စားဝတ်နေရေး အဆင်မပြေမည်ကို ဒေသခံများက စိုးရိမ်မှုများ ရှိနေသည်။

"စားသောက်ဖို့အတွက် မရှိတော့မှာကိုလည်း အရမ်းစိုးရိမ်ပါတယ်။ ကျွန်မတို့ စပါးက သိပ်မများပါဘူး။ ဒါမဲ့ နှစ်တိုင်းစားဖို့ ဖူလုံမှုရှိအောင် စားနေရပါတယ်။"ဟု ဒေါဖုကျေးရွာနေ ဒေါ်စိုးမယ်က ပြောသည်။

ဒေါဖုကျေးရွာ ဥက္ကဋ္ဌ ဦးစူးရယ်က "သူတို့ရဲ့ အိမ်ကို နှစ်ကိုယ်အတိုင်းတော့ ပြန်လုပ်ပေးနိုင်ရင်ကောင်းမှာပေါ့။ ဒါမှလည်း သူတို့ စိတ်ပြန်သက်သာလာမယ်၊ ရွာသူရွာသားတွေက ဒီလိုဖြစ်လာတဲ့ ချိန်ကျတော့ ဘာမှမတတ်နိုင်ဘဲ ထိုင်ငိုတာ၊ လမ်းပေါ်လျှောက်ပြီး ငိုတာကလွဲရင် ဘာမှမတတ်နိုင်ကြဘူး။"ဟု ၎င်းက ညီးတွားသည်။

# ဒကစမှ သိမ်းဆည်းမြေကော ၂၀၀ ကျော် ပြန်စွန့်ရန် မူလမြေပိုင်ဒေသခံများ ဆန္ဒပြ

**စိုးရယ်**

တပ်သိမ်းမြေ ပြန်လည်ရရှိရရန်နှင့် အကျင့်ပျက်ဝန်ထမ်းများကို အလိုမရှိကြောင်း လွိုင်ကော်ဒေသခံ ၂၀၀ ကျော်က ဧပြီလ ၂၃ ရက်နေ့တွင် ဆန္ဒထုတ်ဖော်သည်။

ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်)မှ ၂၀၀၇ ခုနှစ်ကတည်းက သိမ်းယူထားခြင်းအပေါ် ပြန်စွန့်လွှတ်ရန် မထောခူရွာနှင့် ဇရပ်ဖြူရွာသူ/သားတို့စုပေါင်း၍ လူအင်အား ၂၀၀ ကျော်က လွိုင်ကော်မြို့အတွင်း စီတန်းလမ်း လျှောက်ကာ တောင်းဆိုသည်။

လောပိတကျေးရွာအနီးတွင် ၎င်းတို့၏မြေကို ဒကစက သိမ်းယူခဲ့ပြီးနောက် စရဖ တပ်မှူး(ငြိမ်း) ဦးထွန်းရွှေ၏ နာမည်ဖြင့် မြေစာရင်း ပုံစံ ၇ ထုတ်ပေးခဲ့ခြင်း အပေါ် တောင်သူများက မကျေနပ်ပေ။

အစောပိုင်းကာလ၌ ယင်းမြေယာပြဿနာကို ကယားပြည်နယ်လွှတ်တော်က ကြားနာစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ ယင်းနောက် လွှတ်တော်က ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြသည်။

ဝန်ကြီးချုပ်ကမူ လွှတ်တော်မှ တင်ပြလာသော ယင်းကိစ္စအား မှတ်တမ်းတင်ထားကြောင်း ဆန္ဒထုတ်ဖော်သူ နော်ဟဲကလိုထူးက ပြောသည်။

သို့သော် မြေယာသိမ်းဆည်းပြီးနောက် ပုံစံ ၇ ထုတ်ပေးခဲ့သည့် မြေယာစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ဆုံးဖြတ်ချက်က မှန်ကန်သည်ဟု ဝန်ကြီးချုပ်မှ ၎င်းတို့နှင့် တွေ့ဆုံစဉ် သဘောထားမှတ်ချက်ပေးခဲ့ကြောင်း နော်ဟဲကလိုထူးက ပြောသည်။

"ကိုယ့်ရဲ့မူလလက်ငုတ် အမှန် တကယ်လုပ်လာခဲ့တဲ့နေရာကို တဖက်လူကို တဖက်စောင်းနင်းပြီးတော့ ပေးလိုက်တယ်ဆိုတာ ကျွန်မတို့အနေနဲ့ လက်မခံနိုင်ဘူး။ အဲဒါကိုပြောပြတယ်၊ အဲဒါကို ဝန်ကြီးချုပ်က လက်မခံခဲ့ဘူး။ သူကပြောတာပေါ့နော အစ်မတို့ စာချွန်လွှာနဲ့ တက်ချင်တယ်ဆိုလည်း တက်ပေါ့ နော်။"ဟု ၎င်းက ပြောသည်။

ဌာနဆိုင်ရာ၏ ဆောင်ရွက်ချက်သည် မူလပိုင်ဆိုင် သူများအပေါ် အလေးမထားခဲ့သည့်အပေါ် "ဦးထွန်းရွှေဟာ မြေကော ၂၀၀ ကျော်ရရှိထားတာ လုံးဝမဖြစ်နိုင်ဘူး။ သူ့ရဲ့ ရပိုင်ခွင့်နဲ့ အာဏာကို အသုံးချခဲ့တယ်။"ဟု နော်ဟဲကလိုထူးက ပြောသည်။

အဆိုပါ တပ်သိမ်းမြေပြန်လည်ဖြေရှင်းပေးရေးကို ပြည်နယ်အစိုးရသို့ တင်ပြခဲ့ပြီး ၂ လ တုန့်ပြန်ဖြေရှင်းပေးခြင်း မရှိကြောင်း မြန်မာနိုင်ငံတောင်သူလယ်သမားပြည်သူ့ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီ ဒုဥက္ကဋ္ဌ ဦးတင်ရွှေက ပြောသည်။

"တရားဝင်စစ်ဆေးဆောင်ရွက်ရမယ်ဆိုတဲ့ အချက်ကို မျက်ကွယ်ပြုပြီး ခပ်တည်တည်နဲ့ ဌာနမှာ မှတ်ပုံတင်ပြီးထားသလိုလိုနဲ့ ဦးပိုင်တွေကို ထည့်သွင်းစစ်ဆေးပြီးတော့ စရဖ ဦးထွန်းရွှေကို အနိုင်ပေးခဲ့တယ်။" ဟု ဦးတင်ရွှေက ဝေဖန်သည်။






# ရွာပေါင်း ၂၀ အတွက် အကျိုးပြုမည့် ကုန်ထုတ်တံတား တည်ဆောက်ပေးရန် လိုလား

*စိုးရယ်*

ကျေးရွာပေါင်း ၂၀ နီးပါးရှိ တောင်သူများအတွက် အသုံးဝင်မည့် လယ်ယာကုန်ထုတ်တံတားတစ်စင်းကို ဒေါဘူးကူးကျေးရွာအုပ်စု၊ ဒေါသဲကျေးရွာအနီးရှိ ရေငုတ်တွင် ဆောက်လုပ်ပေးရန် ဒေသခံများ လိုလားနေသည်။

အိုကေအုပ်စု၊ ဆောင်ဒူအုပ်စု၊ ဒေါဘူးကူးအုပ်စုရှိ ဒေသခံများ၏ လယ်ကွက်မှ ဖြတ်သန်းဆောက် လုပ်ရမည့် ယင်းကုန်ထုတ်တံတားသည် သီးနှံများ သယ်ယူရန်နှင့် လယ်ယာလုပ်ငန်း လုပ်ကိုင်ရာတွင် များစွာအထောက် အကူဖြစ်လာမည်ဟု ဒေါသဲကျေးရွာနေ ဦးဒိရိက ပြောသည်။

"လာမလုပ်ပေးသေးသ၍တော့ ကျနော်တို့ ဆက်ပြီး တင်ပြသွားအုန်းမှာ"ဟု ၎င်းက ပြောသည်။

ယခင်နှစ်များက လယ်ယာထွက်ကုန်များ သယ်ယူရလွယ်ကူအောင် နီးစပ်ရာ တောင်သူအချို့မှ အချင်းချင်း ချိတ်ဆက်ကာ ပိုက်လုံးများဖြင့် ယာယီတံတားထိုးပြီး အသုံးပြုခဲ့သည်။

ယင်းယာယီတံတားသည် အချိန်ကာလနည်းငယ်သာ ခိုင်ခံသဖြင့် ရေရှည်အဆင်မပြေကြောင်း ဆိုသည်။

ကုန်ထုတ်တံတား ဆောက်လုပ်ပေးရန် ဆည်မြောင်းဝန်ကြီးဌာနသို့ တင်ပြတောင်းဆိုခဲ့သော်လည်း တုန့်ပြန်မှုမရှိခဲ့ဟု ဒေသခံများက ဆိုသည်။ ယခုနှစ်အတွက် လယ်ယာလုပ်ငန်း စတင်တော့မည်ဖြစ်ရာ အချိန်မီ ဆောက်လုပ်ပေးပါက တောင်သူတွေအတွက် ငွေယိုပေါက်များကို လျော့ကျလိမ့်မည်ဟု ဦးဒွေးရယ်က ပြောသည်။

"တံတားလုပ်သင့်တာ ကြာပြီ။" ဟု ၎င်းက ဆိုသည်။ လက်ရှိတွင် ရိတ်သိမ်းပြီး စပါးများကို ချောင်းရိုးတလျှောက် မိုးကာဖြင့် သယ်ယူကြသည်။ အချို့မှာမူ လူလုပ်အားဖြင့် ထမ်းပြီး သယ်ယူနေရသည်။

# စစ်ဘေးရှောင်ကျေးရွာတို့ရဲ့ဘဝ

**ဦးမြာ ၊ စိုးရယ်**



ဒီးမောဆိုမြို့နယ်ကနေ အရှေ့ဘက်ခြမ်း တစ်နာရီခရီးလောက်သွားရတဲ့ စစ်ဘေးရှောင်ခဲ့တဲ့ ကျေးရွာတစ်ရွာဖြစ်တဲ့ တဖိုကျေးရွာဟာဆိုရင် အခု ချိန်ထိ လမ်းပန်းဆက်သွယ်ရေး ခက်ခဲနေဆဲဖြစ်တဲ့ ကျေးရွာလေးပဲ ဖြစ်ပါတယ်။ အဲ့ဒီကျေးရွာလေးဟာ အိမ်ခြေ ၂၃ အိမ်ခန့်ရှိပြီး တောင်ယာလုပ်ငန်းကိုသာ အသက်မွေးဝမ်းကျောင်းအတွက် လုပ်ကိုင်နေကြရတာ ဖြစ်ပါတယ်။

အဲ့ဒီကျေးရွာထဲက ဒေသခံတွေဟာ ၁၉၉၅–၁၉၉၆ခုနှစ် ဖြတ်လေးဖြတ်မှာ စစ်ဘေးရှောင်အဖြစ် ထွက်ပြေး တိမ်းရှောင်ခဲ့ရပါတယ်။ ၂၀၀၄ ခုနှစ်မှာ နေရပ်ကို ပြန်လည်နေထိုင်ကြတာ ဖြစ်ပါတယ်။ ယခင်က နေရာတော်တော်များများမှာ တိုင်းရင်းသားလက်နက်ကိုင်တွေဖြစ်စေ၊ တပ်မတော်တွေဖြစ်စေ ကျေးလက်နေ အမျိုးသားတွေကို ပေါ်တာထမ်းဖို့ ခေါ်ဆောင်သွားကြပါတယ်။ အဲ့ဒီထဲမှာလည်း တဖိုကျေးရွာက အမျိုးသားတွေ ပါဝင်ခဲ့ပါတယ်။

စစ်ဘေးတိမ်းရှောင်ရတဲ့အချိန်မှာ စားဝတ်နေရေးအတွက် ခက်ခဲစွာ ဖြတ်သန်းခဲ့ရသလို မိမိတို့ကျေးရွာမှာ ကျန်ရှိခဲ့တဲ့ပစ္စည်းတွေဟာလည်း မီးရှို့ခံခဲ့ရတယ်လို့ ဦးဆော်ရယ်က သူကြုံတွေ့ခဲ့ရတာတွေကို ပြောပြပါတယ်။

တဖိုကျေးရွာသားမှ ဦးစိုးရယ်က " ကျွန်တော်တို့ သူများရွာမှာ သွားနေတော့ စားဝတ်နေရေး ဘယ်လိုမှ အဆင်မပြေဘူးလေ။ ကျွန်တော်တို့ တောင်ယာ၊ လယ်ယာလည်း မရှိဘူး။ ကျွန်တော်တို့ နေရပ်ကို ပြန်လာနေတော့ နည်းနည်းတော့ ပိုစားရလာတာပေါ့။ အဲ့ဒါကြောင့် ဒီမှာပဲ ကြိုးစားပြီး ပြန်လာနေတာ။ " လို့ ပြောပါတယ်။

၂၀၀၄ ခုနှစ်မှာ နေရပ်ကို ပြန်လာနေထိုင်ပေမဲ့ မိသားစုနေထိုင်ဖို့အတွက် အိမ်တစ်လုံးကိုတောင် မဆောက်နိုင်ကြသေးပါဘူး။ နေရပ်ကို ပြန်လည်နေထိုင်ဖို့အတွက် အဆင်ပြေသလိုသာ တဲထိုးပြီး နေခဲ့ရတာတွေလည်း ရှိတယ်လို့ ဒေသခံတွေက ပြောပါတယ်။

ကံတရားရဲ့ထောက်မမှုကြောင့် ၂၀၁၄–၂၀၁၅ ခုနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနက မိသားစုတစ်စုကို တန်ဖိုးနည်းအိမ်ရာတွေ ဆောက်ပေးတယ်။ ဒါပေမဲ့လည်း အိမ်ခြေ ၂၃ အိမ်ရှိတဲ့ အနက် မိသားစု ၂၀ အတွက်ပဲ ချပေးခဲ့တယ်လို့ ပြောပါတယ်။

လက်ရှိမှာတော့ တဖိုကျေးရွာဟာ တိုက်အိမ်တွေကို မပိုင်ဆိုင်ထားနိုင်ပေမဲ့ လေလုံမိုးလုံနေအိမ်မှာ နေထိုင်နေကြရပြီ ဖြစ်တဲ့အတွက် မိသားစုရဲ့ စိတ်ချမ်းသာစရာတွေကို ပိုင်ဆိုင်နိုင်ကြပါပြီ။

နေထိုင်စရာ အိမ်ကလေးတွေကို ပိုင်ဆိုင်နိုင်ပြီဖြစ်တဲ့ ဒေသခံတွေကတော့ စားဝတ်နေရေးအတွက် ယနေ့ထိ ကြိုးစားရုန်းကန်နေကြရဆဲ ဖြစ်ပါတယ်။ ကျေးရွာရှိ ကလေးသူငယ်တွေရဲ့ ပညာရေးနဲ့ ပတ်သက်ပြီး ဦးစိုးရယ်က အခုလို ပြောပြပါတယ်။

ဦးစိုးရယ်က " ကလေးတွေအတွက်ကတော့ ဘယ်လိုမှ အဆင်မပြေဘူး။ ဒီမှာ မြင်နေကြရတဲ့ အတိုင်းပဲ။ အဝတ်အစားတွေလည်း လုံလုံလောက်လောက် မရှိကြဘူး။ တစ်ခါတစ်လေ ရေးဖို့စာအုပ်တောင်မှ ဝယ်ဖို့ပိုက်ဆံမရှိဘူး။ လွယ်စရာလွယ်အိတ်လည်း မရှိဘူး။ စုတ်စုတ်ပြတ်ပြတ်တွေပဲ လွယ်နေကြရတယ်။ " လို့ ပြောပါတယ်။

လက်ရှိမှာတော့ အစိုးရကနေ မူလတန်းကျောင်းတစ်ကျောင်းကို ဖွင့်လှစ်ပေးထားပြီး ဆရာ၊ ဆရာမ ၅ ဦးက ကျောင်းသူ၊ ကျောင်းသား ၃၀ ဝန်းကျင်ကို သင်ကြားပေးနေရတာ ဖြစ်ပါတယ်။

ဒေသခံတွေဟာ မိမိတို့နေရပ်ကို ပြန်လည်နေထိုင်တာ ၁၄ နှစ်ဝန်းကျင်ရှိနေပြီ ဖြစ်ပေမဲ့ ပညာရေး၊ ကျန်းမာရေး အသိပညာနည်းပါးနေဆဲ ဖြစ်ပါတယ်။ အခုချိန်ထိ ကျေးရွာထဲမှ ဆယ်တန်းအောင်မြင်သူ၊ အဖွဲ့အစည်း၊ အစိုးရလုပ်ငန်းတွေမှာ အလုပ်အကိုင်ရရှိသူ တစ်စုံတစ်ယောက်မှ မရှိသေးပါဘူး။

ကျေးရွာထဲမှာ ကျေးလက်ဆေးပေးခန်းတွေ မရှိသေးတဲ့အတွက် မီးဖွားမယ့် မိခင်တွေအတွက် အခက်အခဲဖြစ်နေတယ်လို့ ဒေါ်ရီးမြာက အခုလို ပြောပြပါတယ်။

တဖိုကျေးရွာသူဒေါ်ရီးမြာက " လမ်းပေါ်မှာ သွားရင်းနဲ့ ကလေးပျက်သွားတာတွေလည်းရှိတယ်။ နောက်ပြီးတော့ ရွာထဲမှာပဲ ပျက်သွားတာတွေ လည်းရှိတယ်။ ရွာထဲမှာ နေပြီးတော့ ဆရာ၊ ဆရာမ တွေ အချိန်မှီ ဆေးလာမထိုးနိုင်ဘဲ ကလေးပျက်သွားတာတွေလည်းရှိတယ်။ သုံး၊ လေးယောက်လောက်ရှိနေပြီ။ " လို့ ပြောပါတယ်။

တဖိုကျေးရွာကို ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် အစိုးရကျန်းမာရေးဝန်ထမ်းတွေက တစ်လတစ်ကြိမ် လာရောက်စစ်ဆေးပေးနေပေမဲ့ ဒေသခံတွေ လိုအပ်တဲ့ ဆေးဝါးတွေကိုလည်း လုံလုံလောက်လောက်ပေးခဲ့တာတွေ မရှိဘူးလို့ ဒေါ်ရီးမြာက ကျန်းမာရေး အခက်အခဲကို ဆက်ပြောပြခဲ့ပါတယ်။

သက်ဆိုင်ရာ အစိုးရကို တောင်းဆိုခွင့်ရမယ်ဆိုရင် ကျေးရွာအတွက် သူ့ရဲ့ တောင်းဆိုမှုလေးကိုတော့ ဒေါ်ရီးမြာက အခုလို ပြောပြသွားပါတယ်။

တဖိုကျေးရွာ ဒေါ်ရီးမြာက " ကျွန်မတို့ တစ်နေရာရာသွားဖို့အတွက်၊ ပြီးတော့ ကျွန်မတို့ ကျန်းမာရေးတွေ မကောင်းတာရှိရင် ဆေးခန်းသွားပြဖို့ ကားတွေကို သွားရှာခေါ်တဲ့ အခါတွေမှာ ဆိုရင် အဆင်ပြေဖို့ လမ်းကို ကောင်းကောင်းမွန်မွန် လုပ်ပေးစေချင်တယ်။ မီးကလည်း ကျွန်မတို့ ညကြီးမိုးချုပ် သွားလာတာရင်လည်း မီးလိုအပ်တယ်။ အဲ့ဒါကြောင့် ကျွန်မတို့ အဲ့ဒါတွေကို လိုချင်တယ်။"လို့ ပြောပါတယ်။ ကယားပြည်နယ် ဒီးမော့ဆိုမြို့ထဲမှာရှိတဲ့ ဖွံ့ဖြိုးမှု အားနည်းနေသေးတဲ့ဒေသနဲ့ လျှပ်စစ်မီး မရရှိသေးတဲ့ ကျေးရွာထဲမှာ တဖိုကျေးရွာလည်း အပါအဝင် ဖြစ်ပါတယ်။ ဒေါ်ရီးမြာလိုပဲ တဖိုကျေးရွာက ဒေသခံတွေကလည်း အစိုးရထံ ကျေးရွာအတွက် လိုအပ်တာလေး ကို မျှော်လင့်နေကြပါတယ်။





# တရားဝင်စာချုပ်မရှိသဖြင့် မော်ချီးခဲ လုပ်သားများ၏ ကျန်းမာရေး ထိခိုက်မှု အာမခံချက်မရှိ

**ဦးမြာ**

မော်ချီးခဲသတ္တုတွင်းရှိ ခဲကျင်းတွင် လုပ်ကိုင်နေသည့် အလုပ်သမားများနှင့် အလုပ်ရှင်အကြား လုပ်ငန်းစာချုပ်ချုပ်ဆိုထားခြင်း မရှိသဖြင့် ကျန်းမာရေးပြဿနာများ ပေါ်ပေါက်ပါက အငြင်းပွားမှု ဖြေရှင်းပေးရန် အခက်အခဲရှိနေသည်။

လုပ်ငန်းခွင်မှ ရရှိလာသော ခဲအဆိပ်သင့်ရောဂါလက္ခဏာများ ဖြစ်ပွားပါက နစ်နာမှုကို ဖြေရှင်းရန် လမ်းကြောင်းတစ်ခုကို ဖန်တီးပေးရန် လိုအပ်နေပြီဟု ဖရူဆိုမြို့နယ်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသဲရယ်က ပြောသည်။

“သူတို့အခုလုပ်နေတာတွေက တရားဝင်မဟုတ်ဘူးလေ။ မှောင်ခိုပဲ လုပ်နေကြတော့ နိုင်ငံတော် အစိုးရဘက်ကနေ ကြည့်ရင်လည်း အခွန်လည်း မဝင်ဘူး။ အဲ့ဒါလည်း နိုင်ငံတော်အတွက် နစ်နာတယ်လို့ ကျွန်တော်ထင်တယ်။ ဒါတွေကို အစိုးရက လိုက်လုပ်ရမယ်။ ခဲကျင်းတွေကိုလည်း အကုန်လုံး တရားဝင် မှတ်ပုံတင်လုပ်ရမယ်။ အဲ့ဒါမှ နိုင်ငံတော်လည်း အခွန်ရမယ်။ တစ်ဖက်မှာလည်း အလုပ်သမားတွေ အလုပ်ရှင်တွေလည်း သူတို့အချင်းချင်းကြားမှာ ပြဿနာတွေ မဖြစ်လာတော့ဘူးပေါ့နော။”ဟု ၎င်းက ပြောသည်။

မော်ချီးခဲသတ္တုတွင်းသို့ သွားရောက်လုပ်ကိုင်ကြပြီးနောက်ပိုင်း ခဲအဆိပ်သင့်ရောဂါ ခံစားနေရသူထဲတွင် ဖရူဆိုဒေသခံအများအပြား ပါဝင်သည်။

၎င်းတို့အတွက် လျော်ကြေးပြန်လည်ရရှိရေး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသဲရယ်၊ ဖရူဆိုမြို့နယ်အထွေအထွေ အုပ်ချုပ်ရေးမှူး၊ မော်ချီးခဲသတ္တုတွင်း၏ ခဲကျင်းပိုင်ရှင်များနှင့် အလုပ်သမားတို့က ဧပြီလ ၂ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်းခဲ့သည်။

အလုပ်သမားနှင့် လုပ်ငန်းရှင်ကြား ပြဿနာဖြစ်ပွားလာလျှင် တစ်နှစ်အတွင်း တိုင်ကြားမှုများပြုလုပ်မှသာ ဥပဒေနှင့်ညီမည် ဟု ဆိုသည်။

ခဲအဆိပ်သင့်အလုပ်သမားများ၏ နစ်နာမှုအား တိုင်ကြားရာတွင် အချိန်ကာလ ၁ နှစ် ကျော်လွန်သွားပြီသဖြင့် အလုပ်သမားဥပဒေအရ အကျုံးမဝင်တော့ကြောင်း ဖရူဆိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးက ပြောသည်။

မော်ချီးခဲလုပ်ငန်းလုပ်ကိုင်ရာမှ ပြန်လာသူ ဖရူဆိုမြို့ ဦးစိုးရယ်က “ Gun ခဏခဏထိုးရတော့ တုန်ခါမှုတွေ ယမ်းငွေ့တွေ အရမ်းထိတယ်လေ။ ကျွန်တော် သုံးလလောက်နေမှ သိရတယ်။ တအားချောင်းဆိုးတော့ ကျွန်တော် ပြန်နားလိုက် တယ်။”ဟု ၎င်းက ပြောသည်။

ဖရူဆိုမြို့နယ်ရှိ ခဲဆိပ်သင့် အလုပ်သမားကိစ္စနှင့် ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ် ဦးသဲရယ်က မတ်လ ၃၁ ရက်နေ့၌ ကျင်းပသည့် ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် မေးခွန်းမေးမြန်းခဲ့သည်။

အလုပ်သမားနှင့် အလုပ်ရှင်ကြား ပြဿနာဖြစ်ပွားမှုမရှိအောင် ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှာ ကော်မတီတွေကို ဖွဲ့စည်းပေးထားပြီး အလုပ်သမားတွေ၊ အလုပ်ရှင်တွေကြား ဖြစ်ပွားနေတဲ့ ကိစ္စရပ်တွေကို တိုင်ကြားနိုင်ကြောင်း ပြည်နယ်အစိုးရအဖွဲ့၏ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်က ပြန်လည်ဖြေကြားသည်။

“လုပ်ငန်းရှင်ဖြစ်ဖြစ် အလုပ်သမား တွေပဲဖြစ်ဖြစ် သူတို့နှစ်ဖွဲ့ကြားမှာ ဘယ်သူမှ မနစ်နာဖို့အတွက် စာချုပ်တို့ ရှိသင့်တယ်လို့ ကျွန်တော် ထင်တယ်။ အခုက ဘာမှမရှိတော့ လုပ်ငန်းရှင် တွေရဲ့ အပြစ်လည်း မဟုတ်ဘူး။ အလုပ်သမားတွေ ရဲ့အပြစ်လည်း မဟုတ်ဘူး။ ဆိုတော့ ဒါတွေနဲ့ပတ်သက်ပြီး ဒီလိုတွေ နောက်ထပ်မဖြစ်အောင် အစိုးရတွေ အနေနဲ့ သူတို့တာဝန်ရှိတယ်။”ဟု လွှတ်တော်ကိုယ်စားလှယ် ဦးသဲရယ်က ပြောသည်။

ခဲအဆိပ်သင့်မှုကြောင့် ခဲသတ္တုတွင်းသို့ သွားရောက်လုပ်ကိုင်သော ဖရူဆိုဒေသခံများ ၂ နှစ်အတွင်း ၁၁ ယောက် သေဆုံးခဲ့ပြီး လက်ရှိ၌ ၃ ဦး ဆေးကုသမှု ခံယူနေရသည်။

ခဲအဆိပ်သင့် အလုပ်သမားများအတွက် အလုပ်ရှင်တွေက လူမှုရေးအရ ငွေကျပ် ၂၅ သိန်း ပြန်လည်ကူညီခဲ့သည်။

အလားတူ ခဲဆိပ်သင့်မှုသည် ဖရူဆိုမြို့နယ်သာမက တခြားသော မြို့နယ်များတွင်လည်း အများအပြားရှိနေသေးကြောင်း ဦးသဲရယ်က ပြောသည်။

ကြော်ငြာ ကိစ္စ ဆက်သွယ်လိုပါက .....

ဖုန်း – ၀၉၂၆၂၁၇၂၉၃၅

# လစာ ၊ စရိတ်၊ ချီးမြှင့်ငွေနှင့် ခံစားခွင့်များအကြောင်း

ကျော်စိုးသူ (Economic Development)ရေးသားသည်။

**" နိုင်ငံဝန်ထမ်းလစာများကို သာမန်အသုံးစရိတ်၏ ဝ၁း၀၁ လစာငွေ ခေါင်းစဉ်မှ ကျခံပေးခြင်းဖြစ်ပြီး နေ့စားလုပ်အားခများကိုမူ ဝ၃း၀၁ လုပ်အားခခေါင်းစဉ်မှ ထုတ်ယူပေးချေသည်။ နိုင်ငံရေးရာထူးများအတွက် လစာကိုမူ ဝ၁း၀၂ စရိတ်၊ ထုတ်ယူကျခံ သုံးစွဲလျက်ရှိပါသည်။ တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များကမူ စစ်ဖက်လစာကိုသာ ထုတ်ယူခံစားကြခြင်း ဖြစ်ပါသည်။ "**

ဧပြီလ ၂ရက်နေ့ သတင်းစာတွင်ပါလာသော မြန်မာနိုင်ငံအစိုးရနှင့် ကမ္ဘာဘဏ်တို့ ပူးတွဲပြု စုသည့် နိုင်ငံဝန်ထမ်း လစာ၊ စရိတ်၊ ချီးမြှင့်ငွေနှင့် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲခြင်းစနစ်များ၏ အားသာချက်နှင့် အားနည်းချက်များအကြောင်း အစီရင်ခံစာကို ဖတ်ပြီးချိန်တွင် ဤဆောင်းပါးကို ရေးဖို့အကြောင်းဖန်လာသည်။

ထိုဆောင်းပါးတွင် မြန်မာနိုင်ငံ၏ ဝန်ထမ်း လစာပမာဏဟာ ကောင်းမွန်တဲ့ အနေအထားမှာ ရှိပြီး လစာ၊ စရိတ် ချီးမြှင့်ငွေရဲ့အဆင့်ဟာ ဝန်ထမ်း များကို ရေရှည်ဆွဲဆောင်နိုင်ဖို့ အခွင့်အလမ်းရှိနေ ပါသည်ဟု ဆိုသည်။

သို့သော်လည်း ဘဏ္ဍာရေးအခြေအနေ တည်ငြိမ်ဖို့နှင့် ဝန်ထမ်းစွမ်းဆောင်ရည်များ ကောင်း မွန်ဖို့အတွက် ချင့်ချိန်ပြီး စီမံခန့်ခွဲဖို့ လိုအပ်ကြောင်း ဝန်ထမ်းဦးရေ အများအပြား ခန့်အပ်ခြင်းများနှင့် ဦးတည်အုပ်စုအတွက်သာ တိုးမြှင့်ခြင်းများအကြား ပြန်ချိန်ညှိရန်နှင့် ပိုမိုကောင်းမွန်သော နိုင်ငံ့ဝန်ထမ်း လစာခန့်မှန်းတွက်ချက်သည့် ပုံစံများတည်ဆောက် ရန် အကြံပြုထားတာကို တွေ့ရပါသည်။

သို့ရာတွင် မည်မျှကောင်း မွန်သော အစီရင် ခံစာဖြစ်ပါစေ လက် တွေ့ကျင့် သုံးဖို့ အားနည်း သောအစိုးရစနစ်နှင့် လက်တွေ့ကျင့်သုံးရာ တွင်လည်း အားနည်း လျက်ရှိသော အစိုးရ စနစ် ဖွဲ့စည်းတည် ဆောက် အုပ်ချုပ်မှုများကို သတိချပ်ရပါလိမ့် မည်။

ထို့အပြင် လစာ၊ စရိတ် နှင့်ချီးမြှင့်ငွေများနှင့် ဆက်စပ်နေ သော ဖွဲ့စည်းပုံများ၊ ခန့်ထား ရေး စနစ်များ၊ ကွာခြားနေသော စစ်ဘက်၊ အရပ်ဖက်လစာနှုန်း ထားများ၊ လစာ၊ ပင်စင်နှစ်သီး စားခွင့်များကို အရင်ဖြေရှင်းမှ လည်း လစာစရိတ်ပြဿနာကို ဖြေရှင်းနိုင်ပါလိမ့်မည်။ မဟုတ်ပါက ယခင်လိုပင် ရေတို ဖြေရှင်းခြင်းသာ ဖြစ်ပါလိမ့်မည်။

လစာနှင့် ပတ်သက်၍ အနည်းငယ် ရှင်းပြလို သည်။ လစာဟူသည် မှာ နိုင်ငံတာဝန်ကို ထမ်း ဆောင် ခြင်းကြောင့်ရရှိသော အခကြေးငွေပင်ဖြစ် သည်။ နိုင်ငံဝန်ထမ်းများ သည် ပြည်ထောင် စုမြန်မာ နိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာန၊ ရသုံးမှန်းခြေငွေစာရင်းမှ ထုတ်ပြန်သော လစာ နှုန်းထားများဖြင့် ရရှိခြင်းများ ဖြစ်ပါသည်။

နိုင်ငံရေးဝန်ထမ်းများအတွက်မူ စရိတ်၊ ချီးမြှင့် ငွေနှင့် အဆောင်အယောင်ဥပဒေမှ ပြဋ္ဌာန်းပေးထား ပြီးသားဖြစ်သည်။ သို့ရာတွင် အဆိုပါ အုပ်စုနှစ်ခု၏ ခံစားခွင့် ပမာဏသည် အလွန်ပင်ကွာခြားနေတာကို တွေ့ရပေသည်။

အနိမ့်ဆုံးအ ရပ်ဖက်လစာနှုန်းထားနှင့် အ မြင့် ဆုံး နိုင်ငံရေးလစာမှာ အဆ ၄၀ ကျော် ကွာ ခြားနေ သည် ကို တွေ့ရပေသည်။



ပါလီမန် ဒီမို ကရေစီ ခေတ်ဟောင်းတုန်းကပင် အနိမ့်ဆုံးနှင့် အမြင့် ဆုံးလစာ ကွာဟချက်မှာ ၁၀ ဆပင် မရှိပေ။ ယခု ခေတ်လစာနှင့် မူလလစာ နှုန်းထား ကွာဟချက်မှာ ပြန်လည်စဉ်းစား သုံးသပ်ရမည့်အချက်ပင် ဖြစ်ပါ တော့သည်။

လစာတင် ကွာခြားသည်မဟုတ် ဒေသအ တွက် ခွင့်ပြုထားသော ခံစားခွင့်များသည်လည်း အရပ်ဖက် အနိမ့်ဆုံး လစာထက် (၁၀) ဆမကပေ။ ထိုအကြောင်းအချက်များကို နှိုင်းယှဉ်ကာ အရပ် ဖက် ဝန်ထမ်းလစာနှုန်းထားများနှင့် နိုင်ငံရေး ရာထူး လစာများကို ပြန်လည်စဉ်းစား သုံးသပ်ကြရပါလိမ့် မည်။

နိုင်ငံဝန်ထမ်းလစာများကို သာမန်အသုံး စရိတ်၏ ဝ၁း၀၁ လစာငွေခေါင်းစဉ်မှ ကျခံပေးခြင်း ဖြစ်ပြီး နေ့စားလုပ်အားခများကိုမူ ဝ၃း၀၁ လုပ်အား ခခေါင်းစဉ်မှ ထုတ်ယူပေးချေသည်။ နိုင်ငံရေးရာထူး များအတွက် လစာကိုမူ ဝ၁း၀၂ စရိတ်၊ ထုတ်ယူကျခံ သုံးစွဲလျက်ရှိပါသည်။ တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ်များကမူ စစ်ဖက်လစာကိုသာ ထုတ် ယူခံစားကြခြင်း ဖြစ်ပါသည်။

ဤနေရာတွင် အကြောင်းသင့်၍ ထပ်မံဖော်ပြ လိုတာ ကတော့ စစ်ဖက်နှင့် အရပ်ဖက် လစာနှုန်း ထားပင်ဖြစ်ပါသည်။ အရပ်ဖက်ဌာနများ၏ အမြင့်ဆုံး ရာထူးဖြစ်သော ညွှန်ကြားရေးမှူးချုပ်၏ လစာမှာ စစ်ဖက်တွင် ဗိုလ်မှူးကြီး ရာထူးလစာနှင့်သာ တူညီ နေတာကို တွေ့ရပေသည်။

ဒါ့ကြောင့်ပင် ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာထဲ တွင် လူတစ်စု(သို့)အဖွဲ့အစည်းတစ်ခုအတွက်သာ ရည်ရွယ်တိုးမြှင့်ခဲ့ခြင်းများကို ပြန်လည်စဉ်းစားသုံး သပ်ရမည်ဟု ဆိုထားသည်။

လစာနှင့် ပတ်သက်ပြီး အဓိကအကျဆုံး ကိုင်တွယ်ဖြေရှင်းရမည့် ပြဿနာမှာ ဖွဲ့စည်းပုံများပင် ဖြစ်ပေသည်။ ၄င်းပြဿနာကို ကောင်းမွန်စွာ ဖြေရှင်း နိုင်မှသာ လစာကိစ္စကို ဖြေရှင်းနိုင်ပါလိမ့်မည်။

ယခင်အစိုးရလက်ထက် အဆမတန်ချဲ့ထွင်ခဲ့ သော ဖောင်းပွဝန်ကြီးဌာနများ ၊ ဖွဲ့စည်းပုံများနှင့် ဆင်းခါနီးမှ ဆောင်ရွက်ခဲ့သော အမြဲတမ်းအတွင်း ဝန်ရုံးစနစ်များက အစိုးရသစ်အတွက်သာ ဝန်ထုပ် ဝန်ပိုးဖြစ်စေသည်မကပဲ လစာတိုးရေးကဲ့သို့သော ကိစ္စအတွက်ပါ ခေါင်းခဲစရာအကြောင်းများ ဖြစ်ပေ သည်။

ဝန်ကြီးဌာန ၃၈ ခုမှ ၂၂ သို့ လျော့ချပြင်ဆင် ဖွဲ့စည်းခဲ့သော်လည်း တစ်လူတစ်မင်း ချဲ့ထွင်ထား သော ဦးစီးလုပ်ငန်းဌာနများကိုမူ လျော့ချပြင်ဆင် ပြောင်းလဲနိုင်ခဲ့ခြင်း မရှိတာကို တွေ့ရပေသည်။

အမြဲတမ်း အတွင်းဝန်ရုံးများသည်လည်း ပူး ပေါင်းနိုင်ခြင်း မရှိကြပေ။ နာမည်သာပေါင်းပြီး လုပ်ငန်းများနှင့် ဘတ်ဂျက် ပူးပေါင်းခြင်း မရှိကြတာ ကိုလည်း တွေ့ရပေသည်။

ဝန်ကြီးဌာနများ လျော့သွားသော်လည်း အ သစ်ထပ်မံ ဖွဲ့စည်းသည့် ဝန်ကြီးဌာနအောက်တွင် ဦးစီးဌာနဖွဲ့စည်းပုံသစ်များ တိုးလာသည်ကို တွေ့ရ ပေသည်။

ဒါ့ကြောင့် အသွင်သဏ္ဌာန်သာပြောင်းပြီး အ နှစ်သာရ မပြောင်းနိုင်ကြတာကို တွေ့ရပေသည်။ ထိုကဲ့သို့ ဖောင်းပွဖွဲ့စည်းပုံများကြောင့် လစာနှုန်း ထားတိုးရာတွင် နိုင်ငံတော်၏ ဘတ်ဂျက်လိုငွေကို ကြီးမားစွာ ထိခိုက်စေမည်ဖြစ်သောကြောင့် ဖွဲ့စည်း ပုံများကို ကျစ်လစ်အောင် လုပ်နိုင်မှသာ လစာနှုန်း ထားတိုးဖို့အတွက် အဆင်ပြေပါလိမ့်မည်။

ဤနေရာတွင် တစ်ခုထောက်ပြလိုသည်မှာ နိုင်ငံရေးရာထူးများသည် သီးခြားပြဋ္ဌာန်းထားသော စရိတ်၊ ချီးမြှင့်ငွေနှင့် အဆောင်အယောင်ဥပဒေအရ အခြားအမြဲတမ်းဝန်ထမ်းများ၏ လစာ၊ စရိတ်များ ထက် ကွာခြားနေသလို ထုတ်ယူရာတွင်လည်း အ ဆင်ပြေ လွယ်ကူတာကို တွေ့ရပေသည်။ သာမန် ဝန်ထမ်းများ၏ စရိတ်ခံစားခွင့်များမှာ တိတ်ကျကျ သတ်မှတ်ထားခြင်းမရှိသလို ထုတ်ယူရာတွင်လည်း ခေတ်စနစ်နှင့် မကိုက်ညီတော့သော လုပ်ထုံးလုပ် နည်းများကို တွေ့ရပေသည်။

အချုပ်အားဖြင့်ဆိုသော် လစာနှုန်းထား များ တိုးမြှင့်ရေးအတွက် အခြားသော ပြုပြင်ပြောင်း လဲရမည့် အရာများကို အရင်ဆုံးပြောင်းလဲ ရပေ လိမ့်မည်။ ဖွဲ့စည်းပုံများကျစ်လစ်ရေး ၊ စစ်ဖက်အရပ် ဖက်လစာနှုန်းထားများ ပြန်လည်ချိန်ညှိရေးနှင့် အစိုးရ၏ လေလွင့်အသုံးစရိတ်များ စိစစ်လျော့ချနိုင် ရေးတို့ကို အဓိကထား ဦးတည်ဆောင်ရွက်ရပေ လိမ့်မည်။

သို့မှသာ လစာနှုန်းထားများကို ခေတ်စနစ် လျော်ညီသော နှုန်းထားများအဖြစ် တိုးမြှင့်ပေးနိုင် မည်ဖြစ်သလို တိုးခြင်း၏ အကျိုးဆက်ကိုလည်း ခံစားရပေလိမ့်မည်။ သို့မဟုတ်ပါက လစာတိုးလာ သည့် တပြိုင်နက် တက်လာသော ကုန်ဈေးနှုန်းများ ကြောင့် လစာတိုးခြင်း၏ အကျိုးကျေးဇူးကို မခံစား ရဘဲ ငွေဖောင်းပွမှုသာ အဖတ်တင်ကျန်ရစ်မည်ဖြစ် ကြောင်း မီးမောင်းထိုးရေးသားလိုက်ရပေသည်။



ပုံ - အင်တာနက်

ကြော်ငြာ ကိစ္စ ဆက်သွယ်လိုပါက .....
ဖုန်း - ၀၉၂၆၂၁၇၂၈၃၅


၂၀၁၃ ခုနှစ်၊ ဇန္နဝါရီလတွင် စတင်ဖြန့်ချိသည်။

# ဟိုတုန်းကပင်လုံ

ဘိုထီး(ငွေတောင်ပြည်)ရေးသားသည်။

မြန်မာနိုင်ငံမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားများ တစ်ဦးနှင့်တစ်ဦး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် နေထိုင်နိုင်ဖို့ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့၊ နံနက် (၁၀း၀၀) နာရီအချိန်မှာ ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့မှာ သဘောတူလက်မှတ်ရေးထိုးခဲ့တယ်။

လက်မှတ်ရေးထိုးခဲ့ကြတဲ့ တိုင်းရင်းသားခေါင်းဆောင် ၂၃ ဦးသာ ရှိခဲ့ပေမဲ့ သူတို့ဟာ ပြည်နယ်ဒေသအားလုံးကို ကိုယ်စားပြုခေါင်းဆောင်တွေ ဖြစ်ကြတယ်။

တိုင်းရင်းသားခေါင်းဆောင်တွေဟာ လူမျိုးစုကို ကိုယ်စားမပြုဘဲ ပြည်နယ်ဒေသကို ကိုယ်စားပြုရတဲ့ အဓိက အကြောင်းရင်းကတော့ ပြည်ထောင်စုကြီးတစ်ခု တည်ထောင်ဖို့ ရည်ရွယ်တဲ့ လက်မှတ်ထိုးပွဲဖြစ်လို့ပါပဲ။

ပြည်နယ်ဒေသတစ်ခုနှင့်တစ်ခု ပူးပေါင်းမှသာ ပြည်ထောင်စုဖြစ်လာတာကြောင့် ပြည်နယ်ဒေသကို ကိုယ်စားပြုတဲ့ တိုင်းရင်းသားခေါင်းဆောင်တွေကသာ ပြည်ထောင်စုတစ်ခုကို တည်ထောင်နိုင်တဲ့ အခွင့်အရေးရရှိတာ ဖြစ်ပါတယ်။

အကယ်၍ ၁၉၄၇ ခုနှစ် ပင်လုံညီလာခံကြီးကို မကျင်းပနိုင်ခဲ့ရင် တောင်မှ ပြည်နယ်ဒေသ တစ်ခုနှင့်တစ်ခု ပူးပေါင်းပြီး တောင်တန်းဒေသတစ်ခုလုံးပါဝင်တဲ့ ပြည်ထောင်စုကြီးတစ်ခုကို တည်ထောင်ဖို့ တိုင်းရင်းသားခေါင်းဆောင်တွေမှာ အစီအစဉ်ရှိပြီးသားပါ။

ဒါပေမဲ့ တိုင်းရင်းသားခေါင်းဆောင်တွေရဲ့ အစီအစဉ်ကို သိပြီး အနာဂတ်မြန်မာနိုင်ငံအတွက် အမြော်အမြင်ကြီးမားတဲ့ ဗိုလ်ချုပ်အောင်ဆန်းက တောင်တန်းနှင့်မြေပြန့် ပူးပေါင်းဖို့ ကြိုးစားလုပ်ဆောင်ရင်းနဲ့ ပင်လုံညီလာကြီး ပေါ်ပေါက်လာတာ ဖြစ်တယ်။

ပြည်ထောင်စုစိတ်ဓါတ်ဆိုတာ ညီနောင်တိုင်းရင်းသားအချင်းချင်း ဥမကွဲ၊ သိုက်မပျက် အတူတကွ နေထိုင်လိုတဲ့ စိတ်ဓါတ်ကို ဆိုလိုတာပါ။

ကိုယ့်လူမျိုးစု ကိုယ့်အဖွဲ့အစည်းကိုသာ ကိုယ်စားပြုလိုတဲ့ စိတ်ဓါတ်ဟာ ပြည်ထောင်စု စိတ်ဓါတ်မဟုတ်ပါဘူး။ ကိုယ့်ရဲ့ ပြည်နယ်ဒေသကို ကိုယ်စားမပြုလိုတဲ့ စိတ်ဓါတ်ဟာ တိုင်းရင်းသားတို့ရဲ့ နှလုံးသားချင်း သွေးနှီးအောင် မလုပ်ဆောင်နိုင်ခဲ့ပါဘူး။

ပြည်နယ်ဒေသကို ကိုယ်စားပြုတဲ့ တိုင်းရင်းသားခေါင်းဆောင်တွေ စုပေါင်းလက်မှတ်ရေးထိုးထားတဲ့ ပင်လုံစာချုပ်ဟာ မြန်မာ့သမိုင်းမှာ တောင်တန်းနှင့် မြေပြန့်တို့ရဲ့ စည်းလုံးညီညွတ်မှု မျိုးစေ့ကို ချပေးတဲ့ မှတ်တိုင်တစ်ခု ဖြစ်ပါတယ်။

၂၁ ရာစုပင်လုံငြိမ်းချမ်းရေးညီလာခံဟာ ပြည်ထောင်စုတစ်ခုဆီကို ဦးတည်တဲ့ ညီလာခံတစ်ခုဖြစ်တယ်၊ မဖြစ်ဘူးဆိုတာ ညီလာခံကို တက်ရောက်လာတဲ့ ကိုယ်စားလှယ်တွေက ပြည်နယ်ဒေသကို ကိုယ်စားပြုတယ်၊ မပြုဘူး အပေါ်မှာပဲ အဓိက မူတည်တယ်။

၁၉၄၇ ခုနှစ် ပင်လုံညီလာခံဟာ တိုင်းရင်းသားတွေကို ခွဲထွက်ခွင့်ပေးထားတဲ့ ညီလာခံတစ်ခုဖြစ်ပေမဲ့ ၂၁ ရာစု ပင်လုံညီလာခံက တိုင်းရင်းသားတွေကို ခွဲထွက်ခွင့်မပေးပါဘူး။

ဒီလိုဖြစ်ရတဲ့ အဓိက အကြောင်းရင်းကတော့ ၁၉၄၇ ခုနှစ်



ညီလာခံကို တက်ရောက်ကြတဲ့ ကိုယ်စားလှယ်တွေဟာ လူမျိုးစုကို ကိုယ်စားပြုတဲ့ ကိုယ်စားလှယ်တွေ လုံးဝမပါရှိဘဲ ပြည်နယ်ကိုသာ ကိုယ်စားပြုတဲ့ ကိုယ်စားလှယ်တွေသာပါရှိတာကြောင့် ဖြစ်ပါတယ်။

၂၁ ရာစု ဒုတိယအကြိမ် ပင်လုံညီလာခံက ရရှိတဲ့ သဘောတူစာချုပ် အပိုင်း (၁)ရဲ့ အပိုဒ် (၅)မှာ ပြည်နယ်ဒေသအသီးသီး၏ ခေါင်းဆောင်များလို့ ထည့်သွင်းဖော်ပြရမယ့်အစား အစုအဖွဲ့အသီးသီး၏ ခေါင်းဆောင်များလို့ ထည့်သွင်းဖော်ပြထားတာကို တွေ့ရတယ်။

အဲ့ဒီဖော်ပြချက်ဟာ တာဝန်ရှိသူရဲ့ ဆန္ဒသဘောမဟုတ်ဘဲ ညီလာခံကို တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်များကိုယ်တိုင် ပြည်နယ်ဒေသကို ကိုယ်စားမပြုဘဲ အစုအဖွဲ့ကိုသာ ကိုယ်စားပြုတာကြောင့်ပဲ ဖြစ်ပါတယ်။

၂၀၁၇ ခုနှစ် မေလ ၂၉ ရက်နေ့က သဘောတူညီချက်တစ်ခုဖြစ်တဲ့ ဖက်ဒရယ်စနစ်တွင် အခြေခံရမည့်မူများ အခန်းမှာ တန်းတူရေးနှင့် ပတ်သက်ပြီး တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ လူမှုရေးအရဖြစ်စေ တန်းတူညီတူ အခွင့်အရေးရရှိရမည့်အပြင် ဘာသာစကား စာပေနှင့် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ထိန်းသိမ်းကာကွယ်မြင့်တင်ခွင့်ရှိရမယ်လို့ ဖော်ပြထားတယ်။

အဲ့ဒီဖော်ပြချင်တွေဟာ ဗဟိုအစိုးရရဲ့ ဦးဆောင်မှု အောက်က ရရှိလာတဲ့ သဘောတူညီချက်တွေသာ ဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ ပြည်နယ်ဒေသနှင့် တိုင်းဒေသတို့ရဲ့ တန်းတူအခွင့်အရေး၊ ပြည်နယ်ဒေသရဲ့ ကိုယ်ပိုင်ပြဌာန်းခွင့်ကို ထည့်သွင်းဖော်ပြတာကို မတွေ့ရှိရလို့ပဲ ဖြစ်ပါတယ်။

၁၉၄၆ ခုနှစ် ဒီဇင်ဘာ ၂၃ ရက် လွိုင်ကော်မြို့ ဓမ္မာရုံမှာ ကရင်နှစ်သစ်ကူးပွဲတော် ကျင်းပတဲ့နေ့မှာ ရောက်ရှိလာတဲ့ ဗိုလ်ချုပ်အောင်ဆန်းက ကရင်နီတိုင်းရင်းသားတို့ရဲ့ အခွင့်အရေးနှင့် ပတ်သက်ပြီး အင်္ဂလိပ်ပေးထားတဲ့ ကရင်နီပြည်လွတ်လပ်ရေးသည် ပြည့်ဝသော လွတ်လပ်ရေးဟု မဆိုနိုင်ကြောင်း၊ ဗမာပြည်ရရှိမည့် လွတ်လပ်ရေးသည် အပြည့်အဝ လွတ်လပ်ရေး ရရှိမည်ဖြစ်ကြောင်း၊ ကရင်နီအနေဖြင့် ဖွဲ့စည်းမည့် ပြည်ထောင်စုဗမာနိုင်ငံတွင် ပြည်နယ်တစ်ခုအဖြင့် ပါဝင်ပါက ကရင်နီပြည်သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့် အပြည့်အဝရရှိစေမည်ဖြစ်ပြီး ကရင်နီပြည်တွင်းကို ဗမာက လုံးဝဝင်စွက်ဖက်မည် မဟုတ်ကြောင်း ကရင်နီပြည်အရေးကို ကရင်နီပြည်သူပြည်သားများကသာ တိုက်ရိုက်ကိုယ်တိုင်ပြဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် အပြည့်အဝရရှိစေမည်ဖြစ်ကြောင်း ပြောကြားသွားပါတယ်။

ဆက်လက်ပြီး ဗိုလ်ချုပ်က ကရင်နီခေါင်းဆောင်များ ဗမာလွတ်လပ်ရေးရအောင် ကြိုးစားကြပါ။ နိုင်ငံတော်ဖွဲ့စည်းပုံရေးဆွဲပြီးပါက ကရင်နီပြည်အနေဖြင့် ပြည်ထောင်စုတွင် ပါဝင်သင့်၊ မသင့် နောက်မှ ပြည်သူ့ဆန္ဒသဘောထားရယူမည်ဖြစ်ကြောင်း ပြောကြားသွားပါတယ်။

၂၁ ရာစု ပင်လုံညီလာခံကို တက်ရောက်ကြတဲ့ ကိုယ်စားလှယ်များအနေနဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ပင်လုံကတိကဝတ်တွေကို ပြန်ပြီး အကောင်အထည်ဖော်ချင်တယ်ဆိုရင် ပြည်နယ်ကိုယ်စားပြု ကိုယ်စားလှယ်ဖြစ်အောင် ဦးစွာကြိုးစားဖို့ တိုက်တွန်းချင်ပါတယ်။

၂၁ ရာစု ပင်လုံညီလာခံကို ဦးဆောင်ကျင်းပတဲ့ တာဝန်ရှိအစိုးရက တိုင်းရင်းသားတွေရဲ့ တောင်းဆိုချက်ကို မလိုက်လျောနိုင်သေးတာဟာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ပင်လုံကတိကဝတ်ကို လျစ်လျူရှုတာ မဟုတ်ပါဘူး။

ပြည်နယ်ကို ကိုယ်စားပြုတဲ့ကိုယ်စားလှယ်အင်အား နည်းနေသေးတာကြောင့် တိုင်းရင်းသားတို့ရဲ့ တောင်းဆိုချက်ကို မလိုက်လျောနိုင်သေးတာပါ။ ဟိုတုန်းက ပင်လုံစာချုပ်နဲ့ ပင်လုံစိတ်ဓါတ် ဆက်လက်ရှင်သန်နိုင်အောင် အတူတကွ ဝိုင်းဝန်းစောင့်ရှောက်နိုင်ကြပါစေ။


## ကြော်များ ရနိုင်ပြီ

- ကြော်ဆိုင် ဖွင့်ချင်လား
- ဆင်စာ ကျွေးချင်လား
- အချောင်းအရေအတွက် လိုက်ဝယ်ချင်လား
- အပြတ်လိုက် ဝယ်ချင်လား

ကြော်များ ရောင်းချပေးနေပါသည်။

ဆက်သွယ်ရန် ....
– ၀၉ ၇၇၆ ၅၂၉ ၉၈၃



*ကန္တာရဝတီတိုင်း(မ်) ဂျာနယ်တွင် လူငယ်များ အတွက် အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပရဟိတ လုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များကို **အခမဲ့** ကြော်ငြာနိုင်ပါသည်၊*

**ဆက်သွယ်ရန် လိပ်စာ**

**ဖုန်း – ၀၉၂၆၂၁၇၂၉၃၅၊ ၀၉၇၈၉၇၉၂၆၈၉**



သတင်းအချက်အလက်များ ရရှိမှုနည်းပါးသည့် ဟိုယာမြို့နယ်၊ ယိုယာအုပ်စု၊ ရာပေရားအုပ်စုနှင့် ဒေါလာစောအုပ်စုအတွင်းရှိ ကျေးရွာများအတွက် KNPP အမှတ်(၃) ခရိုင်အုပ်ချုပ်ရေးမှူး၊ KNPP ပြည်ထဲရေး ဒု – ဝန်ကြီး ခူးလော်ရယ်မှ တစ်လ တစ်ကြိမ်ထုတ် Kantarawaddy Times ဂျာနယ်ကို တစ်လလျှင် စောင်ရေ (၅၀) တစ်နှစ်စာ လှူဒါန်းသည်။

# ဖွံ့ဖြိုးရေးအကျည်းတန်မှု (ဝါ) ပွင့်လင်းမြင်သာမှုမရှိခြင်းနှင့် တာဝန်ယူမ

**စောအယ်စေး (KEAN)ရေးသားသည်။**



*လွိုင်နန်းဖတောင်၏ နေဝင်ဆည်းဆာကို လွိုင်ကော်မြို့မှလှမ်းမြင်ရစဉ်။ ( Photo by: KEAN)*

**ဘီလပ်မြေစက်ရုံစီမံကိန်းအစပျိုးချိန်**

များမကြာခင် တည်ဆောက်ရန် ဆိုင်းပြင်နေသည့် တစ်နေ့တန် ၄၀၀၀ ကျ ဘီလပ်မြေစက်ရုံစီမံကိန်းသည် ဒေသခံများအကြား ပူပန်မှုများ တဖန်ဖြစ်ပေါ်လာပြန်သည်။

ကယားပြည်နယ်တွင် တည်ဆောက်ရန် လျာထားသည့် ယင်းဘီလပ်မြေစက်ရုံသည် တစ်နိုင်ငံလုံး အတိုင်းအတာအရလည်း အကြီးစားအတန်းဝင် စီမံကိန်းတစ်ခု ဖြစ်လာနိုင်ဖွယ်ရှိနေသည်။ တည်ဆောက်ဖြစ်မည်ဆိုပါက ယင်းသည် ကယားပြည်နယ်အတွင်း ပထမဆုံး တည်ရှိလာမည့် ဘီလပ်မြေစက်ရုံဖြစ်သည်။

စီမံကိန်းဖေါ်ဆောင်ရန် အစပျိုးချိန်တွင် ပွင့်လင်းမြင်သာမှုမရှိသော ချဉ်းကပ်ဝင်ရောက်လာမှုကို ကယားအခြေစိုက် အရပ်ဘက်အဖွဲ့အစည်းအများအပြားက ဝေဖန်သည်။

စီမံကိန်းနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိရန် ဒေသခံများနှင့် အရပ်ဘက်အဖွဲ့အစည်းအများက တစိုက်မတ်မတ် တောင်းဆိုကြသည်။

ဒေအခုချိန်မှာ ဒီလိုစီမံကိန်းမျိုး မလိုအပ်ဘူး၊ အချိန်မတန်သေးဘူး၊ ဒီလိုစီမံကိန်းမျိုးအစား ပြည်သူလူထုကို အမှန်တကယ်အကျိုးရှိစေမယ့် တခြားစီမံကိန်းကို လုပ်ပါလား။ဖော ဘီလပ်မြေစက်ရုံကို ခါးခါးသီးသီး ငြင်းဆန်သူက ညီးတွားသည်။

၎င်းသည် ဘီလပ်မြေစက်ရုံစီမံကိန်းကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝကို ထိခိုက်လာနိုင်မည့်အရေး ဦးဆောင်ကန့်ကွက်လှုပ်ရှားသူလည်း ဖြစ်သည်။

စီမံကိန်းကို အကောင်အထည်ဖော်လိုသူများမှ ၎င်းအား အသက်အန္တရာယ်ခြိမ်းခြောက်နေသည်။ ၎င်း၏ သဘောကဲ့သို့ အလားတူ ဒေသခံများ အများအပြားကလည်း ယင်းသို့ သဘောထားကြသည်။

**နောက်ခံအကြောင်းအရာ**

ဘီလပ်မြေစက်ရုံကို ညီညာစွမ်းအားစုလုပ်ငန်းကုမ္ပဏီလိမိတက်က ယခုနှစ်ပိုင်းကာလတွင် အကောင်အထည်ဖေါ်ရန် ပြန်လည်ကြိုးစားလာသည်။

Square Power Group Co.Lt d (ညီညာစွမ်းအားလုပ်ငန်းစုကုမ္ပဏီလိမိတက်)ဆိုသည်မှာ Asia Square Power Co.Ltd၊ Golden Gate international Co.Ltd/ Happy Cook Manufacturing Co.Ltd - New Step Services နှင့် TOM International Company Ltd တို့ ပါဝင်ဖွဲ့စည်းထားသော လုပ်ငန်းအစုအဖွဲ့ ဖြစ်သည်။

၂၀၁၁ နှစ်ကုန်ပိုင်းမှ စတင်၍ ကယား(ကရင်နီ)ပြည်နယ်အတွင်းရှိ ပကြဲဒေသ(လွိုင်ကော်မြို့နှင့် ၃ မိုင်ခန့်အကွာ)သို့ တစ်ရက်တန် ၄ ထောင်ကျ ဘီလပ်မြေစက်ရုံစီမံကိန်းကို အကောင်အထည်ဖော်ရန် ချဉ်းကပ်ဝင်ရောက်လာသော လုပ်ငန်းအစုအဖွဲ့တစ်ခု ဖြစ်သည်။

၎င်းလုပ်ငန်းအစုအဖွဲ့တွင် ပါဝင်ပတ်သက်သော ရင်းနှီးမြှုပ်နှံသူများသည် ယခင်စစ်အစိုးရလက်ထက်မှ ဗိုလ်ချုပ်ကြီးများနှင့် ပါဝင်ပတ်သက်သော မိသားစုဝင်များနှင့် အပေါင်းအပါများဖြစ်ကြပြီး နောက်ကွယ်မှ ပါဝင်ပတ်သက်နေသူများလည်း ဖြစ်သည်။

စီမံကိန်း၏ မူလအစတွင် စက်ရုံ တည်ဆောက်ရန်မြေ ၅၀၀ ဧကနှင့် ထုံးကျောက်ကုန်ကြမ်းထုတ်လုပ်ရန်အတွက် ထုံးကျောက်တောင် ၇၀၀ ဧကအား အသုံးပြုခွင့်ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံကော်မရှင်ထံမှ ၂၀၁၁ နှစ်ကုန်ပိုင်းတွင် ရရှိထားသည်။

စီမံကိန်းကိုအကောင်အထည်ဖော်သူများသည် စီမံကိန်းကိုအကောင်အထည်ဖော်နိုင်ရန်အတွက် ပြည်နယ် အစိုးရ၊ ဌာနဆိုင်ရာများနှင့် ချဉ်းကပ်၍ စီမံကိန်အား အကောင်အထည်ဖော်နိုင်ရန် ချဉ်းကပ်လုပ်ဆောင်ခဲ့ကြသည်။

**ကန့်ကွက်မှု၏ နောက်ကွယ်**

သို့သော်လည်း ထိုစီမံကိန်းသည် စတင်ဝင်ရောက်လာချိန်မှ စတင်၍ ဒေသခံပြည်သူလူထုများ၊ ဒေသအခြေပြု နိုင်ငံရေးပါတီများနှင့် လူထုအခြေပြု အရပ်ဖက်အသင်းအဖွဲ့များ၏ ကန့်ကွက်မှုများနှင့် ကြုံတွေ့ခဲ့ရသည်။

" ဘီလပ်မြေစက်ရုံလာ ဆောက်မယ်ဆိုတာကို ကျွန်တော်တို့ ဒေသခံတွေအနေနဲ့ တိတိကျကျ ဘာမှမသိရဘူး၊ သဘောထားဆန္ဒတွေကို ကြိုတင်သဘောတူညီချက်တွေ ရယူတာမရှိဘူး၊ ဘယ်လိုဆိုးကျိုးတွေ ရှိမယ်ဆိုတာတွေကိုလည်း ဘာမှရှင်းရှင်းလင်းမပြောပြဘူး။ သူတို့က ကျွန်တော်တို့ကို အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးမယ်၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွေကို လုပ်ဆောင်ပေးမယ်လို့ ပြောတယ်။ ဒါပေမဲ့ သူတို့က ကျွန်တော်တို့ကို အတင်းလက်ခံခိုင်းတယ်၊ သူတို့ရောက်လာပြီးနောက်ပိုင်း စီမံကိန်းကြောင့် ကျွန်တော်တို့ အချင်းချင်းကြားမှာရှိတဲ့ နားလည်မှုတွေ၊ စည်းလုံးမှုတွေ လျော့နည်းလာတယ်။"ဟု ကန့်ကွက်ရခြင်းများနှင့် ပတ်သက်၍ ပကြဲဒေသခံ တောင်သူတစ်ဦးက ပြောသည်။

စီမံကိန်းကို ဦးဆောင်ကန့်ကွက်နေသော ဒေသခံများသည်လည်း ဖိအားပေးမှုခံရခြင်း၊ တရားစွဲဆိုခံနေရသည်။

စီမံကိန်းဧရိယာအတွင်း ကျရောက်လျက်ရှိသော တောင်ယာမြေဧက ၂၀၀ ကျော်အတွက် ဦးပိုင်ပေါက်သူများအား ကုမ္ပဏီမှ မြေယာလျော်ကြေးများ ပေးအပ်ထားပြီးသားဟု ဖော်ပြထားသည်။ သို့သော် ထိုမြေလျော်ကြေးပမာဏကို ကျေနပ်မှုမရှိသော်လည်း ဒေသခံများမှ လက်ခံရယူစေခဲ့သည်။

ယင်းနေရာတွင် အကောင်အထည်ဖေါ်ရန် စီစဉ်နေချိန် ဒေသခံလူထုအား ဒေသခံများ၏ သဘောတူညီချက် မရယူနိုင်ခြင်းနှင့် ဖိအားပေး လုပ်ဆောင်ခြင်းများကြောင့် ကန့်ကွက်မှုများနှင့် ဆက်လက်ရင်ဆိုင်နေရပြီး ၂၀၁၇ ခုနှစ် နှစ်ကုန်အထိ စီမံကိန်းလုပ်ငန်းများ တန့်နေသည်။

**စီမံကိန်းအကောင်အထည်ဖေါ်ရန်တဖန်ကြိုးစားခြင်း**

၂၀၁၈ ခုနှစ် အစောပိုင်းကာလတွင် ညီညာစွမ်းအားလုပ်ငန်းစုကုမ္ပဏီသည် ထိုရပ်ဆိုင်းသွား သော ဘီလပ်မြေစီမံကိန်းကို အကောင်အထည်ဖော်နိုင်ရန် ပြည်နယ်အစိုးရထံသို့ ပြန်လည်ချဉ်းကပ်လာသည်။

စီမံကိန်းအကောင်အထည်ဖေါ်ရန် မူလကလျာထားသော ပကြဲဒေသအစား ဒီးမော့ဆိုမြို့၊ ဝါသောခိုကျေးရွာအုပ်စုအနီးတဝိုက်တွင် စက်ရုံမြေ နေရာအတွက် ၂၄၃ ဧကနှင့် ထုံးကျောက်စမ်းသပ်တိုင်းထွာရန် မြေနေရာ ၁၆၀၄ ဧကအား အသုံးပြုနိုင်ရန် ပြည်နယ်အစိုးရထံ ၎င်းတို့က အဆိုပြုသည်။

၎င်းတို့သည် ကယားပြည်နယ်အစိုးရအား စီမံကိန်းလုပ်ငန်းပြောင်းရွှေ့လုပ်ကိုင်ခွင့်နှင့် ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်းလုပ်ငန်းကို Resources and Environmental Myanmar Ltdနှင့် လုပ်ဆောင်နိုင်ရန် ခွင့်ပြုချက်အား တပါတည်း အဆိုပြုလိုက်သည်။

ထိုအဆိုပြု မြေနေရာသည် ဒေသခံဌာနေတိုင်းရင်းသားများ၊ တောင်သူလယ်သမားများ ပိုင်ဆိုင်မှီခိုအသုံးပြုနေသော တောင်ယာမြေများ၊ ရေထွက်ပေါက်များ၊ ထုံးကျောက်တောင်များနှင့် သစ်တောများ ဖြစ်သည်။

အစိုးရဌာန၏ မှတ်တမ်းများတွင် ထိုအဆိုပြုမြေသည် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့၏ စီမံခန့်ခွဲမှုအောက်တွင် မရှိသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ၊ ပလပ်မြေများဖြစ်ကြောင်း ဆိုသည်။

"ကျွန်တော်တို့ ဘိုးဘွားပိုင်တဲ့မြေတွေ၊ ကျွန်တော်တို့ ပိုင်တဲ့မြေတွေ ဖြစ်တယ်၊ ပုံမှန်မှီခိုလုပ်ကိုင်စားသောက်တဲ့ မြေတွေဖြစ်တယ်၊ ဒီမြေတွေမှာ ပိုင်ရှင်တွေရှိတယ်၊ ကျွန်တော်တို့ သောက်တဲ့ ရေအရင်း



*ဘီလပ်မြေစီမံကိန်းကနဦးလုပ်ငန်းလုပ်ဆောင်နေမှုနှင့် ပတ်သက်ပြီး ကန့်ကွက်သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်။ (Photo by: KEAN)*



၂၀၁၃ ခုနှစ်၊ ဇန္နဝါရီလတွင် စတင်ဖြန့်ချိသည်။

# တာဝန်ခံမှု ကင်းမဲ့ခြင်း

အမြစ်တွေက ဒီနေရာကနေ အားလုံးအခြေခံပြီး ရရှိတာဖြစ်တယ်။”ဟု ဝါသောခိုကျေးရွာသား တစ်ဦးကမူ ငြင်းချက်ထုတ်သည်။

ယင်းစီမံကိန်းကို ဒေသခံများမှ ထောက်ခံကြောင်း ကွင်းဆင်းစစ်ဆေးမှု များပြုလုပ်နိုင်ရန် ကုမ္ပဏီမှညွှန်းခဲ့ကာ ပြည်နယ်အစိုးရမှ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ဒေသခံ၏ ထောက်ခံမှုများရှိသည်ဟု ကုမ္ပဏီက ဖော်ပြထားသော်လည်း ကွင်းဆင်းစစ်ဆေးမှုအဖွဲ့မှ ထောက်ခံသူ ဒေသခံများနှင့် တွေ့ဆုံနိုင်ခြင်းမရှိခဲ့ပေ။

ကွင်းဆင်းစစ်ဆေးမှုအဖွဲ့၏ အစီရင်ခံစာ၏ အကြံပြုချက်တွင် ကုမ္ပဏီ၏ လုပ်ငန်းအသေးစိတ် အစီအစဉ်များကို ဒေသခံပြည်သူများအား ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် လုပ်ဆောင်ရန်နှင့် ဒေသခံ ပြည်သူများ၏ သဘောတူညီမှုရရှိမှသာ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများအတိုင်း ဆက်လက်လုပ်ဆောင်ရန် ညွှန်ကြားခဲ့သည်။

"ကျွန်တော်တို့ ကျေးရွာမှာရှိတဲ့ ရွာသူ၊ ရွာသားတွေကို သူတို့က အစည်းအဝေးခေါ်တယ်၊ ထုံးကျောက်စမ်းတာတိုင်းတာဖို့လို့ဆိုပြီး ပြောတယ်၊ ကျွန်တော်တို့ကတော့ ရိုးရိုးလေးပဲပေါ့။ ထုံးကျောက်စမ်းတာတိုင်းတာတာပဲ ဆိုရင်လည်း တိုင်းပေါ့လို့ အစည်းအဝေးမှာ ပြောကြတယ်၊ ဒါပေမယ့် နောက်မှာ သူတို့က အဲဒီလက်မှတ်ကို ထောက်ခံသူတွေအဖြစ် ဖော်ပြတယ်၊ တချို့ထောက်ခံတဲ့သူတွေလိုပြောတဲ့ နာမည်စာရင်းဖော်ပြထားတဲ့သူတွေက ကျနော်တို့ရွာမှာ မရှိဘူး နိုင်ငံခြားမှာ အလုပ်သွားလုပ်တာ (၃-၄) နှစ်လောက်ရှိနေပြီဖြစ်တဲ့ သူတွေရဲ့နာမည်တွေလည်း ပါတယ်။

တခြားရွာက ထောက်ခံသူလို့ ဖော်ပြထားခံရတဲ့ နာမည်ပါတဲ့ တချို့လူဆိုရင် သေသွားတာ (၃-၄-၅)နှစ်လောက်ရှိတဲ့ လူတွေတောင် ပါတယ်။ ဘယ်လိုလက်မှတ်တွေ သွားယူတာလည်း မသိတော့ဘူး၊ ကျွန်တော်တို့ လက်မှတ်တွေကို အလွဲသုံးစားခံရတာပဲ။ " ဟု ဒေသခံတစ်ဦးက ပြောကြားသည်။




*ဆွေးနွေးပွဲသို့တက်ရောက်လာကြသော လူထုများအ ၁း ဘိလပ်မြေစက်ရုံစီမံကိန်းကို ကန့်ကွက်သူ၊ ထောက်ခံသူလူခွဲခြားရာ တက်ရောက်လာသူအားလုံးနီးပါးမှကန့်ကွက်သူအုပ်စုတွင်သွားရောက် ရပ်နေစဉ်* – *Photo: Khun Steven*

ကြွလုပ်ရှားဆောင်ရွက်သူများအကြားတွင် ပိုမိုမြင့်မားလာပြီး အချို့သောသူများသည် အသက်အန္တရာယ်ခြိမ်းခြောက်မှုများနှင့် ပင်ကြုံတွေ့နေရသည်။

၎င်းကိစ္စနှင့် ပတ်သက်၍ ညီညာစွမ်းအားစု လုပ်ငန်းကုမ္ပဏီလီမိတက်မှသော်လည်းကောင်း၊ ပြည်နယ်အစိုးရမှ သော်လည်းကောင်း၊ စီမံကိန်းတွင် ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်လိုသူများမှ သော်လည်းကောင်း မည်သူမှ တာဝန်ယူ၊ တာဝန်ခံမှု မရှိသေးပေ။

အထူးသဖြင့် ညီညာစွမ်းအားစုလုပ်ငန်းကုမ္ပဏီလီမိတက်မှ စီမံကိန်းလုပ်ငန်းအပေါ် တာဝန်ယူတာဝန်ခံမှုမရှိ၊ ပွင့်လင်းမြင်သာမှုမရှိဘဲ စီမံကိန်းအကောင်အထည်ဖော်နိုင်ရန် လုပ်ဆောင်နေခြင်းကို ပြန်လည်သုံးသပ်သင့်ပေသည်။

ယင်းသို့ ပွင့်လင်းမြင်သာမှုမရှိသော၊ တာဝန်ယူတာဝန်ခံမှု မရှိသော စီမံကိန်းမျိုးကိုခွင့်ပြုခြင်း၊ အကောင်အထည် ဖော်ဆောင်ရွက် အကောင်အထည်ဖော်ရန်အတွက် စီမံကိန်းကို ထောက်ခံသူများနှင့် သေခံပြည်သူလူထုအချို့ကို မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်အတွင်းရှိ ကျိုက်မရောဘိလပ်မြေစက်ရုံသို့ ယခုနှစ် ဖေဖော်ဝါရီလက သွားရောက်လေ့လာစေခဲ့သည်။

လေ့လာရေးခရီးစဉ်တွင် ပါဝင်သောသူများတွင် ဘိလပ်မြေစီမံကိန်းကို သဘောကျသူများရှိသလို အချို့ကမူ ၎င်းခရီးစဉ်သည် ဒေသခံပြည်သူများအား စည်းရုံးသော ခရီးစဉ်တစ်ခုအဖြစ် ယူဆသည်။

ထိုခရီးစဉ်တွင်ပါဝင်သော ဒေသခံခေါင်းဆောင်တစ်ဦးကမူ "ကျွန်တော်တို့ ဒီခရီးစဉ်မှာ လိုက်ပါရခြင်းက စီမံကိန်းကို ထောက်ခံဖို့ မဟုတ်ဘူး။ သူတို့ ဘာတွေသွားပြမလဲ၊ ဘာတွေသိရမလဲနဲ့ ရွာမှာရှိတဲ့ သူတွေကို တကယ် တိတိကျကျပြောပြနိုင်ဖို့ လိုက်သွားရခြင်း ဖြစ်တယ် " ဟု ဆိုသည်။

ထို့အပြင် အခြားဒေသခံတစ်ဦးက ‌ထောက်ခံတဲ့ သူတွေကတော့ ဒီစီမံကိန်းက ကောင်းတယ်၊ ဘာဆိုးကျိုးမှမရှိဘူးလို့ ပြောပေမယ့်လည်း ကျွန်တော်တို့ သွားတွေ့လိုက်ရတာကတော့ စက်ရုံ အခန်းထဲမှာ လူတွေ ကွန်ပြူတာနဲ့ပဲ အလုပ်လုပ်နေတာတွေ့ရတယ်၊ သူတို့ပြော တာကတော့ ဘာမှထိခိုက်မှုမရှိဘူးလို့ ပြောတာပဲ။ တကယ်ထိခိုက်မှုရှိမရှိကို မသိနိုင်ဘူး၊ စက်ရုံပတ်ဝန်းကျင်ဒေသက လူတွေကိုလည်းသွားလေ့လာခွင့်မရှိဘူး၊ ကျွန်တော်အတွက်တော့ ဘာမှမထူးပါဘူး။ အဓိကတော့ ဘိလပ်မြေစက်ရုံစီမံကိန်းတည်ဆောက်ဖို့စည်းရုံးတဲ့သဘောပဲ ဖြစ်ပါတယ်ဟု ပြောသည်။

ကျိုက်မရော ဘိလပ်မြေစက်ရုံ လေ့လာရေးခရီးစဉ်တွင် ပါဝင်ခဲ့သူအချို့၊ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လိုသူများနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့တွင် သုံးပွင့်ဆိုင် ပြန်လည်တွေ့ဆုံကာ ခရီးစဉ်နှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသည်။

စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ရန်၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲကို ဒီးမော့ဆိုမြို့နှင့် လွိုင်ကော်မြို့တွင် တစ်ကြိမ်စီ ပြုလုပ်သွားရန်၊ တာဝန်ယူမှု တာဝန်ခံမှုရှိသော လုပ်ငန်းဖြစ်ရန်၊ အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပါဝင်လာစေရန်နှင့် ပွင့်လင်းမြင်သာစွာ လုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့သည်။

လူထုနှင့် တွေ့ဆုံဆွေးနွေးခြင်းကို ဒီးမော့ဆိုမြို့နယ်အတွင်းရှိ လယ်ခိုသာကျေးရွာ၌ ဧပြီလ ၁၄ ရက်နေ့ တွင် ကျင်းပရာ ဒီးမော့ဆိုမြို့နယ်အတွင်းရှိ ဘိလပ်မြေစက်ရုံစီမံကိန်းတည်ဆောက်ရန် လျာထားသည့် အနီးဆုံးကျေးရွာအုပ်စုဖြစ်သည့် ဝါသောခိုကျေးရွာအုပ်စုနှင့် မြလဲကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာအသီးသီးမှ ကိုယ်စားလှယ် စုစုပေါင်း ၂၀၀ နီးပါး တက်ရောက်သည်။

ထိုအစည်းအဝေးတွင် တက်ရောက်လာသော လူဦးရေ ၂၀၀ ခန့်အနက် အများစုက မိမိတို့အနေဖြင့် ဘိလပ်မြေစီမံကိန်းကို အလိုမရှိကြောင်း၊ မိမိတို့၏ သဘောထားရပ်တည်ချက်အမှန်ကို ဖော်ပြခဲ့ပြီး အစည်းအဝေးပွဲမပြီးခင် ခန်းမဆောင်မှ ထွက်ကာ ဘိလပ်မြေစက်ရုံစီမံကိန်းကို အလိုမရှိကြောင်း ဆန္ဒထုတ်ဖော်ခဲ့သည်။

စီမံကိန်းကန့်ကွက်သူတစ်ဦးက ကျနော်တို့ ဒီဘိလပ်မြေစက်ရုံစီမံကိန်းကို အလိုမရှိဘူးဆိုတာနဲ့ ပတ်သက်ပြီး အကြိမ်ကြိမ်ပြောပြီးပြီ၊ စာတွေလည်း အကြိမ်ကြိမ်တင်ပြီးပြီ၊ လက်မှတ်တွေလည်း ထိုးပြီး ပေးပို့ထားပေးပြီ၊ ဒါကြောင့် ဒီတစ်ကြိမ်မှာ ကျွန်တော်တို့ အလိုမရှိဘူးဆိုတာကို စီမံကိန်းကို အကောင်အထည်ဖော်ချင်တဲ့သူတွေသိအောင် စီမံကိန်းကို ထောက်ခံသူက တစ်ဖက်မှာရပ်ပြီး အခြားတစ်ဖက်မှာ စီမံကိန်းကို ကန့်ကွက်သူက ရပ်ဆိုပြီး လူခွဲပြီးရပ်ခိုင်းလိုက်တော့ အစည်းအဝေးကို တက်ရောက်လာတဲ့ အားလုံးနီးပါးသော ဒေသခံတွေက စီမံကိန်းကို ကန့်ကွက်သူဖက်မှာ ရပ်ပြီး ကျွန်တော်တို့ရဲ့ရပ်တည်ချက်ကို သူတို့ကို မြင်စေလိုက်တာပဲ။ " ဟု ဆိုလိုက်သည်။




*ကုမ္ပဏီနှင့်ဒေသခံများ၊ လူထုအခြေပြု အရပ်ဖက်လူမှုအသင်းအဖွဲ့များတွေ့ဆုံနေစဉ်။* *Photo by:Aung Thu (KEG)*

### စီမံကိန်းအကောင်အထည်ဖေါ်ရန် ကုမ္ပဏီ၏ ဗျူဟာ

စီမံကိန်းတဖန်ပြန်လည်လုပ်ဆောင်ရာတွင် ယခင်အခြေအနေများနှင့် မတူသော ချဉ်းကပ်မှုဖြင့် လုပ်ဆောင်လာသည်။ ဒေသခံများ၏ အခွင့်အရေးအတွက် ဦးဆောင်လှုပ်ရှားသော ဒေသခံခေါင်းဆောင်များကို စီမံကိန်းနှင့် ဆက်နွယ်သူတချို့က ဖိအားပေးလာသည်။

ကုမ္ပဏီသည် ယခုအကြိမ်တွင် ဒေသခံများ၊ လူထုအခြေပြု အရပ်ဖက်အဖွဲ့အစည်းများနှင့် တိုက်ရိုက်တွေ့ဆုံခြင်း၊ ဒေသခံလူထုများ၏ သဘောဆန္ဒများနှင့် သဘောတူညီများ၊ စီမံကိန်းနှင့် ပတ်သက်သော သတင်းအချက်အလက်များ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ခြင်းများ မရှိဘဲ နောက်ကွယ်မှနေ၍ စီမံကိန်းအကောင်အထည်ဖော်နိုင်ရေးအတွက် မသမာသောနည်းများ အသုံးပြု၍ ဖိအားပေးဆောင်ရွက်နေမှုများကို တွေ့ရှိရသည်။

" ဒီဘိလပ်မြေစီမံကိန်းက ခင်ဗျားနဲ့ ဘာဆိုင်လို့ ကန့်ကွက်တာလဲ၊ ဒါက ဒေသဖွံ့ဖြိုးရေးအတွက် လုပ်နေတာ၊ ခင်ဗျား ဆက်ပြီးကန့်ကွက်နေမယ်ဆိုရင် ခင်ဗျားလုံခြုံရေးအတွက် အာမခံမှာ မဟုတ်ဘူး ။ " ဟု ဤစီမံကိန်းနှင့် ပတ်သက်၍ ဖိအားပေးမှုနှင့် ကြုံတွေ့နေရသော ဒေသခံတစ်ဦးက ဆိုသည်။

ထိုသို့သော ဖိအားပေးမှုများသည်လည်း ဒေသခံအရေး တက်ကြွလှုပ်ရှား... နေခြင်းများသည် လက်ရှိနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ရေရှည်တည်တံ့သော စီးပွားဖွံ့ဖြိုးတိုးတက်မှုများကို ပျက်ဆီးစေရုံမျှမက အစိုးရမှ အကောင်အထည်ဖော်ဆောင်ရွက်နေသော ငြိမ်းချမ်းရေးဖြစ်စဉ်ကိုပါ ထိခိုက်ပျက်ဆီးစေနိုင်ပါသည်။

### တာဝန်ခံ၊ တာဝန်ယူရမည့်သူ

မြန်မာအစိုးရအနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ဌာနေတိုင်းရင်းသားအခွင့်အရေးကြေငြာစာတမ်းပါ အခွင့်အရေးများကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် အပြည့်အဝ အကာအကွယ်ပေးရန် တာဝန်ရှိသည်။

ဌာနေတိုင်းရင်းသားများ၏ ယဉ်ကျေးမှု၊ လူမှုစီးပွား၊ သဘာဝအရင်းအမြစ်နှင့် အသက်လုံခြုံမှုကို ထိခိုက်စေနိုင်မည့် တာဝန်ယူတာဝန်ခံမှုကင်းမဲ့သော စီမံကိန်းများကို စိစစ်ကြပ်မတ်သင့်ပေသည်။

အလွန်အကျွံ တာဝန်မဲ့လာသော စီမံကိန်းများကို ပိတ်သိမ်းရပ်တန့်ခိုင်သည့်အထိ အရေးယူရမည်ဖြစ်သည်။

### ဒေသခံများ၏ သဘောထားဆန္ဒ

Square Power Group (SPG)မှ ဦးဆောင်၍ စီမံကိန်း

# ကယားပြည်နယ် ငြိမ်းချမ်းရေးခရီး နီးပြီလား

**မော်ဦးမြာရေးသားသည်၊**

NLD အစိုးရသစ်လက်ထက် ကရင်နီအမျိုးသားတိုးတက်ရေးပါတီနှင့် ငြိမ်းချမ်းရေးကော်မရှင်တို့ အကြားတရားဝင်တွေ့ဆုံဆွေးနွေးပွဲအပြီး နှစ်ဖက်သဘောတူညီချက်သည် ကယားပြည်နယ်အတွက် ငြိမ်းချမ်းရေးအရိပ်အရောင်များကိုပုံဖော်ရန် ကနဦးခြေလှမ်းအစဟု မှတ်ယူနိုင်သည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေး ထိုးနိုင်ရေးအတွက် ငြိမ်းချမ်းရေးကော်မရှင်နှင့် ကရင်နီအမျိုးသားတိုး တက်ရေးပါတီ (KNPP)တို့၏ ပထမအကြိမ်တရားဝင်ဆွေးနွေးပွဲကိုလွိုင်ကော်မြို့၌ မေ ၂၆ နှင့် ၂၇ ရက်နေ့တွင် ပြုလုပ်ခဲ့သည်။

ယင်း ၂ ရက်တာအတောအတွင်း နှစ်ဖက်၏ ဆွေးနွေးချက်များသည် အကြိတ်အနယ်ဖြစ်ခဲ့သည်။ အချို့သောညှိနှိုင်းချက်များသည် နှစ်ဖက်အတွက်





ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေရှိနေသည်။

လိပ်တည်းခဲတည်းအခြေအနေမှ သဘောထားတင်းမာမှုများရှိသော်လည်း နောက်ဆုံးတွင် ပြေလည်ခဲ့ကာ ပူးတွဲသဘောတူညီချက်ထုတ်ပြန်နိုင်ခဲ့သည်။

**နှစ်ဖက်၏ မူလရည်ရွယ်ချက်**

အစိုးရ၏ ကနဦးရည်ရွယ်ချက်သည် NCA လမ်းကြောင်းထဲ KNPP ပါဝင်လာအောင် လမ်းကြောင်းပေးခြင်း ဖြစ်သည်။

ဆွေးနွေးပွဲ၏ ဖွင့်ပွဲတွင် NRPC ဒုဥက္ကဋ္ဌ ဦးကျော်တင့်ဆွေက "အထူးသဖြင့် အနာဂတ်မှာ ပေါ်ထွန်းမယ့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကြီးရဲ့ အခြေခံမူတွေ ဆွေးနွေး ညှိနှိုင်းနေပြီးဖြစ်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၊ ၂၁ ရာစုပင်လုံ အစည်းအဝေးကြီးမှာ ပါဝင်နိုင်ရေးကို ရှေးရှုကြဖို့ အလေးအနက် မေတ္တာရပ်ခံလိုပါတယ်"ဟု ပြောဆိုသွားသည်။

တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (NCA)တွင် ပါဝင်လာနိုင်ရန် အဓိက ဦးတည် ဆွေးနွေးရန် အစိုးရက ဆိုင်းပြင်ထားသည်။ ၎င်း အနေအထားကိုရောက်ရှိရန် အစိုးရဖက်က စကားပြောခွင့်ရတိုင်း အမြဲတစေတိုက်တွန်းသည်။

KNPP ကမူ NCA လက်မှတ်ထိုးရေးသည် အဓိကမဟုတ်ဘဲ ယခင် ၂၀၁၃ ခုနှစ် အစိုးရနှင့် လက်မှတ်ရေးထိုးထားသည့် အပစ်ရပ်စာချုပ်အား ပြန်လည်သုံးသပ်ကာ ရှေ့ဆက်ငြိမ်းချမ်းရေးအတွက် အကျေအလည် ဆွေးနွေးရန် ပြင်ဆင်ထားသည်။

NCA ထိုးနိုင်ရေး အလောတကြီး စဉ်းစားသေးမည် မဟုတ်ကြောင်း ဆိုသော်လည်း NCA လက်မှတ်မထိုးသေးသည့်တိုင် ပြည်နယ်ငြိမ်းချမ်းရေးကို ထိန်းသိမ်းသွားရန် လိုလားကြောင်း KNPP က ထုတ်ဖော် ပြောကြားသည်။

ဒအကြောင်းအမျိုးမျိုးကြောင့် NCA ကို မထိုးနိုင်သေးရင်တောင်မှ အဓိက ပြည်နယ်ရဲ့ ငြိမ်းချမ်းရေးကို ဆက်လက် ထိန်းသိမ်းသွားဖို့လိုလားပါတယ်။ ဒါကြောင့် လူကြီးမင်းတို့ အနေနဲ့ ကျွန်တော်တို့ ပြည်နယ်မှာ စစ်မှန်တဲ့ ပြည်နယ်ငြိမ်းချမ်းရေး တည်ဆောက်မှုကနေတဆင့် ငြိမ်းချမ်းရေး အတွက် အဖြေရှာသွားမယ်"ဟု PNC အဖွဲ့၏ ခေါင်းဆောင် ဗိုလ်ချုပ်ဘီထူးက ဆွေးနွေးပွဲစတင်ချိန်ကတည်းက အဖွင့်အမှာစကားတွင် ပြောကြားသည်။

ပါဝင်ဆွေးနွေးသူများ

ဆွေးနွေးပွဲတွင် အစိုးရဘက်က အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ဒုဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ တပ်မတော်မှ ဒုတိယဗိုလ်ချုပ်ကြီး သန်းထွန်းဦး၊ ငြိမ်းချမ်းရေးကော်မရှင် တာဝန်ရှိသူများ၊ ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးတို့ တက်ရောက်သည်။

KNPP ဘက်မှ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ဘီထူးနှင့် ကိုယ်စားလှယ် ၉ ဦးတက်ရောက်သည်။

ထို့အပြင် NCA လက်မှတ်ထိုး ၈ ဖွဲ့မှ ကိုယ်စားလှယ်များ၊ ပြည်နယ်အတွင်းရှိလူမှုအဖွဲ့အစည်း ကိုယ်စားလှယ်များနှင့် ဘာသာရေးခေါင်းဆောင်များလည်း လေ့လာသူအဖြစ် တက်ရောက်သည်။

**ဆွေးနွေးချက်အကြောင်းအရာ**

ပြည်နယ်အဆင့်နှင့် ဒေသအဆင့်ပူးတွဲ စောင့်ကြည့်ရေး၊ လူ့အခွင့်အရေးဆိုင်ရာစောင့်ကြည့်လေ့လာရေးအဖွဲ့၊ နိုင်ငံတကာ လူမှုရေးကူညီထောက်ပံ့မှုကိစ္စ၊ ပြည်နယ်အတွင်း INGOs နှင့် NGOs များ လုပ်ငန်းဆောင်ရွက်မှုကိစ္စ၊ မူးယစ်ဆေးဝါး၊ သစ်တောပြုန်းတီးမှုနှင့် လူကုန်ကူးမှု၊ ပြည်နယ်နှင့်ပြည်ထောင်စုအဆင့်များတွင် ဆက်ဆံရေးတာဝန်ခံများ ပြန်လည်ထားရှိရေးနှင့် တပ်ပိုင်းဆိုင်ရာကိစ္စတို့ကိုဆွေးနွေးရန် KNPP ဖက်က အဆိုပြုသည်။

ဆွေးနွေးပွဲ၏ ပထမနေ့တွင် ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)ကိစ္စ၊ လူ့အခွင့်အရေး စောင့်ကြည့် လေ့လာရေးအဖွဲ့ကိစ္စ၊ JMC (JMC-S နှင့် JMC-L) အဆင့်များတွင် နိုင်ငံတကာအစိုးရများနှင့် အပြည်ပြည်ဆိုင်ရာ ကိုယ်စားလှယ်များအနေဖြင့် လေ့လာသူအကြံပေးနှင့် နည်းပညာ အထောက်အကူပြုများအဖြစ် ပါဝင်နိုင်ရေး ကိစ္စတို့ကို ဆွေးနွေးခဲ့သည်။

ပထရက်ကတည်းက နှစ်ဖက်အကြား ကြေလည်မှု မရှိသေးဘဲ ဒုတိယဆွေးနွေးပွဲကို ရှေ့ဆက်ရန် အခက်ဖြစ်နေသည်။ ရှေ့ဆက်မတက်နိုင်ဘဲ ဒုတိယရက်တွင် ဆွေးနွေးပွဲအား မပြုလုပ်ရန် ယုံကြည်မှုကျဆင်းသည့်အထိ ဖြစ်ခဲ့ကြောင်း NRPC ၏ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ၎င်း၏ လူမှုကွန်ယက်စာမျက်နှာတွင် ဆွေးနွေးပွဲအပြီး မေ့ပြီလ ၂၇ ရက်နေ့ ညနေပိုင်းက ထုတ်ဖော် ရေးသားထားသည်။

နှစ်ဖက်ပါဝင်ဆွေးနွေးသူများ၏ သည်းခံမှုနှင့် စိတ်စေတနာကြောင့် ဒုတိယနေ့အတွက် ပြန်ပြင်ဆင်ကာ ထပ်မံဆွေးနွေးခဲ့သည်။ ယင်းနောက် အဆုံးသတ် သဘောတူညီချက်အား အတူအကွ ထုတ်ပြန်နိုင်ခဲ့ကြောင်း ၎င်းက ဆိုသည်။

**သဘောတူညီချက်များ**

ဆွေးနွေးပွဲအပြီး ငြိမ်းချမ်းရေးကော်မရှင်နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ၏ ငြိမ်းချမ်းရေး တွေ့ဆုံ ဆွေးနွေးရေးကော်မတီ ပူတွဲထုတ်ပြန်ကြေညာချက် တစ်ရပ် ထုတ်ပြန်နိုင်ခဲ့သည်။

(က) NCA မထိုးခင်ရေတိုကြားလ အတွင်း ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)ကိစ္စ၊ နှစ်ဖက်တပ်သွားလာမှု၊ ဆက်သွယ်မှု ပြည်နယ်အဆင့် ညှိနှိုင်းရေးကိစ္စနှင့် သဘောတူညီထားသည့်အတိုင်း ပုံမှန်တွေ့ဆုံဆွေးနွေး ညှိနှိုင်းဆောင်ရွက်ရန်။

(ခ) ပြည်နယ်နှင့် ပြည်ထောင်စုအဆင့်တွင် ဆက်ဆံရေးတာဝန်ခံများ ပြန်လည်ထားရှိကာ သဘောတူထားသော ဆက်ဆံရေးလမ်းကြောင်းမှ တဆင့် ဆောင်ရွက်ရန်။

(ဂ) တပ်ပိုင်းဆိုင်ရာကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးရာတွင် တိုးတက်မှုများရှိခဲ့ပြီး နှစ်ဘက်ညှိနှိုင်း သဘောတူညီထားသည့်အတိုင်း ဆောင်ရွက်ရန်။

အထက်ပါသဘောတူညီချက်များရရှိသည့်အတွက် KNPP က NCA တွင်ပါဝင်လက်မှတ်ထိုးနိုင်ရန် ကြိုးပမ်းသွားမည်ဟု ဆိုသည်။

"နောက်ဆုံးမှာတော့ ကျွန်တော်တို့ရဲ့ လိုလားချက်က ၁၀၀ ရာခိုင်နှုန်းမဟုတ်ရင်တောင်မှ တစ်ဝက်နီးပါး ကျတော်တို့ကြားထဲမှာ သဘောတူညီချက်တည်ဆောက်နိုင်တယ်လို့ ကျွန်တော်ကတော့ ယုံကြည်ပါတယ်။"ဟု ကေအဲန်ပီပီ၏ အတွင်းရေးမှူး ဦးရွှေမျိုးသန့်က ဆွေးနွေးပွဲအပြီး မီဒီယာများကို ပြောကြားသည်။

သို့သော်လည်း အချို့ကန့်သတ်ချက်များကို မူအချင်းချင်းကြား ယုံကြည်မှုတည်ဆောက်ရန် အလေးထားရမည်ဟု ဆိုသည်။

"ကျွန်တော်တို့ လုပ်ချင်ကိုင်ချင်တဲ့ နိုင်ငံရေးဆိုင်ရာအခွင့်အရေးလေးတွေကို NCA ထိုးမှ ဆိုတဲ့ ကန့်သတ်ချက်လေးမဟုတ်ပဲနဲ့ လုပ်ပိုင်ခွင့်ပေး တဲ့ ယုံကြည်မှု ကျွန်တော်တို့ ဘယ်လောက်ထိရလာမလဲ ဆိုတဲ့အပေါ် မှာလည်း မူတည်တယ် အဲ့လိုတော့ရှိပါလိမ့်မယ်။"ဟု ၎င်းက ပြောသည်။

NCA ရေးထိုးရေး KNPP အတွက် အချိန်ကာလတစ်ခု လိုအပ်သည်ကို နားလည်ကြောင်း ငြိမ်းချမ်းရေးကော်မရှင်၏အကြံပေးပုဂ္ဂိုလ် ဦးလှမောင်ရွှေက ကန္တာရဝတီတိုင်း(မ်)ကို ပြောသည်။

"အစိုးရဘက်ကရောချဉ်းကပ်မှုကတော့ ဒီ NCA ကို မြန်မြန် ကျွန်တာ်တို့ ရေးထိုးပြီးတော့ NCA ရဲ့ နိုင်ငံရေးဆွေးနွေးပွဲလမ်းစဉ်တွေမှာ KNPP အမြန်ဆုံးပါဝင်နိုင်ပြီးတော့ ပဋိပက္ခကို လျှော့မယ်လို့ မျှော်လင့်တယ်။

KNPP ဘက်ကလည်းသူတို့အနေနဲ့ ကျတော့ ပြင်ဆင်စရာတွေ ရှိတယ်လို့ပဲ ကျွန်တော်တို့ နားလည်တယ်"ဟု ၎င်းက ဆိုသည်။

KNPP နှင့် အစိုးရတို့၏ ဆွေးနွေးပွဲရလဒ်အပေါ် ကန္တာရဝတီတိုင်း(မ်)၏ မေးမြန်းမှုကို ကယားပြည်နယ်၊ လွိုင်ကော်မြို့နေထိုင်သူတစ်ဦးဖြစ်သူ မော်ရယ်က "ဘာပဲဖြစ်ဖြစ် တိုက်ပွဲမဖြစ်တာပဲ လိုချင်တယ်။ ငြိမ်းငြိမ်းချမ်းချမ်းနေရရင် တော်ပြီ။"ဟု ဆိုလိုက်သည်။

**သတင်းများ၊ ဆောင်းပါးများ၊ ကဗျာများ၊ ကာတွန်းများ၊**

**ဗေဒင်များ ပေးပို့ လိုပါက ---**

**ဆက်သွယ်ရန်၊**

**ဖုန်း - ၀၈၃၄၀၃၄၁**



၂၀၁၃ ခုနှစ်၊ ဇန္နဝါရီလတွင် စတင်ဖြန့်ချိသည်။

# မြန်မာ – ဗီယက်နမ် ကုန်သွယ်မှု ဒေါ်လာ သန်း ၁၀၀၀ ကျော်သည်အထိ တိုးမြှင့်ရန် သဘောတူ



မြန်မာ–ဗီယက်နမ် နှစ်နိုင်ငံ ကုန်သွယ်မှုကို လာမယ့် ၂၀၂၀ ပြည့်နှစ်မှာ အမေရိကန် ဒေါ်လာ သန်း ၁၀၀၀ ပြည့်မီကျော်လွန်အောင် တိုးမြှင့်သွားဖို့ နှစ်ဖက်ခေါင်းဆောင်တွေ သဘောတူခဲ့တယ်လို့ မြန်မာနိုင်ငံခြားရေး ဝန်ကြီးဌာနက ထုတ်ပြန်တဲ့ အကြောင်းပြန်ကြားရေးက ဖော်ပြထားပါတယ်။

ဧပြီ ၁၉ နဲ့ ၂၀ ရက်တွေမှာ ဗီယက်နမ်ကို သွားရောက်ခဲ့တဲ့ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ် ခရီးစဉ်အတွင်း သဘောတူခဲ့တာ ဖြစ်ပါတယ်။

၂၀၁၇ ခုနှစ်နှောင်းပိုင်းကစလို့ နှစ်နိုင်ငံ ဆက်ဆံရေးကို ဘက်စုံ ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက် ဆက်ဆံရေးအဆင့်ကို တိုးမြှင့်ခဲ့တာဖြစ်ပြီး ဆက်ပြီးတော့ နိုင်ငံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ သစ်တောနဲ့ သားငါး ကဏ္ဍ၊ ပို့ဆောင်ရေး၊ စွမ်းအင်နဲ့ ဆက်သွယ်ရေး၊ ကာကွယ်ရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှု၊ လူမှုရေးနဲ့ ပညာရေး ပူးပေါင်းဆောင်ရွက်မှုအပါအဝင် ကဏ္ဍစုံမှာ ပူးပေါင်းဆောင်ရွက်နေတာတွေကို တိုးမြှင့်ဆောင်ရွက်သွားဖို့ နှစ်ဖက်လုံးက ထပ်လောင်းအတည်ပြုခဲ့ကြတယ်လို့ နိုင်ငံခြားရေးက ထုတ်ပြန်ထားပါတယ်။

မြန်မာနိုင်ငံနဲ့ ဗီယက်နမ် နှစ်နိုင်ငံ ကုန်သွယ်မှု ပမာဏဟာ ၂၀၁၇ ခုနှစ်မှာ အမေရိကန်ဒေါ်လာ သန်း ၈၃၀ ကို ရောက်ခဲ့ပြီး ၂၀၁၆ ခုနှစ်ထက် ထက်ဝက်ကျော်တိုးလာခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံသူတွေထဲမှာ ဗီယက်နမ်ဟာ သတ္တမအဆင့် အများဆုံးရင်းနှီးမြှုပ်နှံသူဖြစ်ပြီး မြန်မာနိုင်ငံရဲ့ နဝမအဆင့် အကြီးဆုံး ကုန်သွယ်ဘက်နိုင်ငံလည်း ဖြစ်ပါတယ်။

ဗီယက်နမ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ အမျိုးသားရင်ကြားစေ့ရေး ဆောင်ရွက်မှုတွေကို ဆက်လက်ပံ့ပိုးပေးသွားမယ်လို့လည်း ဆိုပါတယ်။

ပြီးတော့ အာဆီယံ၊ ဘက်မလိုက်လှုပ်ရှားမှု အဖွဲ့၊ ကုလသမဂ္ဂ စတဲ့ ဒေသတွင်းနဲ့ နိုင်ငံတကာ အဖွဲ့အစည်းတွေမှာ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်သွားဖို့လည်း နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ဗီယက်နမ် ဝန်ကြီးချုပ်တို့ သဘောတူခဲ့ကြပါတယ်။

အစိုးရ၊ လွှတ်တော်နဲ့ ပါတီတွေအကြား ဆက်ဆံရေး၊ ပြည်သူတွေအကြား အထူးသဖြင့် လူငယ်တွေအကြား အပြန်အလှန် လေ့လာရေးခရီးစဉ်တွေ စေလွှတ်ထိတွေ့ရေးနဲ့ ပတ်သက်ပြီးတော့လည်းဆွေးနွေးခဲ့ကြတာ ဖြစ်ပါတယ်။

DVB

# တိုက်ပွဲကြောင့် ထွက်ပြေးလာသည့် ကရင်ဒုက္ခသည်များကို ထိုင်းအာဏာပိုင်ပြန်ပို့

ကရင်ပြည်နယ်တွင်း တိုက်ပွဲကြောင့် ထိုင်း–မြန်မာနယ်စပ်ရှိ ဒုက္ခသည်စခန်းဆီကို ထွက်ပြေးတိမ်းရှောင်လာတဲ့ ကရင်ဒုက္ခသည် မိသားစု ၃ စုကို ထိုင်းအာဏာပိုင်တွေက လက်မခံဘဲ ပြန်လည်ပို့ဆောင်ခဲ့ပါတယ်။

ကရင်ပြည်နယ် ဖာပွန်ခရိုင် လူသောမြို့နယ်မှာ တိုက်ပွဲဖြစ်ပွား ခဲ့တာကြောင့် ကလေးငယ်တွေ အပါအဝင် မိသား စု ၃ စုက လူဦးရေ ၁၆ ဦးဟာ ထိုင်းနယ်စပ်ရှိ မယ်ရာမို ဒုက္ခသည်စခန်းကို ပြီးခဲ့တဲ့တပတ်က ထွက်ပြေးတိမ်းရှောင်လာခဲ့ပါတယ်။

သူတို့အတွက် အစားအသောက် အခက်အခဲ ဖြစ်နေတဲ့အတွက် စခန်းတာဝန်ရှိသူတွေက တင်ပြရာမှာ ထိုင်းအာဏာပိုင်တွေက သိရှိသွားပြီး သူတို့ကို လက်မခံဘဲ ဒီကနေ့ ပြန်ပို့တာလို့ ကရင်ငြိမ်းချမ်းရေး အထောက်အကူပြု ကွန်ယက်က (KPSN) ပြောခွင့်ရသူ နော်ဆာမူးက ပြောပါတယ်။

“သူတို့က လူသောမြို့နယ်က လာတာ။ တိုက်ပွဲဖြစ်တော့ မယ်ရာမို ဒုက္ခသည်စခန်းမှာ ခိုလုံနေထိုင်ဖို့လာတာ။ စခန်းထဲရောက်တော့ စားဝတ်နေရေး အရမ်းခက်ခဲတယ်။ စခန်းတွင်းသူတို့ဆွေမျိုးတွေနဲ့သွားနေတာ။

သူတို့လည်း စားနပ်ရိက္ခာက မလုံလောက်ဘူး။ ဒါကြောင့် စခန်းတာဝန်ရှိသူ တွေကို ပြောပြတယ်။ စခန်းတာဝန်ရှိသူ တွေကလည်း အန်ဂျီအိုအစည်းအဝေးမှာ တင်ပြဖို့ ထိုင်းတာဝန်ရှိသူတွေကို ပြော ပြတယ်။

ထိုင်းတာဝန်ရှိသူတွေကို လက်မခံဘူး။ လူသစ် လက်မခံဘူး ဆိုပြီးတော့ သူတို့ကို မြန်မာပြည်ဘက်ခြမ်း အီတူးထ ပြည်တွင်းစခန်းမှာ ပြန်ပို့တာ။”

ပြီးခဲ့တဲ့ မတ်လ ၄ ရက်ကစပြီး အစိုးရစစ်တပ်ဖွဲ့တွေ ဝင်ရောက်လာတာကြောင့် ဖာပွန်ခရိုင် လူသောမြို့နယ်က လယ်မူပလောနဲ့ ခေးဘူးကျေးရွာအုပ်စုက ရွာပေါင်း ၁၆ ရွာက လူဦးရေ ၂၀၀၀ ကျော် ထွက်ပြေးတိမ်းရှောင်နေရပြီး အစားအသောက်နဲ့ ကျန်းမာရေးအခက်အခဲတွေ ရင်ဆိုင်နေရပါတယ်။

မနေ့ကလည်း ကရင်ငြိမ်းချမ်းရေး အထောက်အကူပြုကွန်ယက်က ဖာပွန်ခရိုင် ဒုက္ခသည်တွေရဲ့အကြောင်းကို ရေးသားပြုထားတဲ့ “တကျော့ပြန် အိပ်မက်ဆိုး’ အစီရင်ခံစာ မိတ်ဆက်ပွဲကို ထိုင်းနိုင်ငံ၊ ချင်းမိုင်တက္ကသိုလ်မှာ ပြုလုပ်ဖို့ စီစဉ်ခဲ့ပေမယ့် အာဏာပိုင်တွေရဲ့ ဖိအားပေးမှုကြောင့် ပွဲပျက်သွားခဲ့ပါတယ်။

DVB






# ကျောင်းပြင်ပ အလယ်တန်းပညာရေး ၂၀၂၀ ခုနှစ်ကစပြီး တိုးချဲ့သင်ကြားမည်

ကျောင်းပြင်ပ အလယ်တန်းပညာရေး ၂၀၂၀ ခုနှစ်ကစပြီး မြို့နယ်တွေ တိုးချဲ့သင်ကြားဖို့ စီစဉ်နေတယ်လို့ မြန်မာနိုင်ငံ စာတတ်မြောက်ရေးပင်မဌာန ဥက္ကဋ္ဌ ဒေါက်တာ သန်းဦးက ပြောပါတယ်။

လက်ရှိမှာ ကျောင်းပြင်ပ အလယ်တန်းပညာရေးကို ၃ နှစ်စီမံကိန်းနဲ့ ၂၀၁၆–၂၀၁၇ ပညာသင်နှစ်ကစပြီး မြို့နယ် ၈ မြို့နယ် စခန်း ၁၄ခန်းမှာ စမ်းသပ်သင်ကြားနေပါတယ်။ စခန်း ၁၄ခုမှာ ကျောင်းသားဦးရေ ၂၀၀ လောက် ရှိပြီး လက်မဲ့ ၂၀၂၀ မှာတော့ ကျန်တိုင်းနဲ့ပြည်နယ် အသီးသီးမှာ စတင်တိုးချဲ့ ဖွင့်လှစ်တော့မှာပါ။

အကြောင်းအမျိုးမျိုးကြောင့် ကျောင်းလုံးဝမနေခဲ့ဖူးတဲ့ကလေးတွေ၊ ကျောင်းနေခဲ့သော်လည်း မူလတန်းပညာရေး ကျောင်းထံက်ခဲ့ရတဲ့ကလေးတွေကို ဒုတိယအကြိမ် ပညာသင်ယူမှု အခွင့်အလမ်း ထမ်မံဖြည်းပေးဖို့ရည်ရွယ်ပြီး မြန်မာနိုင်ငံမှာ ကျောင်းပြင်ပ မူလတန်းပညာရေးကို ၁၉၉၈ ခုနှစ်မှာ စတင်ခဲ့ပါတယ်။

မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြုပင်မဌာန ( MLRC) ကျောင်းပြင်ပ မူလတန်းပညာရေး လုပ်ငန်းအစီအစဉ် (NFPE) ၁၀ နှစ်ပြည့် အထိန်းအမှတ် အခမ်းအနား ကို မတ်လ ၃၁ ရက်နေ့က ရန်ကုန်မြို့ စိန်ရတုခန်းမမှာ ပြုလုပ်ခဲ့ပါတယ်။

DVB

# ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးရေးအတွက် အလှူငွေများ လှူဒါန်း



ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိရုပ်ရှင် ရိုက်ကူးထုတ်လုပ်ရေးအတွက် အလှူငွေပေးအပ် လှူဒါန်းခြင်း အခမ်းအနားကို မနေ့ညနေပိုင်းက သာသာနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်ခန်းမမှာ ကျင်းပ ပြုလုပ်သည်။

ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရဒေသ လောက်ကိုင်မြို့မှ သုဓမ္မမဏိဇောတရေ ဦးလီကျိန်းချန် (ခ) ဦးလျှိုအားပေါက်က လှူဒါန်းငွေကျပ်သိန်း ၃၀၀နဲ့ သုဓမ္မမဏိဇောတရေ ဦးမောင်မောင်က လှူဒါန်းငွေကျပ်သိန်း ၁၀၀ စီ လှူဒါန်းခဲ့တယ်လို့ ပြန်ကြားရေး သတင်းမှာ ဖော်ပြပါတယ်။

ဗိုလ်ချုပ်အောင်ဆန်း ရုပ်ရှင်ရိုက်ကူး၊ ထုတ်လုပ်၊ ပြသနိုင်ရေးအတွက် လှူဒါန်းရရှိငွေဟာ ယခင် အောင်ဆန်းရုပ်ရှင်ဖြစ်မြောက်ရေးအဖွဲ့မှ လွှဲပြောင်းငွေ ၈၄၇၂ သိန်း၊ ပထမအကြိမ် လှူဒါန်းရရှိငွေကျပ် ၂၇၀၅ သိန်းနဲ့ အခုလှူဒါန်းငွေကျပ် သိန်း ၄၀၀ စုစုပေါင်း ကျပ် ၁၁၅၇၇ သိန်း ရရှိပြီလို့ ဆိုပါတယ်။

DVB



# Avatar ရုပ်ရှင်၏ နောက်ဆက်တွဲ ၄ ကားစလုံးကို ရိုက်ကူးနိုင်မည်ဟု ဂျိမ်းစ်ကင်မရွန်း မျှော်လင့်

နာမည်ကြီးဒါရိုက်တာကြီး ဂျိမ်းစ်ကင်မရွန်းက လွန်ခဲ့သော ၂၀၀၉ ခုနှစ်ကထွက်ရှိခဲ့ပြီး ရုံဝင်ငွေပေါင်းများစွာရရှိခဲ့သော စိတ်ကူးယဉ် သိပ္ပံဇာတ်ကား Avatar ၏ နောက်ဆက်တွဲဇာတ်ကား ၄ ကားကို ရိုက်ကူးခွင့်ရရှိဖို့ မျှော်လင့်နေကြောင်း မကြာခင်က ပြောဆိုခဲ့သည်။

ကင်မရွန်းက သူသည် Fox ရုပ်ရှင်စတူဒီယိုနှင့် သဘောတူညီမှုရရှိထားပြီး Avatar ဒုတိယနှင့် တတိယမြောက် ဇာတ်ကားတို့ကို လာမည့်ရက် ၁၀၀ အတွင်း စတင်ရိုက်ကူးနိုင်လိမ့်မည်ဟု စနေနေ့က သတင်းထောက်များအား ပြောဆိုခဲ့သည်။

အကယ်၍ ယင်းဇာတ်ကားများအောင်မြင်မှုရရှိခဲ့ပါက သူသည် လေးကားနှင့် ငါးကားမြောက်တို့ကို ဆက်လက် ရိုက်ကူးသွားရန်စီစဉ်ထားပြီး သူ့အနေဖြင့် ဇာတ်လမ်းများ ရေးသားပြီးစီးသွားပြီဟုလည်း ပြောဆိုခဲ့သည်။

“ပုဂ္ဂိုလ်ရေးအရပြောရမယ်ဆိုရင်တော့ ဒီဇာတ်ကားအားလုံးကို ရိုက်ကူးခွင့်ရရှိဖို့ မျှော်လင့်ထားပြီး အာရုံလည်း စိုက်ထားပါတယ်” ဟု ကင်မရွန်းက ပြောခဲ့သည်။

Avatar ၏ နောက်ဆက်တွဲဇာတ်ကား ၄ ကားစလုံးတွင်ပါဝင်သည့် ဇာတ်ကောင်များနှင့် သတ္တဝါများအတွက် ဒီဇိုင်းဆွဲပြီးသွားပြီဖြစ်ပြီး ရိုက်ကူးရေးပြုလုပ်မည့် စတူဒီယိုထဲ၌ ဖော်ပြထားပြီးပြီဟုလည်း ကင်မရွန်းကပြောဆိုခဲ့သည်။

သို့သော်လည်း ထိုဒီဇိုင်းများကို သတင်းထောက်များအား ထုတ်ဖော်ပြသရန် ကင်မရွန်းက ငြင်းဆန်သွားခဲ့သည်။

Mizzima

# အရည်အသွေးကောင်းတဲ့ ကုန်ပစ္စည်းသာ ကြော်ငြာ လက်ခံရိုက်ကူးမယ့် ဇော်ခီ



လက်ရှိတွင်ကြော်ငြာသုံးခုရိုက်ထားသော်လည်း လာရောက်ကမ်းလှမ်းသည့်ကြော်ငြာတိုင်း လက်မခံဖြစ်ကြောင်း အဆိုတော်၊ သရုပ်ဆောင် ဇော်ခီက ပြောသည်။ ‘‘ကြော်ငြာရွေးရတဲ့သဘောက ကုန်ပစ္စည်းအကုန်လုံးက ကျွန်တော့်မျက်နှာတွေ ဖြစ်နေမှာကို ကျွန်တော် မကြိုက်ဘူး။ ဒါကြောင့် ကြော်ငြာတွေကို သေချာရွေးတယ်။ ကွာလတီတစ်ခုရှိတဲ့ Productကိုပဲ ကျွန်တော်ရွေးပြီး လုပ်တယ်။ အဲဒီလိုလုပ်ခြင်းအားဖြင့် ကျွန်တော်ထင်တာက ဒီ ပစ္စည်းအပေါ်မှာ လူတွေရဲ့ ယုံ ကြည်မှုပဲ ပိုပြီးတက်လာမယ်လို့ ထင်တယ်’’ ဟု ၎င်းက ပြောသည်။

လက်ရှိတွင် ဇာတ်ကားတစ်ကားနှင့် မူခင်းနောက်ခံ ရုပ်သံ ဇာတ်လမ်းတွဲ ရိုက်ကူးရန် ဇာတ်ညွှန်းများ အမြန်ဆုံးပြီးအောင်တစ်ပြိုင်နက် ပြင်ဆင်နေသည်ဟု ဆိုသည်။

‘‘Crime တီဗီစီးရီးတစ်ခုကိုလည်း ဇာတ်ညွှန်းဆရာလေး ယောက်နဲ့ ရေးနေပါတယ်။ Crime စီးရီးက မြန်မာပြည်မှာ နည်းသေးတယ်။ ထူးခြားမှုဘာ ထပ်တွေ့ရမလဲဆိုတော့ ကျွန်တော်တို့ စီးရီးကို ချိန်းထားတာကတော့ ရိုးရိုးတီဗီစီးရီးထက် Episode တိုင်းမှာ ရုပ်ရှင်ကွာလတီကို တွန်းချင် တယ်။ ဇာတ်လမ်းကျစ်လျစ်သိပ် သည်းမှုအပြင် Presentation ကပါ ရုပ်ရှင်ကွာလတီကို သွားဖို့ ကျွန်တော်တို့ ကြိုးစားမှာပါ။ ရုပ်ရှင်ဇာတ်ကားကတော့ မိုးတွင်း စရိုက်ဖြစ်မယ်။ ဘယ်ကားလဲတော့ မပြောတတ်ဘူး။ ကျွန်တော် အခုရေးနေတာက အချစ်ဇာတ်လမ်းပေ့ါ။ လူရွေးပွဲတွေ လုပ်ပြီး လူတွေ ရှာရဦးမှာပါ’’ ဟု ဇော်ခီက ပြောသည်။

ဂီတနှင့် ပတ်သက်၍ ၂၀၁၂ က ‘ပျောက်ဆုံးနေတဲ့ကမ္ဘာ’ အမည်ရ တေးအယ်လ်ဘမ်တစ်ခု ထွက်ခဲ့သော်လည်း နောက်ပိုင်း ဆက်မလုပ်ဖြစ်ဘဲ လက်ရှိ၌ သီချင်းရေးသားပြီးစီးထားသည့် တစ်ခွေစာ လက်ထဲတွင် အသင့်ရှိနေပြီး လာမည့် ပွင့်လင်းရာသီအမီ ထွက်နိုင်အောင် ကြိုးစားမည်ဟု ဆိုသည်။

‘‘စတူဒီယို ပြန်မရောက်သေး လို့ပါ။ မိုးတွင်းကျတော့ စတူဒီယို ပြန်သွားပြီး သီချင်းတွေ သွင်းဖြစ်မယ်။ ကျွန်တော် ရော့ခ်ပဲသွား မယ်။ အရင်တုန်းကလိုတော့ မ ဟုတ်တော့ဘူး။ ဒီကာလနဲ့ပိုပြီး အစပ်အဟပ်တည့်တဲ့ ပုံစံမျိုးကို သွားဖြစ်မယ်။ ရော့ခ်ပေမယ့် အ ရမ်းကြီးမကြမ်းဘူးပေ့ါ။ ဒဿန တွေ၊ စိတ်ခံစားချက်တွေ ရေးသားထားတာများတယ်’’ ဟု ၎င်း က ပြောသည်။

တေးရေးဆရာတစ်ဦးအနေဖြင့် ရပ်တည်ရန်အစီအစဉ် မရှိသော်လည်း ကြိုက်နှစ်သက်သည့် အဆိုတော်များနှင့် လက်တွဲ အလုပ်လုပ်ရန်ရှိကြောင်း အဆိုတော်၊ သရုပ်ဆောင် ဇော်ခီက ပြောသည်။

7 day daily



# အာရှပရိသတ်တွေ့ဆုံပွဲခရီး ထွက်ခွာမယ့် ယွန်အာ

တောင်ကိုရီးယားပေါ့ပ် အဆိုတော်ယွန်အာသည် မေလတွင် အာရှပရိသတ်တွေ့ဆုံပွဲ ခရီးစဉ်ထွက်ခွာမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

အသက် (၂၇)နှစ်အရွယ် ယွန်အာသည် မေလ ၂၀ရက်တွင် ဆိုးလ်မြို့၌ ‘YoonA Fan-meeting Tour’ ပရိသတ်တွေ့ ဆုံပွဲ ခရီးစဉ်စတင်မည်ဖြစ်သည်။

ထို့နောက် ယွန်အာသည် ဇူလိုင်တွင် ထိုင်းနှင့် ဩဂုတ်တွင် ဟောင်ကောင် အပြင် အခြားအာ ရှနိုင်ငံများသို့လည်း ဆက်လက် ထွက်ခွာမည်ဖြစ်သည်။

၂၀၀၇ တွင် Girl's Generation အဖွဲ့နှင့်အတူဂီတ လောကထဲသို့ စတင်ဝင်ရောက်ခဲ့သော ယွန်အာသည် တောင်ကိုရီးယားတွင်သာမက နိုင်ငံတကာ အထိ ပရိသတ်အားပေးမှု အများအပြား ရရှိခဲ့သူဖြစ်သည်။

ယွန်အာသည် ဂီတလှုပ်ရှား မှုအပြင် ‘You Are My Destiny’ ၊ ‘Love Rain’ နှင့် ‘Prime Minister and I’ စသည့် ရုပ်သံ ဇာတ်လမ်းတွဲများတွင် ပါဝင်သရုပ်ဆောင်ခဲ့ပြီး လက်ရှိ ၎င်းပါဝင် သရုပ်ဆောင်ထားသည့် ‘Hyori's Homestay’ ရုပ်သံဇာတ်လမ်းတွဲကို JTBS ရုပ်သံလိုင်းက ထုတ်လွှင့်ပြသနေသည်။

7 day daily

# သရုပ်ဆောင်လောကထဲ ပြန်ဝင်လာတဲ့ ထက်ထက်မိုးဦး

ရုပ်ရှင်နှင့် ကြော်ငြာပေါင်းများစွာရိုက်ကူးထားသည့် သရုပ်ဆောင် မင်းသမီး ထက်ထက်မိုးဦးသည် ရုပ်ရှင်လောကထဲသို့ ပြန်လည်ဝင်ရောက်လာပြီဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲကို ရှန်ဂရီလာ ဟိုတယ်တွင် ဧပြီလ ၁၉ရက်နေ့၌ ပြုလုပ်ခဲ့သည်။

ထက်ထက်မိုးဦးသည် မကြာမီရုံတင်မည့် ရှယ်ချွေးမ ရုပ်ရှင်ဇာတ်ကားကြီးတွင် ပါဝင်သရုပ်ဆောင်ထားပြီး နောက်ပိုင်းတွင် ရာဇဝင်ကားများကိုလည်း ရိုက်ကူးရန် စိတ်ဝင်စားနေသည်ဟု ဆိုသည်။

" သူများမကောင်းဘူး ကိုယ်ကောင်းတယ် ။ကိုယ်ကကောင်းတယ် သူများမကောင်းဘူး။ ဒီလိုမျိုးတွေလဲလျှောက်ပြီးမပြောချင်ပါဘူး။ ဒါတွေကလဲထားပါလေ အကောင်းဆုံးဖြစ်အောင်လို့ပဲ ထက်ထက်ပျော်ပျော်ရွှင်ရွှင်နဲ့ပဲ အနုပညာကိုဖြတ်သန်းသွားပါ့မယ်လို့ပဲ ပြောပါမယ်။ ကျေးဇူးတင်ပါတယ် " ဟု သရုပ်ဆောင် ထက်ထက်မိုးဦးက ပြောသည်။

နိုင်ငံတကာအဆင့်မီစက်ပစ္စည်းများ လိုအပ်ချက်ကိုမပြောလိုဘဲ ဇာတ်လမ်းကောင်းပြီး ကိုယ့်အတွက် မှတ်တရကျန်မည့်ဇာတ်ကားများကို ရွေးချယ်ရိုက်ကူးသွားမည်ဟု ဆိုသည်။

" သူက မွေးရာပါ ရုပ်ကလေးချစ်စရာကောင်းသလောက် အနုပညာအလွှန် poor ဖြစ်ပါတယ်။ အနုပညာအလွှန်အားနည်းပါတယ်။ အားနည်းပေမယ့်အနုပညာဆိုတာကို လူတွေနားလည်တာနဲ့ ကျွန်တော်နားလည်တာကွာခြားချက်လေးပြောပြမယ် ။ အဖန်တလဲလဲ လေ့ကျင့်ခြင်းသည် ပါရမီမည်၏တဲ့ practice make perfect လေ့ကျင့်ပါများလာတော့တော်သွားတယ်။ လောကဓံတရားတွေက သူ့ကို ရိုက်ခတ်လာတယ်။ လောကဓံတရားတွေ ရိုက်ခတ်အောင်လည်း သူက လုပ်ခဲ့တယ်။ အဲဒီအတွက်သူ့ဘဝမှာ သူ့မျက်နှာမှာ မင်္ဂ ဖြစ်လာတယ်။ အင်မတန်ချမ်းသာကြွယ်ဝလာတယ်။ ဘာချမ်းသာလဲဆို အနုပညာချမ်းသာလာတယ် ။ အဲဒီချမ်းသာတဲ့အနုပညာကို ဒီအချိန်မှာမှန်ကန်အောင်အသုံးချဖို့လိုပြီလို့ ကျွန်တော်ဒီအချိန်မှာပြောချင်ပါတယ် " ဟု ၎င်း၏ဆရာဖြစ်သူ ဒါရိုက်တာ ပန်းချီစိုးမိုးက ပြောခဲ့သည်။

ထို့အပြင် အနုပညာအလုပ်လုပ်ကိုင်သည့်အခါတွင် ချိုးနှိမ်ဆက်ဆံတက်ရန်၊ စကားမမှားရန်နှင့် မာန်မာနမထားရန် ၎င်းက ဆက်ပြောခဲ့သည်။

သရုပ်ဆောင်ထက်ထက်မိုးဦးသည် ၎င်း၏ ပထမဦးဆုံး အကယ်ဒမီကို ၁၉၉၆ခုနှစ်တွင် ပန်းသခင် ရုပ်ရှင်ဇာတ်ကားဖြင့် ရရှိခဲ့သည်။

၎င်းနောက်တွင် ကြော်ငြာများစွာတွင် ပါဝင်ရိုက်ကူးခဲ့မှုကြောင့် ကြော်ငြာဘုရင်မအဖြစ် သတ်မှတ်ခံထားရသူဖြစ်သည်။

မြန်မာနိုင်ငံတွင် ကြော်ငြာအများဆုံးရိုက်ကူးခဲ့သည့် ကြော်ငြာမင်းသမီးအဖြစ် သရုပ်ဆောင် ထက်ထက်မိုးဦးသည် ယခုအချိန်အထိ မှတ်တမ်းဝင်နေဆဲ ဖြစ်သည်။


mizzima




# DUCK DUCK GOOSE

ဒီကနေ့ ကဏ္ဍလေးမှာတော့ ရယ်စရာ၊ ချစ်စရာ အမေရိကန်–တရုတ် အန်နီမေးရှင်း ဇာတ်ကားသစ်လေးအကြောင်း ဖော်ပြလိုက်ပါတယ်။ ဖန်ဟာဘဝကို တစ်ကိုယ်တည်းဖြတ်သန်းရင်း ထင်ရာစိုင်းနေတဲ့ ငန်းဖိုတစ်ကောင်ဖြစ်ပြီး ဆောင်းခိုဖို့ ပျံသန်းမယ့်ခရီးအ တွက် လေ့ကျင့်နေတာကလွဲလို့ ဘာဆိုဘာမှမလုပ်ဘဲ နေနေတာပါ။

ဒီလို လေ့ကျင့်နေခြင်းအား ဖြင့် ဆောင်းခိုဖို့အတွက် အုပ်စု လိုက်ပျံသန်းတဲ့အခါ မှာ သူများ တွေနဲ့ တစ်မူထူးတဲ့ စတန့်တွေ၊ စတိုင်တွေနဲ့ ပျံနိုင်မယ်လို့




သူ့ ကိုယ်သူ ယုံကြည်နေတာပါ။

တစ်ရက်မှာတော့ ငန်းအုပ် နဲ့အတူသွားရင်း ဖန်ဟာ စတန့် ထွင်ပြီး မြေပြင်နဲ့ နီးနီးကပ်ကပ် ပျံသန်းတဲ့အခါမှာ မတော်တဆ ထိခိုက်မိခဲ့ပြီး အတောင် ကျိုးသွားသလို သေမလောက်ဒဏ်ရာရ သွားတာကြောင့် သူ့ငန်းအုပ်နဲ့ တကွဲစီဖြစ်ပြီး ကျန်ရစ်ခဲ့ပါတော့တယ်။

အဲဒီနောက်မှာတော့ မြက်တောတစ်ခုထဲမှာ သတိမေ့နေတုန်းဘဲပေါက်မောင်နှမဖြစ်တဲ့ ချောင်၊ ချီတို့နဲ့ ဆုံခဲ့ပါတယ်။ ချောင်နဲ့ ချီကို လိုက်ဒုက္ခပေးနေတဲ့ ကြောင်ကြီး ဘန်ကျိုးရဲ့ ရန်ကနေ ဖန်ကကာကွယ်ပေးခဲ့ပြီးနောက် မှာတော့ဘဲပေါက်မောင်နှမကလည်း သွားစရာမရှိတာနဲ့ဖန်နောက်ကို တကောက်ကောက်လိုက်ပါတော့တယ်။

ငန်းဖိုကြီး ဖန်အဖို့ ပြဿနာကလေးနှစ်ကောင်ဖြစ်တဲ့ ချောင်၊ ချီတို့နဲ့ အတူသွားရင်း လမ်းမှာ ကမောက်က မမျိုးစုံကြုံရတဲ့အပြင် ဖန်က အတောင်ကျိုးပြီး မပျံနိုင်တာကိုတွေ့သွားတဲ့ ဘန်ကျိုးနဲ့ အခြားတိရစ္ဆာန်တွေက ဒုက္ခပေးဖို့ ကြံစည်ခဲ့ပါတယ်။

ဘဲပေါက်နှစ်ကောင်ကို ဘဲအုပ်ရှိရာပြန်ပို့ဖို့ တောအထပ်ထပ်တောင် အသွယ်သွယ်ကို ဖြတ်သန်းရင်း လမ်းခရီးမှာ ကြုံဆုံရ တာလေးကို ပုံဖော်တင်ဆက်ထားတာဖြစ်ပြီး ဖန်နဲ့ချောင်၊ ချီတို့ ဘယ်လိုတွေ စွန့်စားကြမလဲဆိုတာ ဆက်လက်ရှုစားဖို့ ဖော်ပြ လိုက်ပါတယ်။

7 day daily



# ဒီဂျေသမားအာဗီချီအား ရည်စူး ဂုဏ်ပြုကြသည့် ပရိသတ်များကို ကျန်ရစ်သူ မိသားစု ကျေးဇူးတင်

မကြာခင်ကကွယ်လွန်သွားခဲ့သော ဆွီဒင်နိုင်ငံသား ဒီဂျေပညာရှင် အာဗီချီအား ရည်စူးဂုဏ်ပြုခဲ့ကြသည့် ကမ္ဘာအနှံ့မှပရိသတ်များအား ကျေးဇူးအထူးတင်ရှိကြောင်း အာဗီချီ၏မိသားစုက တနင်္လာနေ့တွင် ထုတ်ပြန် ကြေညာခဲ့သည်။ Wake Me Up ကဲ့သို့သော ပေါက်သီချင်းများစွာကိုဖန်တီးခဲ့ပြီး အမည်ရင်း တင်မ်ဘာဂ့်လင်းဟု ခေါ်သော အာဗီချီသည် ပြီးခဲ့သော သောကြာနေ့က အိုမန်နိုင်ငံ မူစကပ်မြို့တွင် ကွယ်လွန်သွားခဲ့ပြီး ကွယ်လွန်ချိန်တွင် အသက် ၂၈ နှစ်ခန့်သာရှိသေးကြောင်း သိရသည်။

"ကမ္ဘာအနှံ့နှံ့က တင်မ့်ကို ရည်စူးဂုဏ်ပြုသူတွေ၊ အောက်မေ့သတိရတဲ့ အနေနဲ့ လူစုပြီးဆုတောင်းပွဲပြုလုပ်ပေးတာတွေ၊ ဘုရားကျောင်းတွေက တင်မ်ရဲ့ သီချင်းသံစဉ်အလိုက် ခေါင်းလောင်းတီးပေးတာတွေ၊ Coachella ဂီတ ပွဲတော်မှာ ရည်စူးဂုဏ်ပြုပေးတာတွေ၊ ကမ္ဘာတစ်ဝန်းမှာ ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေနဲ့ ခေတ္တငြိမ်သက်ပေးတာတွေ စတာတွေအားလုံးအတွက် ကျေးဇူးတင်ပါတယ်" ဟု အာဗီချီ၏ မိသားစုက ထုတ်ပြန်ကြေညာခဲ့သည်။

မိသားစု၏ထုတ်ပြန်ချက်ထဲတွင် အာဗီချီသေဆုံးရသည့် အကြောင်းရင်းကို ထုတ်ပြန်ထားခြင်းမရှိကြောင်း သိရသည်။ အာဗီချီသည် အိုမန်၌ မည်သို့ကွယ်လွန်သွားခဲ့သည်ကို ယခုအချိန်ထိမသိရသေးသလို အိုမန်ရဲတပ်ဖွဲ့က မူ အာဗီချီသေဆုံးမှုတွင် သံသယဖြစ်ဖွယ်ရာ အခြေအနေများမရှိကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ Wake Me Up / Hey Brother တို့နှင့် ပေါက်သီချင်းများစွာကိုဖန်တီးခဲ့သော နာမည်ကြီး ဒီဂျေသမားအာဗီချီ သေဆုံးမှုကြောင့် ကမ္ဘာတစ်ဝန်းမှ သူ၏ ပရိသတ်များ အနေဖြင့် ထိတ်လန့်တုန်လှုပ်ခဲ့ရသည်။

# Christine Burgener ကို မြန်မာနိုင်ငံဆိုင်ရာ ကုလအထူးသံ ခန့်အပ်

ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အတိုင်းအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံ ဆိုင်ရာ အထူးသံတမန်အဖြစ် ဆွစ်ဇာလန်ဝါရင့်သံတမန်တဦးကို ခန့်အပ်လိုက်ပါပြီ။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီသံတမန်အဖွဲ့ဟာလည်း မြန်မာနိုင်ငံကို ခရီးထွက်သွားကြပါပြီ။ ရခိုင်ပြည်နယ်က အခြေအနေကတော့ သိပ်ကိုစိုးရိမ်စရာကောင်းနေတုန်းပဲလို့ ကုလသမဂ္ဂ ပြောပါတယ်။ အပြည့်အစုံကို ကိုကျော်ကျော်သိန်းက တင်ပြထားပါတယ်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က မြန်မာနိုင်ငံဆိုင်ရာ သူ့ရဲ့ အထူးသံတမန်သစ်ကို ရွေးချယ်ခန့်ထားလိုက်ပြီဖြစ်တဲ့အကြောင်း ကြာသပတေးနေ့ကလုပ်တဲ့ သတင်းစာ ရှင်းလင်းပွဲအတွင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ ပြောခွင့်ရ Stephane Dujarric က ကြေညာသွားပါတယ်။

"ဆွစ်ဇာလန်သံအမတ်ကြီး မစ္စ Christine Schraner Burgener ကို မြန်မာနိုင်ငံဆိုင်ရာ အထူးသံတမန်အဖြစ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ခန့်ထားလိုက်ပါပြီ။ မစ္စ Burgener ဟာ သံတမန်လုပ်ငန်းမှာ ၂၅ နှစ်ကျော် အတွေ့အကြုံရှိထားသူဖြစ်ပြီး ဆွစ်ဇာလန်နိုင်ငံခြားရေးဌာနမှာ အဆင့်မြင့် အစိုးရတာဝန်အမျိုးမျိုးကို ထမ်းဆောင်ခဲ့သူပါ။ လက်ရှိတာဝန်အတွက် ခန့်ထားခံရချိန်အထိ မစ္စ Burgener ဟာ ဂျာမနီနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်သံအမတ်ကြီးအဖြစ် ၂၀၁၅ ခုနှစ်ကတည်းက တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ၂၀၀၉ ခုနှစ်ကနေ ၂၀၁၅ ခုနှစ်အထိ ထိုင်းနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ထမ်းဆောင်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ်က ထိုင်းနိုင်ငံမှာ အကြမ်းဖက်အခြေအနေတွေဖြစ်တဲ့အချိန် နှစ်ဘက်ကြား စေ့စပ်ညှိနှိုင်းမှုတွေကို ဦးစီးလုပ်ဆောင်ပေးခဲ့ပါတယ်။"

အတွင်းရေးမှူးချုပ် Antonio Guterres အနေနဲ့ အထူးသံတမန်တဦး ခန့်ထားဖို့ကိစ္စကို ကုလသမဂ္ဂ အထွေထွေညီလာခံက ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလမှာ ဆုံးဖြတ်ချက်ချထားတာပါ။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ်အဖြစ် အိန္ဒိယ ဝါရင့်သံတမန် Vijay Nambiar ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှာ ရာထူးသက်တမ်း ကုန်ဆုံးသွားပြီးတဲ့နောက် မြန်မာနိုင်ငံဆိုင်ရာ သီးခြား အထူးသံတမန် ဒါမှမဟုတ် အထူးအကြံပေးပုဂ္ဂိုလ်တဦးဦး မရှိခဲ့တာ နှစ်နှစ်နီးပါး ကြာပြီးတဲ့နောက်မှာမှ အခု မစ္စ Burgener ကို အထူးသံတမန်အဖြစ် ခန့်ထားလိုက်တာဖြစ်ပါတယ်။



ဒီအတောအတွင်းမှာပဲ ကုလသမဂ္ဂလုံခြုံရေးကောင်စီ သံတမန်အဖွဲ့ဟာ မြန်မာနိုင်ငံကို ဧပြီလ ၂၆ ရက်၊ ကြာသပတေးနေ့မှာ ထွက်ခွာသွားကြပါပြီ။ မေလ ၂ ရက်နေ့အထိ ကြာမယ့် ဒီခရီးစဉ်အတွင်း သံတမန်အဖွဲ့ဟာ မြန်မာနိုင်ငံပြီးရင် ဘင်္ဂလားဒေ့ရှ်နဲ့ အီရတ်နိုင်ငံတွေကိုလည်း သွားရောက်မှာ ဖြစ်ပါတယ်။

လုံခြုံရေးကောင်စီသံတမန်အဖွဲ့ လာရောက်ဖို့ ပန်ကြားတဲ့ကိစ္စကို အစောပိုင်းမှာ မြန်မာ အစိုးရက ငြင်းပယ်ထားခဲ့ပြီးတဲ့နောက် ပြီးခဲ့တဲ့ ဧပြီလဆန်းမှာမှာ သဘောတူလိုက်တာပါ။ သံတမန်အဖွဲ့ရဲ့ မြန်မာနိုင်ငံခရီးစဉ် အသေးစိတ်ကိုတော့ အတိအကျ မသိရသေးပါဘူး။

လုံခြုံရေးကောင်စီသံတမန်အဖွဲ့ မြန်မာနိုင်ငံခရီးစဉ် ထွက်ခွာသွားပြီဖြစ်တဲ့အကြောင်း ပြောခွင့်ရ Dujarric က သတင်းစာရှင်းလင်းပွဲအတွင်း ပြောသွားတဲ့တချိန်ထဲမှာပဲ ရခိုင်ပြည်နယ်က အခြေအနေနဲ့ ပတ်သက်လို့လည်း ထည့်သွင်းပြောဆိုသွားပါတယ်။

"ရခိုင်ပြည်နယ်က အခြေအနေဟာ အလွန်အမင်းကို စိုးရိမ်ဖွယ်ရာ ရှိနေဆဲပါ။ ရခိုင်ပြည်နယ်မြောက်ပိုင်းကနေ ထွက်သွားသူတွေ ရှိနေတုန်းပဲဆိုတဲ့ သတင်းတွေ ဆက်ရနေသလို မွတ်ဆလင်အဝန်းအဝိုင်းကို ခြိမ်းခြောက် အကျပ်ကိုင်တာတွေ ရှိနေတုန်းပဲဆိုတဲ့ သတင်းတချို့လည်း ထွက်ထားပါတယ်။ မီးလောင်ပျက်စီးထားတဲ့ ကျေးရွာတွေကို ဘူဒိုဇာတွေနဲ့ မြေလှန်ရှင်းပစ်တာတဲ့ အထောက်အထားတွေ ရှိနေဆဲဖြစ်ပြီး ရခိုင်ပြည်အလယ်ပိုင်းမှာ ပြီးခဲ့တဲ့ခြောက်နှစ်အတွင်း စခန်းတွေထဲမှာ နေနေရသူတွေ အပါအဝင် ရိုဟင်ဂျာတွေကို သွားလာခွင့် ကန့်သတ်ထားတာလည်း ရှိနေတုန်းပါပဲ။"

ရခိုင်ပြည်နယ်မှာ နေထိုင်နေဆဲ ရိုဟင်ဂျာလူဦးရေ ၅၀၀,၀၀၀ ပတ်ဝန်းကျင်ရှိပြီး ခွဲခြားဆက်ဆံခံရတာ၊ ဘေးဖယ်ခံထားရတာ၊ လွတ်လပ်စွာသွားလာခွင့်ကို ဆိုးရွားစွာ ကန့်သတ်ခံရတာ၊ ကျန်းမာရေး၊ ပညာရေးနဲ့ အသက်မွေးဝမ်းကျောင်း အခွင့်အလန်းတွေကို ဆိုးရွား စွာ ကန့်သတ်ခံရတာတွေ ဆက်ရှိနေဆဲပဲလို့လည်း ပြောခွင့်ရ Dujarric ကပြောသွားပါတယ်။


ဒါကြောင့်လည်း ဘင်္ဂလားဒေ့ရှ်မှာရောက်နေတဲ့ ဒုက္ခသည်တွေအနေနဲ့ ဘေးရန်ကင်းစွာ၊ ကိုယ့်သဘောနဲ့ကိုယ် အခိုင်အမာ နေရပ်ပြန်တာမျိုးဖြစ်ဖို့ မျှော်လင့်ချက်မထားနိုင်သေး ဘူးလို့ လူသားစာနာမှုအကူအညီပေးနေသူတွေက ပြောတဲ့အကြောင်းလည်း ပြောခွင့်ရ Dujarric ကပြောပါတယ်။

ကုလအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန် ဦးဆောင်ခဲ့တဲ့ ရခိုင်အရေးအကြံပေးကော်မရှင်ရဲ့ အကြံပြုချက်တွေကို အကောင်အထည်ဖော်တာမှာ မြန်မာအစိုးရနဲ့ လက်တွဲလုပ်ဆောင်ဖို့ ကုလသမဂ္ဂအနေနဲ့ အဆင်သင့်ရှိနေပါတယ်လို့လည်း Dujarric က ပြောပါတယ်။

ရခိုင်ပြည်နယ်မှာ ဖြစ်ပျက်ခဲ့တာတွေကို လူမျိုးစုအလိုက်ရှင်းလင်းဖယ်ရှားမှုအဖြစ် ကုလသမဂ္ဂက သတ်မှတ်ခေါ်ဆိုပြီး မြန်မာ တာဝန်ရှိသူတွေကတော့ ဒါကို အစဉ်တစိုက် ငြင်းဆိုထားပါတယ်။

VOA

# အမုန်းစကားဖြန့်မှုကို Facebook က စောင့်ကြည့်ကိုင်တွယ်မယ်



မြန်မာနိုင်ငံမှာ ဖေ့စ်ဘွတ်ခ်ရဲ့ စီမံခန့်ခွဲ လုပ်ဆောင်ချက်တွေနဲ့ပတ်သက်လို့ ပြန်လည် သုံးသပ်တော့ မှာ ဖြစ်ပြီး တကယ်လက်တွေ့မှာ မူဝါဒပိုင်းဆိုင်ရာ ပိုမိုချမှတ်လုပ်ဆောင်ဖို့ လိုနေပြီလို့ ဖေ့စ်ဘွတ်ခ်ရဲ့ နည်းပညာဆိုင်ရာ အကြီးအကဲက ဗြိတိသျှပါလီမန်မှာ ပြောကြားခဲ့ပါတယ်။

ဖေ့စ်ဘွတ်ခ် ပေါ်မှာ ဘာသာရေး အကြမ်းဖက်မှုဖြစ်စေတဲ့ အမုန်းစကား ဖြန့်မှုတွေဖြစ်ပေါ်နေတယ်လို့ဝေဖန်မှုတွေ ထွက်ပေါ်လာခဲ့ပြီးနောက် အခုလို ပြန်လည်သုံးသပ်ဖို့ ပြောဆိုခဲ့တာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ အမုန်းစကားဖြန့်မှုအခြေအနေက ဆိုးရွားလျက်ရှိပြီး လက်တွေ့မြေပြင်မှာ မူဝါဒပိုင်းဆိုင်ရာကို စောင့်ကြည့်ကိုင်တွယ်ဖို့ ဝန်ထမ်းအင်အား အများအပြား လိုနေတယ်လို့လည်း ဖေ့စ်ဘွတ်ရဲ့ နည်းပညာဆိုင်ရာ အကြီးအကဲ Mike Schroepferက ပြောသွားခဲ့ပါတယ်။

လုံခြုံဆော်မှုတွေနဲ့ ပတ်သက်ပြီး ဖေ့စ်ဘွတ်ခ်ပေါ် ထိန်းချုပ်မယ်လို့ အမေရိကန် လွှတ်တော်ကြားနာပွဲ ရှေ့မှောက် ဖေ့စ်စ်ဘွတ်ခ် တည်ထောင်သူ မာ့ခ် ဇူကာဘတ် ပြောကြားခဲ့ပြီးတဲ့နောက်၊ အခုလို ဖေ့စ်စ်ဘွတ်ခ် ထိပ်တန်းအရာရှိတစ်ယောက်က ထပ်မံ ပြောကြားလာတာ ဖြစ်ပါတယ်။

ဖေ့စ်ဘွတ်ခ် အသုံးပြုသူတွေရဲ့ ကိုယ်ရေးကိုယ်တာ အချက်အလက်တွေ ပေါက်ကြားခဲ့တယ်ဆိုတဲ့ ဝေဖန်မှုတွေကို ဖြေရှင်းဖို့ ဗြိတိသျှ ပါလီမန်က မစ္စတာ ဇူကာဘတ်ဂ်ကို ဆင့်ခေါ် ခဲ့ပေမယ့်၊ သူက လာရောက်ဖို့ ငြင်းဆိုခဲ့ပြီး ၊ သူ့ရဲ့ လက်ထောက်တစ်ယောက်ဖြစ်တဲ့ မစ္စတာ ရှရက်ပ်ဖာပဲလာရောက်ခဲ့တာ ဖြစ်ပါတယ်။

ဗြိတိသျှပါလီမန်ကော်မတီ ကြားနာပွဲမှာလည်း မြန်မာအရေးနဲ့ ပတ်သက်ပြီး ဖေ့စ်ဘွတ်ခ်ဘက်က ဘာတွေလုပ်ဆောင်နေသလဲဆိုတဲ့ မေးခွန်းမျိုးရှိခဲ့တာ ဖြစ်ပါတယ်။

BBC




# ကလေး အဓမ္မကျင့်မှု သေဒဏ်အပြစ်ပေးရေး အိန္ဒိယအတည်ပြု

ကလေးသူငယ်တွေကို အဓမ္မပြုကျင့်မှုတွေ အပါအဝင် အုတ်အော်သောင်းနင်းဖြစ်စေတဲ့ ထင်ရှားတဲ့ ပြစ်မှုတွေအတွက် သေဒဏ်ပေးဖို့ အမိန့်ကို အိန္ဒိယအစိုးရက ထုတ်ပြန် အတည်ပြုပေးလိုက်ပါတယ်။

ဒီပြောင်းလဲလိုက်တဲ့ ပြစ်ဒဏ်အရအသက် ၁၂ နှစ်အောက်ကလေးတွေ ပြုကျင့်ခံရတဲ့ အဓမ္မမှုတွေကို ပြစ်မှုဆိုင်ရာ ဥပဒေကျင့်ထုံးအရ ပြစ်ဒဏ်တွေကို စီရင်တော့မှာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့အပတ်တွေအတွင်းက အိန္ဒိယနိုင်ငံမှာ အသက် ၈ အရွယ်မိန်းကလေးကို အဓမ္မပြုကျင့်သတ်ဖြတ်မှုဖြစ်ပွားခဲ့ပြီး နောက်နိုင်ငံတဝှမ်း ဆန္ဒပြပွဲတွေ ဖြစ်ပွားခဲ့တာပါ။

လိင်ပိုင်းဆိုင်ရာ စော်ကားမှုတွေအတွက် အစိုးရဘက်က လုံလောက်တဲ့ အကာအကွယ်ပေးမှုတွေ မလုပ်ဘူးလို့လည်း အစိုးရအပေါ် အကြီးအကျယ် ဝေဖန်နေကြတာပါ။

– ရာမသီတာ ကာတွန်းကြောင့် ခြိမ်းခြောက်စာတွေ အိန္ဒိယ ကာတွန်းဆရာ ရရှိ

– အိန္ဒိယမှာ သတို့သားတွေ ပြန်ပေးဆွဲခံနေရ

ရာဇဝတ်မှုတော်တော်များများကို သေဒဏ်ပြစ်ဒဏ်ချမှတ်တာတွေ အိန္ဒိယနိုင်ငံမှာ ရှိခဲ့ပေမဲ့ ကလေးသူငယ်တွေကို အဓမ္မပြုကျင့်မှုတွေကိုတော့ သေဒဏ်ပြစ်ဒဏ်ချမှတ်နိုင်တာ မရှိခဲ့ပါဘူး။

၂၀၁၆ ခုနှစ် တနှစ်တည်းမှာပဲ အမှုပေါင်း ၁၉၀၀၀ လောက်ဖြစ်ခဲ့တယ်လို့မှတ်တမ်းတွေအရ သိရပါတယ်။

အစိုးရ အဲဒီအမိန့်ဟာ ဝန်ကြီးချုပ် မိုဒီဦးဆောင်တဲ့ အထူးအစည်းအဝေးအပြီးမှာ ပေါ်ထွက်လာတာဖြစ်ပါတယ်။

BBC


၂၀၁၃ ခုနှစ်၊ ဇန္နဝါရီလတွင် စတင်ဖြန့်ချိသည်။



# အာတိတ်သမုဒ္ဒရာထဲမှာ ပလတ်စတစ်အမှုန်တွေ စံချိန်တင် အမြောက်အမြား တွေ့

အာတိတ် သမုဒ္ဒရာထဲ မျောနေတဲ့ ရေခဲတွေထဲမှာ ပလတ်စတစ် အမှုန်တွေ စံချိန်တင်လောက်အောင်ကို အမြောက်အမြား တွေ့နေရတယ်လို့ ဂျာမန် သိပ္ပံပညာရှင်တွေက ပြောပါတယ်။

အာတိတ်သမုဒ္ဒရာထဲက စုဆောင်းလာတဲ့ ရေခဲတုံးတွေထဲမှာ ပလတ်စတစ် အမှုန် ၁၇ မျိုးကို အရင်ကထက် ၂ ဆကနေ ၃ဆ နီးပါး တွေ့နေရတယ်လို့ ဆိုပါတယ်။ အခုတွေ့ရတဲ့ ပလတ်စတစ်အမှုန်တွေဟာ ၅ မီလီမီတာအောက်ရှည်ပြီး အလွန်ကို သေးငယ်တာကြောင့် တိရစ္ဆာန်တွေထဲကို အစားအစာ ကနေ တ ဆင့် ဝင်သွားနိုင်တယ်လို့ သိရပါတယ်။
COPYRIGHTALFRED

ရာသီဥတုကြောင့် ရေခဲတွေ အရည်ပျော်သွားမယ်ဆိုရင် ဒီပလတ်စတစ် အမှုန်တွေ ရေထဲကို ပြန်ရောက်ပြီး တောရိုင်းတိရစ္ဆာန်တွေအပေါ် အကျိုးသက်ရောက်မှုရှိမယ်လို့ သိပ္ပံပညာရှင်တွေက ပြောပါတယ်။

လူတွေ တိရစ္ဆာန်တွေအတွက် ဒီပလတ်စတစ်အမှုန်တွေ ဘယ်လောက်ထိ အန္တရာယ်ကြီးတယ်ဆိုတာ မခန့်မှန်းနိုင်ဘူးလို့လည်း သုတေသနကို ဦးစီး လုပ်ဆောင်နေတဲ့ ပညာရှင် Ilka Peeken က ပြောပါတယ်။

ဒီအမှုန်တွဟော ရေထုညစ်ညမ်းမှုအတွက် အန္တရာယ်ရှိနိုင်တဲ့ အရင်းအမြစ်တခုလို့ သိပ္ပံပညာရှင်တွေက ပြောပါတယ်။

ဒီပလတ်စတစ်အမှုန်တွဟော ပလတ်စတစ်အိတ်တွေ၊ ကျန်းမာရေးနဲ့ အလှကုန် ထုတ်ကုန်တွေ၊ ကားတာယာစတွေ၊ ပလတ်စတစ်ပိုက်ကွန်နဲ့ ပလတ်စတစ်နဲ့ လုပ်ထားတဲ့ အသုံးအဆောင် စွန့်ပစ်ပစ္စည်းတွကေနေ ထွက်လာတာလို့ ဆိုပါတယ်။

နှစ်စဉ် ပလတ်စတစ်တန်ချိန် ၈ သန်းလောက်ဟာ ပင်လယ်ထဲကို ဝင်ရောက် လာသလို တချို့ဟာ ဝင်ရိုးစွန်းနဲ့ သမုဒ္ဒရာ အောက်ခြေအထိ ရောက်သွားတယ်လို့ ခန့်မှန်းထားပါတယ်။

BBC

# ရုရှားကမ္ဘာ့ဖလားကာလအတွင်း ဂါနာပရီးမီးယားလိဂ်ပြိုင်ပွဲ ဆက်လက်ကျင်းပရန် ဖီဖာခွင့်ပြု

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကျင်းပနေချိန်တွင် ဂါနာ ပရီးမီးယားလိဂ် အမှတ်ပေးပြိုင်ပွဲကို ဆက်လက်ကျင်းပရန် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က အထူးခွင့် ပြုချက်ပေးအပ်ခဲ့သည်။

ယခုနှစ် ဘောလုံးရာသီတွင် ဂါနာပရီးမီးယားလိဂ်ပြိုင်ပွဲ စတင်ချိန် သတ်မှတ်ကာလထက်နောက်ကျခဲ့ပြီး ပြိုင်ပွဲပြီးဆုံးသည့် ကာလသည် ကမ္ဘာ့ဖလားနှင့် အချိန်တိုက်နေမည်ဖြစ်သည်။

GHANA
PREMIER LEAGUE

ဖီဖာ၏ သတ်မှတ်ချက်များ အရ နိုင်ငံအလိုက် ဘောလုံးအဖွဲ့ချုပ်များအနေဖြင့် နိုင်ငံတကာ ဘောလုံးပြိုင်ပွဲကြီးများနှင့် အချိန် တိုက်ဆိုင်ပြီး ပြည်တွင်းပြိုင်ပွဲများ ကျင်းပခွင့်မရှိဘဲ ရပ်နားထားရမည်ဖြစ်သည်။ ထို့ကြောင့် ဂါနာဘောလုံးအဖွဲ့ချုပ်က ဖီဖာထံ အသနားခံခွင့်ပြုစာတင်ခဲ့ရာ ဖီဖာကကမ္ဘာ့ဖလား ပြိုင်ပွဲကာလအတွင်း ဂါနာပရီးမီးယား လိဂ်ကို ဆက်လက်ယှဉ်ပြိုင်ရန် ခွင့်ပြုခြင်းဖြစ်သည်။

‘‘ကမ္ဘာ့ဖလားကာလအတွင်း ဂါနာပရီးမီးယားလိဂ်ကို ပုံမှန် ကျင်းပခွင့်ပေးထားဖို့ ဖီဖာအတွက် ပြဿနာ မရှိပါဘူး။ လက်ရွေးစင် အသင်းတွေက ရွေးချယ်ထားတဲ့ ကစားသမားတွေကို ဖီဖာသတ်မှတ်ထားတဲ့ မေလ ၂၁ ရက်မတိုင်ခင် စေလွှတ်ပေးဖို့ပဲ လိုပါတယ်’’ ဟု ဖီဖာက ထုတ်ပြန်သည်။ ဂါနာဘောလုံးအဖွဲ့ချုပ်၏ ကြေညာချက်အရ ပြည်တွင်း ပရီးမီးယားလိဂ်ပြိုင်ပွဲများသည် ဇွန်လနှင့် ဇူလိုင်အတွင်း ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ၂၀၁၈ ကမ္ဘာ့ဖလားကို ရုရှားနိုင်ငံ တွင် ဇွန်လ ၁၄ ရက်မှ ဇူလိုင် ၁၅ ရက်ထိ ကျင်းပမည်ဖြစ်သည်။

7 day daily

# အရည်အသွေးညံ့ အလှကုန်တု ကြော်ငြာ သည့် နာမည်ကျော်များကို ထိုင်းရဲဆင့်ခေါ်

Magic Skin ကုမ္ပဏီထုတ် အရည်အသွေးညံ့ဖျင်းတဲ့ အလှကုန်ပစ္စည်းတွေနဲ့ ကိုယ်အလေးချိန်ကျ ကုန်ပစ္စည်းတွေကို ကြော်ငြာပေးလို့ အမျိုးသမီးအများစုပါ နာမည်ကျော် ၉ ဦးကို လာမယ့်အပတ် စစ်ဆေးမေးမြန်းဖို့ ရဲတွေက ဆင့်ခေါ်ထားပြီး အမှုပေါင်းများစွာနဲ့ ရင်ဆိုင်နိုင်ရလောက်တယ်လို့ သိရပါတယ်။

နိုင်ငံတော်အဆင့် ဒုရဲချုပ် ဝီရာချိုင်ဆုန်မက်တာက ဧပြီ ၂၆ ရက်နေ့မှာ နာမည်ကျော် ၉ ဦးရဲ့ အမည်တွေက အော်နာပါ (မ) ခရစ်စာဒီ၊ အာပင်ယာ (စိုင်ပန်) စာကူဂျာရုန်းဆက် စသူတွေ အပါအဝင် အမည် ၉ ခုကို ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

သူတို့ ၉ ဦးလုံးကို ရာဇဝတ်နှိမ်နင်းရေးဌာနမှာ မေးခွန်းတွေ မေးမြန်းဖို့ ခေါ်ဆောင်ထားပြီး နာမည်ကျော်တွေအနေနဲ့ ကုန်ပစ္စည်းအတွက် ခွင့်မပြုတဲ့ ကြော်ငြာလုပ်ဆောင်မှုနဲ့အတူ လိမ်ညာပြီးတင်ပြတဲ့ အစားအသောက် အက်ဥပဒေနဲ့ ကုန်ပစ္စည်းတွေကို ရောင်းအားမြှင့်ဖို့ အလှကုန် အက်ဥပဒေကို ချိုးဖောက်ခဲ့တယ်လို့ ဒုရဲချုပ်က ပြောပါတယ်။

ကျူးလွန်သူတွေအနေနဲ့ ပြစ်ဒဏ်အနေနဲ့ ထောင်ဒဏ် ၁ နှစ်အထိ ဒါမှမဟုတ် ဒဏ်ငွေ ဘတ် ၁ သိန်းအထိနဲ့ ဒါမှမဟုတ် ၂ မျိုးစလုံး ကျခံရနိုင်တယ်လို့ သိရပါတယ်။

သူတို့အားလုံး ကွန်ပျူတာစနစ်ထဲမှာ သတင်းမှားတွေ ထည့်သွင်းလို့ ကွန်ပျူတာရာဇဝတ်မှုနဲ့ပါ တရားစွဲခံရနိုင်တယ်လို့ သိရပြီး အဲဒီအတွက် ထောင်ဒဏ် ၅ နှစ်အထိ ဒါမှမဟုတ် ဒဏ်ငွေ ဘတ် ၁ သိန်းအထိ ချမှတ်ခံရနိုင်တယ်လို့ ဒုရဲချုပ်က ပြောပါတယ်။

ပဏာမ စစ်ဆေးမှုက ကုန်ပစ္စည်း စစ်ဆေးကြည့်ရှုမှုဖြစ်ပြီး အကယ်၍ နာမည်ကျော်တွေ ဥပဒေချိုးဖောက်တာ သိသာထင်ရှားရင်တော့ ဥပဒေအတိုင်း ဆောင်ရွယ်မယ်လို့လည်း ဒုရဲချုပ်က ပြောပါတယ်။

ကုန်ပစ္စည်းတွေကို စစ်ဆေးသုံးသပ်ဝေဖန်ဖို့ ကုမ္ပဏီတွေက နာမည်ကြီးတွေကို ကိန်းဂဏန်း ၆ လုံး ပမာဏ ငွေကြေးပေးရပြီး သက်သေတွေအရ ၅၉ ဦးသော နာမည်ကြီးတွေနဲ့ အနုပညာရှင်တွေက အထက်ပါအတိုင်း ရရှိဆောင်ရွက်လို့ ထိုင်းဘတ်ငွေ သန်း ၁၀၀ ပမာဏခန့် ပျက်စီးဆုံးရှုံးကာ သုံးစွဲသူ ၅၀၀ လောက် သက်ရောက်ခံစားခဲ့ရပါတယ်။

အဲဒီနောက် အက်ပဲလ်စလင်းမ် (Apple Slim)၊ စလင်းမ်မစ်က် (Slim Milk)၊ စနိုး မစ်က် (Snow Milk)၊ ဖန်း (Fern)၊ မက်ဂျစ် (Magic Skin)၊ ရှင်နိုရှီ (Shinoshi)၊ ထရီးချာဒါ (Treechada) နဲ့ မက်ဇို (Mezzo) အမည်နဲ့ ကုန်ပစ္စည်းတွေနဲ့အတူ Magic Skin ကုမ္ပဏီထုတ် ကုန်ပစ္စည်းတွေကို ရောင်းချပေးခဲ့တဲ့ လူ ၈ ဦးကို ဖမ်းဆီးမိပြီးတဲ့နောက် ပထုန်ဌာနီ ကလုန်လူရန် ခရိုင်မှာရှိတဲ့ စက်ရုံကို ရဲတွေက ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့တာပါ။

ဒီကုန်ပစ္စည်းတွေကို အက်ဖ်ဒီအေ လတ်မှတ်အတု ဒါမှမဟုတ် မှားယွင်းနေတဲ့ လက်မှတ်တွေနဲ့ ထုတ်လုပ်ရောင်းချခဲ့တာဖြစ်ပြီး စလင်းမ်မစ်က်နဲ့ စနိုးမစ်က်ကုန်ပစ္စည်းတွေထဲမှာ နို့မှုန့်တွေသာ ပါဝင်တာလို့ ဒုရဲချုပ် ဝီရာချိုင်ကပြောကြောင်း ဘန်ကောက်ပို့စ်သတင်းမှာ ဖော်ပြထားပါတယ်။

DVB




တိုက်ရိုက် အကြံပြုလိုပါက
ရုံးဖုန်း – ၀၈၃၄၀၃၄၁

ကြော်ငြာ ကိစ္စ ဆက်သွယ်လိုပါက
ဖုန်း – ၀၉၂၆၂၁၇၂၉၃၅

# နောက်ခံလူ ဂျွန်စတုန်းစ်ကို မန်စီးတီး ရောင်းချမည်

မန်စီးတီးအသင်းဟာ အင်္ဂလန်နောက်ခံလူ ဂျွန်စတုန်းစ်ကို လာမယ့်နွေရာသီမှာ ရောင်းချသွားဖို့ ပြင်ဆင်နေပါတယ်။ အသက် ၂၃ နှစ်ရှိ ဂျွန်စတုန်းစ်ကို အဲဗာတန်အသင်းကနေ အဲဒီအချိန်က ကမ္ဘာ့ ဒုတိယဈေးအကြီးဆုံး နောက်တန်းကစားသမားအဖြစ် ပေါင် ၄၇ ဒသမ ၅ သန်းနဲ့ မန်စီးတီးက ဝယ်ထားတာပါ။

လက်ရှိအချိန်မှာ စတုန်းစ်ရဲ့ တိုးတက်မှုဟာ နှေးကွေးနေတာကြောင့် နည်းပြ ဂွါဒီယိုလာက စိတ်ပျက်နေပြီး ကွန်ပနီ၊ အော်တာမန်ဒီနဲ့ လာပေါ်တေးတို့လည်း ရှိနေတာကြောင့် ရောင်းထုတ်ဖို့ ပြင်ဆင်နေတာပါ။ ဂျွန်စတုန်းစ်ကို လီဗာပူးနဲ့ အာဆင်နယ်အသင်းတို့က စိတ်ဝင်စားနေပြီး အခြေအနေကို စောင့်ကြည့်နေတယ်လို့ သိရပါတယ်။

DVB



# မြန်မာယူ – ၁၆ အမျိုးသမီးဘောလုံးအသင်း အပြီးသတ် လူစာရင်းထွက်ပေါ်

အာဆီယံယူ–၁၆ အ မျိုးသမီးချန် ပီယံရှစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့ လက်ရွေးစင်ယူ–၁၆ အမျိုးသမီး ဘောလုံးအသင်းအပြီးသတ် ကစားသမား ၂၃ ဦး ရွေးချယ်ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ ပလန်ဘမ်မြို့၌ မေလ ၁ ရက်မှ ၁၃ ရက် အထိ ကျင်းပမည့် ၂၀၁၈ အာဆီ ယံအမျိုးသမီးဘောလုံးပြိုင် ပွဲတွင် မြန်မာအသင်းက အုပ်စု(က)၌ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ မလေး ရှား၊ စင်ကာပူ အသင်းတို့နှင့် ကျရောက်နေသည်။ အုပ်စု(ခ)တွင် အိမ်ရှင်အင်ဒိုနီးရှား၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုအသင်းတို့ ပါဝင်သည်။

မြန်မာအမျိုးသမီးယူ–၁၆ အသင်းသည် အုပ်စုအဖွင့်ပွဲအဖြစ် မေလ ၁ ရက်တွင် ဗီယက်နမ် အသင်းနှင့် ယှဉ်ပြိုင်မည်ဖြစ်ပြီး မေလ ၅ ရက်တွင် မလေးရှား၊ ၇ ရက်တွင် စင်ကာပူ၊ ၉ ရက်တွင် ဖိလစ်ပိုင်အသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာယူ–၁၆ အမျိုးသမီး အသင်းကို ၂၀၁၇ က ဖွဲ့စည်းခဲ့သည့် မြန်မာယူ–၁၅ အမျိုးသမီး အသင်းကို အခြေခံဖွဲ့စည်းထားပြီး တိုင်းနှင့်ပြည်နယ်ပြိုင်ပွဲမှ ကစားသမားအချို့ အားဖြည့်ခေါ်ယူထားသည်။

အာဆီယံယူ–၁၆ အမျိုးသမီး ဘောလုံး ပြိုင်ပွဲတွင် ပွဲကစားချိန်ကို တစ်ပိုင်းလျှင် မိနစ် ၄၀ သာ ယှဉ်ပြိုင်ကစားရန် သတ်မှတ်ထားသည်။ ထို့အပြင် အကြိုဗိုလ်လုပွဲစဉ်များ၊ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲစဉ်များတွင် သာမန် ပွဲ ကစားအချိန်အတွင်း သရေကျနေပါက အချိန်ပိုဆက်လက်ယှဉ် ပြိုင်ကစားမည်မဟုတ်ဘဲ ပင်နယ် တီအဆုံးအဖြတ်ဖြင့် ဆုံးဖြတ်မည်ဖြစ်သည်။

မြန်မာယူ–၁၆ အမျိုးသမီး အသင်းကို နည်းပြချုပ်အဖြစ် ဒေါ် စန်းစန်းသိန်း၊ နည်းစနစ် ဒါရိုက်တာအဖြစ် ဒေါ် သက်သက်ဝင်း၊ လက်ထောက်နည်း ပြအဖြစ် ဒေါ်နွယ်နွယ်တိုး၊ ဂိုးနည်းပြအဖြစ် ဒေါ်မေခင်ယမင်းတို့က ဆောင်ရွက်နေသည်။

လာအိုနိုင်ငံ၌ ကျင်းပခဲ့သည့် ၂၀၁၇ အာဆီယံ ယူ–၁၆ အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းက တတိယဆု ရရှိထားသည်။

**မြန်မာယူ–၁၆ အမျိုးသမီးအသင်း အပြီးသတ် ကစားသမားစာရင်း**

ဂိုး– ပိုး ဉ၊ စိမ်းလဲ့လဲ့ဦး၊ ခင်မြတ်နိုး။


နောက်တန်း–မေသက်မွန်မြင့်၊ ဖူးဖူးဇင်ဇော်၊ မိုးစက်ခ၊ ဝင်းဝင်းလဲ့၊ နော်လာအေဝါး၊ ခိုင်သဇင်ဦး။

အလယ်တန်း – ဇင်မာထွေး၊ ဝေဖူးအိမ်၊ ပုံ့ပုံ့ပြည့်မောင်၊ ဖြူဖြူဝင်း၊ မေသွယ်ကို၊ မေသူခိုင်၊ ကေကေ၊ ဝင်းဝင်း၊ ဆောင်းနှင်းဖွေး။

ရှေ့တန်း – မြတ်နိုးခင်၊ ဆွေမာအောင်၊ ဆုပြည့်ပြည့်ကျော်၊ ဂျူလိုင်ချော၊ ထက်ထက်ဝင်း။

7 Day Daily






# လိဒ်ယူနိုက်တက်၊ MNL All Stars အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်းတို့ အထူးခြေစမ်းပွဲ ပြုလုပ်မည်

အင်္ဂလန် ချန်ပီယံရှစ်ကလပ် လိဒ်ယူနိုက်တက် အသင်း၊ MNL All Stars အသင်းနှင့် မြန်မာ့လက်ရွေး စင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည့် AYA Bank Tour ၂၀၁၈ အထူးခြေစမ်းပွဲစဉ်များကို လာမည့် မေလ ၉ ရက်နှင့် ၁၁ ရက်တို့တွင် ကျင်းပမည် ဖြစ်သည်။

အင်္ဂလန်ကလပ်အသင်းဖြစ်သော လိဒ်ယူနိုက်တက်အသင်းသည် မေလ ၉ ရက်နေ့တွင် MNL All Star အသင်းနှင့် ရန်ကုန်မြို့မှာ ခြေစမ်းပွဲ ကစားမည်ဖြစ်ပြီး မေလ ၁၁ ရက်နေ့တွင် မြန်မာအသင်းနှင့် မန္တလေးမြို့၌ ခြေစမ်းပွဲကစားမည် ဖြစ်သည်။

AYA Bank Tour ၂၀၁၈ အဖြစ်ခြေစမ်းပွဲများ လာရောက်ကစားမည့် လိဒ်ယူနိုက်တက် အသင်းတွင် လက်ရှိ အင်္ဂလန်ချန်ပီယံရှစ်တွင် ပါဝင်ကစားနေကြသည့် အဓိက ကစားသမားများ ပါဝင်လာမည်ဖြစ်ပြီး Pontus Jansson တို့လည်း ပါဝင်မည် ဖြစ်သည်။

လိဒ်ယူနိုက်တက် အသင်းပွဲစဉ်များအတွက် ကွင်းဝင်ကြေးများမှာ ၄၀၀၀ ကျပ်၊ ၃၀၀၀ ကျပ်၊ ၂၀၀၀ ကျပ် သတ်မှတ်ထားသည်။

အဆိုပါပွဲစဉ်များအား မြန်မာ့ဘောလုံးကစားသမားများ၊ တာဝန်ရှိသူများအနေဖြင့် နိုင်ငံတကာ အသင်းများ၊ ဥရောပ ကလပ်အသင်းများနှင့် ထိတွေ့ကျွမ်းဝင်ခြင်းဖြင့် နိုင်ငံတကာ အတွေ့အကြုံများ ရရှိစေရန်၊ တစ်ဦးချင်း ယုံကြည်မှုနှင့် စွမ်းရည် မြင့်မားလာစေရန် ရည်ရွယ်၍ ရောဝတီဘဏ်က စီစဉ်ပံ့ပိုး ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

AYA Bank Tour ၂၀၁၈ အထူးခြေစမ်းပွဲ အတွက် မိတ်ဆက် သတင်းစာရှင်းလင်းပွဲ အခမ်းအနားကို ဧပြီလ ၂၄ ရက်နေ့ (အင်္ဂါနေ့) မွန်းလွဲ (၂း၀၀)နာရီ၊ နိုဗိုတယ် ရန်ကုန် မက်စ် ရှိ Pathein Room ခန်းမတွင် ကျင်းပသွားမည်ဖြစ်သည်။

အသင်းပေါင်း ၂၄ သင်းပါဝင်ယှဉ်ပြိုင်လျက်ရှိသည့် အင်္ဂလန် ချန်ပီယံရှစ် ၂၀၁၈ ရာသီတွင် လိဒ်ယူနိုက်တက် အသင်းသည် လက်ရှိအချိန်ထိ ပွဲစဉ် ၄၃ ပွဲ ကစားပြီး ရမှတ် ၅၄ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၁၄)တွင် ရပ်တည်လျက်ရှိသည်။

လိဒ်ယူနိုက်တက် အသင်းသည် လက်ကျန် ပွဲစဉ်များ ဖြစ်သည့် ဧပြီ ၂၁ ရက်နေ့တွင် ဘန်စလေ၊ ဧပြီ ၂၈ တွင် နော်ဝစ်ချ် စီးတီး၊ မေလ ၆ ရက်နေ့တွင် ၊ အသင်းတို့နှင့် ပွဲစဉ်များကစားအပြီး မေလ ၇ ရက်နေ့တွင် မန်ချက်စတာမြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ ထွက်ခွာလာမည်ဖြစ်သည်ဟု MFF မှ ထုတ်ပြန်သည်။

mizzima

တိုက်ရိုက် အကြံပြုလိုပါက

ရုံးဖုန်း – ၀၈၃၄၀၃၄၁

ကြော်ငြာ ကိစ္စ ဆက်သွယ်လိုပါက

ဖုန်း – ၀၉၂၆၂၁၇၂၈၃၅

# ပီအက်ဖ်အေ အကောင်းဆုံး ဘောလုံးသမားဆုကို ဆာလက်ရရှိ လူငယ်ဘောလုံးသမားဆု ဆာနေးဆွတ်ခူး

ပရော်ဖက်ရှင်နယ် ဘောလုံးသမားများ အစည်းအရုံး (ပီအက်ဖ်အေ)က ပေးအပ်သော ၂၀၁၇–၁၈ ဘောလုံးရာသီအ တွက် အကောင်းဆုံး ဘောလုံးသ မားဆုကို လီဗာပူးတိုက်စစ်မှူး ဆာလက်က ရရှိပြီး လူငယ်အကောင်းဆုံး ဘောလုံးသမားဆုကို မန်စီးတီးတောင်ပံ ကစားသမား ဆာနေးက စပါးတိုက်စစ်မှူးဟယ် ရီကိန်းကို ကျော်ဖြတ်ကာ ရရှိခဲ့သည်။

တစ်နှစ်တာအကောင်းဆုံး အမျိုးသမီးဘောလုံးသမားဆုကို ချယ်လ်ဆီးမှ ဖရန်ကာဘီက ရရှိခဲ့ ပြီး တစ်နှစ်တာအကောင်းဆုံး အမျိုးသမီး လူငယ်ဘောလုံးသမားဆုကို ဘရစ္စတိုးစီးတီးမှ လော်ရန်းဟမ့်ပ်က ရရှိခဲ့သည်။

ဆာလက် (၂၅) နှစ်သည် ယင်းဆုကို မန်စီးတီးမှ ကီဗင်ဒီဘ ရိုင်၊ ဆာနေး၊ ဒေးဗစ်ဆေးလ်ဗား၊ ဟယ်ရီကိန်းနှင့် မန်ယူဂိုးသမား ဒီဂီယာတို့ကို ကျော်ဖြတ်ကာ ရရှိခြင်းဖြစ်သည်။

''ဒါကဂုဏ်ပြုမှုတစ်ခုဖြစ်ပြီး အထူးသဖြင့် ကစားသမားတွေက မဲပေး ရွေးချယ်တာကြောင့်ပါ။ ကျွန်တော်သိပ်ကို ပျော်ရွှင်ပြီး ဂုဏ်ယူမိပါတယ်'' ဟု ဆာလက်က ပြောသည်။





ဆာလက်၏ နည်းပြအဖြစ် ထမ်းဆောင်ခွင့်ရခြင်းအပေါ် ပျော်ရွှင်မိကြောင်း လီဗာပူးနည်း ပြ ဂျာဂန်ကလော့ပ်က ပြောကြား ပြီး ယခု ဆွတ်ခူးနိုင်ခဲ့ခြင်းသည် မယုံကြည်နိုင်စရာကောင်းသော ဂုဏ်ပြုမှုဖြစ်သည်ဟု ဆိုသည်။

အီဂျစ်လက်ရွေးစင် ဆာ လက်သည် ယခုနှစ်ရာသီပရီးမီး ယားလိဂ် ၃၃ ပွဲတွင် ၃၁ ဂိုးသွင်း ယူထားပြီး ဥရောပ ရွှေဖိနပ်ဆုအတွက် ဦးဆောင်နေသည်။

ဆာလက်သည် လိဂ်ဘော လုံးရာသီတစ်ခုအတွင်း ၃၁ ဂိုးသွင်းယူခဲ့သော နယူးကာဆယ် တိုက်စစ်မှူးဟောင်း အလန်ရှီး ယား၊ မန်ယူကစားသမားဟောင်း စီရော်နယ်ဒိုနှင့် လီဗာပူးတိုက်စစ်မှူးဟောင်း ဆွာရက်ဇ်တို့၏ စံချိန် ကို လိုက်မီခဲ့ပြီး ကျော်ဖြတ်ရန် အခြေအနေကောင်းနေသည်။

ထို့အပြင် ဆာလက်သည် ဘီဘီစီပရိသတ်များက ပေးအပ်သောဆုကိုလည်း ရရှိခဲ့သည်။

ပီအက်ဖ်အေဆုကို ၎င်း၏ ကစားသမား ကီဗင်ဒီဘရိုင် မရရှိသဖြင့် မပျော်ရွှင်ကြောင်း မန်စီး တီးနည်းပြ ဂွာဒီယိုလာက ပြောကြားသော်လည်း ယခုဆုကို ဆာလက်ဆွတ်ခူးခြင်းသည် အငြင်း ပွား၍ မရနိုင်ဟု ဆိုသည်။

''ဒီဆုကို ဒီဘရိုင်မရရင် ရတဲ့သူကို ဂုဏ်ပြုရမှာပါ။ ဒါပေမဲ့ကိုးလ၊ ၁၀ လအတွင်း ခြေစွမ်းကို ခွဲ ခြမ်းစိတ်ဖြာမယ်ဆိုရင် ကျွန်တော့်ယူဆချက်အရ ဒီဘရိုင်ထက် ကောင်းတာ တစ်ယောက်မှမရှိပါဘူး'' ဟု ဂွာဒီယိုလာက ပြောကြားသည်။

7 day daily




# လိဒ်ယူနိုက်တက် ခြေစမ်းပွဲ ကစားမည့်ကိစ္စ သတင်းစာ ရှင်းလင်းပွဲ ပြုလုပ်

အင်္ဂလန်ကလပ် လိဒ်ယူနိုက်တက်အသင်း လာရောက်ခြေစမ်းမယ့် ပွဲစဉ်နဲ့ပတ်သက်လို့ သတင်းစာရှင်းလင်းပွဲကို ဧပြီ ၂၄ ရက်က နိုဗိုတယ်ဟိုတယ်မှာ ပြုလုပ်ခဲ့ပါတယ်။ လိဒ်ယူနိုက်တက်အသင်းဟာ လာမယ့် မေလ ၉ ရက်မှာ MNL All Stars အသင်းနဲ့ ရန်ကုန်မြို့မှာ ကစားပြီးနောက် မေလ ၁၁ ရက်မှာ လက်ရွေးစင်အသင်းနဲ့ မန္တလေးမြို့မှာ ခြေစမ်းကစားမှာ ဖြစ်ပါတယ်။

ဒီပွဲစဉ်တွေနဲ့ပတ်သက်လို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ပွဲ ကစားကြေး မပေးဘဲ လေယာဉ်လက်မှတ်နဲ့ နေထိုင်းစားသောက်စရိတ်ပဲ ကျခံရတယ်လို @ MFF အတွင်းရေးမှူး ဦးကိုကိုသိန်းက ပြောပါတယ်။ လိဒ်အသင်း အုပ်ချုပ်မှုဒါရိုက်တာ အန်ဂတ်ကတော့ မိမိတို့အသင်းဟာ လူငယ်ကစားသမားကောင်းတွေ မွေးထုတ်ပေးနိုင်တဲ့ အသင်းဆိုတာ အားလုံးသိကြပြီး မြန်မာနိုင်ငံကို လာရောက်ကစားခွင့်ရလို့ ပျော်ရွှင်မိတယ်လို့ ဆိုပါတယ်။

ဒီပွဲတွေအတွက် လက်မှတ် ဈေးနှုန်းအဖြစ် ကျပ် ၄၀၀၀၊ ၃၀၀၀ နဲ့ ၂၀၀၀ သတ်မှတ်ထားပါတယ်။

DVB

# ချန်ပီယံလိဂ် ဆီမီးဖိုင်နယ် ဒုတိယပွဲ ရီးယဲလ် ၂ ဂိုး ၁ ဂိုးနဲ့နိုင်



Twitter / UEFA Champions League (Courtesy Image)

ကြာသပတေးနေ့ မနက်အစောပိုင်းက ကစားတဲ့ Champions League ဆီမီးဖိုင်နယ် ပထမအကျော့ ဒုတိယပွဲ ရီးယဲလ် မက်ဒရစ်နဲ့ ဘိုင်ယန်မြူးနစ်တို့ပွဲမှာ ရီးယဲလ်က အဝေးကွင်းမှာ ၂ ဂိုး ၁ ဂိုးနဲ့ အနိုင်ရသွားပါတယ်။

ဘိုင်ယန်မြူးနစ်ရဲ့ နောက်တန်းကစားသမား Joshua Kimmich က ပထမပိုင်း ၂၇ မိနစ်မှာ အဖွင့်ဂိုးသွင်းပြီး ဦးဆောင်နေခဲ့ပေမဲ့ ၄၃ မိနစ်မှာ ရီးယဲလ်အသင်း နောက်တန်းကစားသမား Marcelo Vieira က ချေပဂိုး ပြန်သွင်းတာကြောင့် ပထမပိုင်းအပြီးမှာ တဘက် ၁ ဂိုးစီ ဖြစ်နေခဲ့တာပါ။

ဒုတိယပိုင်းစအပြီး ၁၁ မိနစ်မှာတော့ ရီးယဲလ်အသင်းရဲ့ အလယ်တန်းကစားသမား Marco Asensio က ဒုတိယ ဂိုးသွင်းယူခဲ့ပြီး ပွဲပြီးသည်အထိ တဘက်နဲ့တဘက် ဂိုးထပ်မသွင်းနိုင်တာကြောင့် ရီးယဲလ်က ၂ ဂိုး ၁ ဂိုးနဲ့ အနိုင်ရသွားတာပဲ ဖြစ်ပါတယ်။

ဗုဒ္ဓဟူးနေ့မနက်အစောပိုင်းက ကစားတဲ့ ဆီမီးဖိုင်နယ် ပထမအကျော့ ပထမပွဲ လီဗာပူးလ်နဲ့ ရိုးမားတို့ပွဲမှာ အိမ်ရှင် လီဗာပူးလ်က ၅ ဂိုး ၂ ဂိုးနဲ့ အနိုင်ရသွားပါတယ်။

လီဗာပူးလ်အတွက်ဂိုးတွေကို ၃၄ မိနစ်နဲ့ ၄၄ မိနစ်မှာ Salah ၊ ၅၅ မိနစ်မှာ Mane ၊ မိနစ် ၆၀ နဲ့ ၆၇ မိနစ်တို့မှာ Firmino တို့က သွင်းယူခဲ့ပြီး ရိုးမားအတွက် ပထမချေပဂိုးကို မိနစ် ၈၀ မှာ Dzeko ကသွင်းယူပြီး ၈၄ မိနစ်မှာ Perotti က ပင်နယ်လ်တီကနေတဆင့် ဒုတိယဂိုးသွင်းယူခဲ့ပါတယ်။

လာမယ့် မေလ ၁ ရက်နေ့မှာ ဆီမီးဖိုင်နယ် ဒုတိယအကျော့ ပထမပွဲအဖြစ် ရီးယဲလ်နဲ့ ဘိုင်ယန်တို့ ရီးယဲလ်ကွင်းမှာ ကစားဖို့ရှိပြီး မေလ ၂ ရက်နေ့မှာ ရိုးမားနဲ့ လီဗာပူးလ်တို့ ရိုးမားကွင်းမှာ ကစားကြမှာ ဖြစ်ပါတယ်။

VOA



# ကယားပြည်နယ်လယ်ယာမြေခွန်ဥပဒေမှ သတ်မှတ်လိုက်သော အခွန်နှုန်းထားများ

မော်ဦးမြာ

မြေခွန်အမျိုးအစား

| စဉ် | မြေမျိုးကြီး | ကောက်ခံမည့်မြေခွန်နှုန်းထား | |
|---|---|---|---|
| | | ကျပ် | ပြား |
| ၁ | လယ်မြေ | ၁၀၀၀ | - |
| ၂ | ယာမြေ | ၅၀၀ | - |
| ၃ | ဥယျာဉ်ခြံမြေ | ၁၀၀၀ | - |
| ၄ | တောင်ယာ | ၃၀၀ | - |

**လယ်ယာမြေဆိုသည်မှာ**

လယ်မြေ၊ယာမြေ၊ ကိုင်းကျွန်းမြေ၊ တောင်ယာမြေ၊ နှစ်ရှည်ပင်စိုက်ပျိုးသောမြေ၊ ဓနိမြေ၊ ဥယျာဉ်မြေဟုသော်လည်းကောင်း၊ ဟင်းသီးဟင်းရွက်၊ ပန်းမန် စိုက်ပျိုးသည့် ခြံမြေဟုသော်လည်းကောင်း၊ မြေနုကျွန်းမြေဟုသော်လည်းကောင်း ၊ သတ်မှတ်သည့် မြေများကို ဆိုသည်။

ယင်းစကားရပ်တွင် မြို့နယ်နိမိတ် ၊ ကျေးရွာနယ်နိမိတ်အတွင်း ရှိလူနေအိမ်ရာများ၊ဘာသာရေးအဆောက်အဦးနှင့် ပရဝဏ်များ၊ အများ ပိုင်ဆိုင်၍ စိုက်ပျိုးရေးအတွက် အသုံးမပြုသောမြေများ မပါဝင်သည့် မြေယာများကို ဆိုလိုသည်။

**မြေခွန်အမျိုးအစားအလိုက် နှုန်းထားများ**

လယ်မြေ တစ်ဧက ၁၀၀၀ ကျပ်၊ ယာမြေ တစ်ဧက ၅၀၀ ကျပ်၊ ဥယျာဉ်ခြံမြေ တစ်ဧက ၁၀၀၀ ကျပ် ၊ တောင်ယာ တစ်ဧက ၃၀၀ ကျပ်

**မြေယာခွန် ကင်းလွတ်ခွင့်ပေးခြင်း**

– သဘာဝဘေးအန္တရာယ် ကျရောက်ခြင်းကြောင့် သီးနှံပျက်စီးခြင်း၊

– ပိုးမွှားတိရစ္ဆာန်များ ဖျက်ဆီးခံရခြင်းကြောင့် သီးနှံပျက်စီးခြင်း။

– မမျှော်မှန်းနိုင်သော အခြားအကြောင်းတရားများကြောင့် သီးနှံမစိုက်ပျိုးနိုင်ခြင်း သို့မဟုတ် ပျက်စီးခြင်း။

– သီးနှံဈေးနှုန်းအဆမတန်ကျဆင်းသဖြင့် တောင်သူများအရှုံးပေါ်ခြင်း။

**အထွေထွေ**

မြေယာခွန်ကောက်ခံခြင်းနှင့် စပ်လျဥ်း၍ အငြင်းပွားမှု သော်လည်းကောင်း၊ မကျေနပ်မှုသော်လည်းကောင်း ပေါ်ပေါက်ပါကအုပ်ချုပ်ရေးမှူးများသည် မြေယာခွန်အမှုတွဖွင့်လှစ်၍ ကြားနာခြင်းနှင့် ဆုံးဖြတ်ခြင်း ပြုရမည်။

ကယားပြည်နယ် မြေယာခွန်ဥပဒေသည် ဒုတိယအကြိမ်လွှတ်တော်သက်တမ်းအတွင်း စတုတ္ထမြောက်ပြဋ္ဌာန်းလိုက်သည့် ဥပဒေဖြစ်ပြီး ၂၀၁၈ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ကျင်းပသည့် နဝမအကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ပြဋ္ဌာန်းလိုက်ခြင်း ဖြစ်သည်။

# အိပ်ရာမဝင်မီ ရှောင်ရမည့် အစားအစာကိုးမျိုး

၁၊ ဆီနှင့်ကြော်လှော်ထားသော အစားအစာများကို ညအိပ်ရာဝင်ခါနီးတွင် မစားသင့်ပေ။ ဆီနှင့်အဆီများသော အစားအစာများသည် ပရိုတိန်းနှင့် ကာဗိုဟိုက်ဒရိတ်များထက် အစာကျေရန် နှေးကွေးသည်။ ယင်းအတွက် အိပ်ပျော်ရန် ကြိုးစားနေစဉ် ခန္ဓာကိုယ်က ၎င်းတို့ကို ခြေဖျက်ရန် အလုပ်လုပ်နေရသည်။ ၂။ ရေတ်သီးပါသော အစားအစာများကိုလည်း ရှောင်ရှားသင့် သည်။ ၎င်းတို့သည် ဗိုက်နာခြင်းဖြစ် စေနိုင်သလို ရင်ပူရင်ဆာဖြစ်နိုင်ပြီး အိပ်စက်ခြင်းကို နှောင့်ယှက်နိုင်သည်။ ၃၊ ကြက်ဆင်သားကဲ့သို့ ပရိုတိန်းဓာတ်အလွန်များသော အစားအစာများကြောင့်လည်း အိပ်မပျော် ဖြစ်နိုင်သည်။ ပရိုတိန်းကြောင့် dopamine ဓာတ်များ ထွက်လာသောကြောင့် ဖြစ်သည်။ ၄၊ အရက်သောက်ခြင်းကြောင့် အိပ်ချိန်တွင် အသည်းကို အလုပ်များစေပြီး နှလုံးခုန်မြန်စေသည်။ ယင်းအတွက် ခန္ဓာကိုယ်က နှစ်နှစ် ခြိုက်ခြိုက်အိပ်စက်မှု မရရှိပေ။ ၅၊ ကဖိန်းဓာတ်များပါဝင်သော ချောကလက်များသည် အိပ်ရာဝင်ခါနီး မစားသင့်သော အစားအစာ ဖြစ်သည်။ ချောကလက် တစ်အောင်စတွင် ကဖိန်း ၂၃ မီလီဂရမ်ခန့် ပါဝင်သည်။ ၆၊ အိပ်ခါနီးရေအများအပြားသောက်ခြင်းသည် အိပ်စက်ခြင်းကို အနှောင့်အယှက်ဖြစ်စေပြီး ခဏခဏ အပေါ့သွားရခြင်း ဖြစ်နိုင်သဖြင့် ညစာစားပြီးချိန် ရေများများသောက်ပြီးနောက်ပိုင်း ရေလျှော့ သောက်သင့်သည်။ ၇၊ ကော်ဖီသောက်သူများအနေဖြင့် မွန်းလွဲပြီးနောက်ပိုင်း ကော်ဖီသောက်သုံးမှု ရှောင်ရှားခြင်းဖြင့် ကောင်းစွာအိပ်စက်မှု ရရှိနိုင်သည်။ ၈၊ ကော်ဖီပါဝင်သော ရေခဲမုန့်သည် ကော်ဖီကဲ့သို့ပင် အိပ်စက်မှု အနှောင့်အယှက်ဖြစ်နိုင်သဖြင့် အိပ်ရာမဝင်မီ ရှောင်ရှားသင့်သည်။ ၉၊ ထို့အပြင် အားကစားလုပ်ပြီးချိန် သောက်သုံးသော အချိုရည် များတွင်လည်း ကဖိန်းဓာတ်အများ အပြားပါဝင်သဖြင့် အိပ်စက်ခြင်းကို ထိခိုက်နိုင်ပြီး ရှောင်ရမည့်စာရင်း၌ ပါဝင်သည်။

7 Day Daily







ဒို့ခေတ် မိသားစု လယ်ယာသုံးစက်နှင့် ဆောက်လုပ်ရေးသုံး ပစ္စည်းဆိုင်မှ တလနစ်ကြိမ် ထုတ် Kantarawaddy Times ဂျာနယ်ကို လစဉ် အစောင် (၄၀) ဖြ လစာကို လှူဒါန်းသည်။